# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 17 March 2024 ၁၁၄၀၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကျောက်ဆည်မြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးရေများ ပေးဝေနေမှုကို တွေ့ရစဉ်။

## ကျောက်ဆည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ရေရရှိရေးနည်းလမ်းများအလိုက် နွေစပါး၊ နွေနှမ်း၊ မိုးကြိုပဲတီစိမ်း၊ မိုးကြို့ဝါ စုစုပေါင်း ၄၁၆၈၅ ဧက လျာထားစိုက်ပျိုး

ကျောက်ဆည် မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဇော်ဂျီဆည်၊ ကင်းတားဆည်၊ မြေအောက်စက်ရေတွင်းများ၏ ရေရရှိရေး နည်းလမ်းများအလိုက် နွေစပါး၊ နွေနှမ်း၊ မိုးကြိုပဲတီစိမ်းနှင့် မိုးကြို့ဝါ စုစုပေါင်း ၄၁၆၈၅ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ရွှေစက်တော် ဘုရားပွဲရာသီတွင် ရှားပါးမျိုးစိတ်စာရင်းဝင် မြန်မာ့ကြယ်လိပ်များအား လာရောက်ကြည့်ရှုလေ့လာနိုင်



မင်းဘူး မတ် ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်ရှိ ရှားပါးမျိုးစိတ်စာရင်းဝင် ဒေသရင်းမျိုးစိတ် Endemic Species မြန်မာ့ကြယ်လိပ်များအား ရွှေစက်တော် ဘုရားပွဲရာသီအတွင်း လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ရွှေစက်တော် ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထံမှ သိရသည်။

ရွှေစက်တော်ဘေးမဲ့တောရှိကြယ်လိပ်များသည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသတွင်သာတွေ့ရသော ဒေသရင်းဖွား မျိုးစိတ်ဖြစ်သည်။ စာမျက်နှာ ၃ ကော်လံ ၅ သို့ ❂

ရွှေစက်တော် ဘေးမဲ့တောရှိ ရှားပါးမျိုးစိတ်စာရင်းဝင် မြန်မာ့ကြယ်လိပ်များကို တွေ့ရစဉ်။


ယနေ့ ဖတ်စရာ

**နိုင်ငံခြားရေးဝန်ကြီးဌာန၏ စိန်ရတုအလွန် ၇၇ နှစ်တာခရီး**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်)ဆင့်မနေ့တွင် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၅၁၂၅ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၃၅၁၀ ရှိ**

စာမျက်နှာ » ၈





ကြေးမုံ

# တပ်မတော်နှင့်အတူလက်တွဲ ပြည်ထောင်စုကြီးအစွန့်ရှည်ခိုင်မြဲ

မြန်မာနိုင်ငံတွင် အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်တစ်ရပ်ကို ခိုင်မာစွာတည်ဆောက်ခဲ့ခြင်းမရှိသောကြောင့် အင်အားသာလွန်သည့် တိုင်းတစ်ပါး နယ်ချဲ့တို့၏လက်အောက်သို့ နှစ်ပေါင်းတစ်ရာကျော်ကျရောက်ခဲ့ဖူးသည်။ ထို့နောက် အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများ၊ တစုတစည်းတည်းဖွဲ့စည်းခဲ့သည့် တပ်မတော်နှင့် ပြည်သူများ၏ လက်တွဲပူးပေါင်းဆောင်ရွက်မှုများဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။

နိုင်ငံတော်အတွက် လွတ်လပ်ရေးကို ပြန်လည်ရယူရာတွင် လွယ်လွယ်ကူကူ ရရှိခဲ့ခြင်းမဟုတ်ပေ။ အချိန်တိုကာလအတွင်း ရယူခဲ့ခြင်းလည်းမဟုတ်ပေ။ တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်ခဲ့ခြင်းလည်းမဟုတ်ပေ။ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့သော၊ အသက်သွေးပေါင်းများစွာကျခဲ့ရသော၊ တိုင်းရင်းသားပြည်သူ အထောင်အသောင်းတို့ ပူးပေါင်းလက်တွဲလှုပ်ရှားခဲ့ကြရသော၊ ပင်ပန်းကြမ်းတမ်း စွန့်လွှတ်ပေးဆပ်ခဲ့ရပြီး ရေရှည်အနစ်နာခံခဲ့ရသော လွတ်လပ်ရေးကို ပြန်လည် ရရှိခဲ့ခြင်းဖြစ်သည်။

ဆုံးရှုံးခဲ့သောလွတ်လပ်ရေးကို နှစ်ပေါင်းရှည်ကြာစွာပေးဆပ်ရယူခဲ့ကြသလို ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နှစ်ပေါင်းရှည်ကြာတည်တံ့ ခိုင်မြဲနေစေရန်လည်း တစ်မျိုးသားလုံး၏ စုစည်းညီညွတ်သောအင်အားဖြင့် ကာကွယ်စောင့်ရှောက်နိုင်မှသာ နှစ်ပေါင်းထောင်သောင်းချီ အစွန့်ရှည်မည်ဖြစ် သည်။ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲ အစွန့်ရှည်စေရန်အတွက် နိုင်ငံသားတိုင်းအားလုံးတို့က တပ်မတော်နှင့်အတူ လက်တွဲ၍ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းကြောင်းတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)၊ မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) တို့ကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ ဖွဲ့စည်းထူထောင်ပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ကူညီမှုဖြင့် နယ်ချဲ့နှင့်ဖက်ဆစ်တို့ကို တွန်းလှန်ဖယ်ရှားနိုင်ခဲ့ပြီး တိုင်းရင်းသားပြည်သူများအားလုံး၏ တစုတစည်း တည်း အင်အားကိုထုတ်ဖော်ပြသကာ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုကို လက်ဝယ်ပိုင်ပိုင်ပြန်လည်ရယူနိုင်ခဲ့သည်။

သို့သော် လွတ်လပ်ရေးပြန်လည်ရရှိပြီးသည့်အခါတွင် အာဏာရနိုင်ငံရေး ပါတီများအတွင်း ဂိုဏ်းဂဏကွဲပြားမှု၊ အချင်းချင်းမညီညွတ်မှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်ပြားလာခဲ့သည်။ လွတ်လပ်ရေးရပြီး ကာလတစ်လျှောက်တွင် တိုင်းပြည်၌ လက်နက်ကိုင်သောင်းကျန်းမှုများ ဖြစ်ပေါ် ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းချမှတ်ပေးခဲ့သည့်ရည်မှန်းချက်များ ပျောက်ကွယ် မေးမှိန်ခြင်းဖြစ်ရုံသာမက ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမည့်အန္တရာယ်များ အကြိမ်ကြိမ်ပေါ်ပေါက်လာသောကြောင့် တပ်မတော်သည် နိုင်ငံ့တာဝန်များကို မလွှဲမရှောင်သာယူခဲ့ရသည်။

တပ်မတော်သည် နိုင်ငံ့တာဝန်များကိုယူခဲ့သော်လည်း ပြည်သူများ၏ဆန္ဒကို မျက်ကွယ်မပြုဘဲ တိုင်းရင်းသားပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပြီး ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော် တပ်မတော်အပေါ် အမုန်းတရားအာဃာတများဖြင့် တစိုက်မတ်မတ် သွေးထိုးလှုံ့ဆော်နေသော အမျိုးသားသစ္စာဖောက်များ၏ ပယောဂကြောင့် အချင်းချင်းစိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများ ယနေ့ထက်တိုင် ဖြစ်ပေါ်နေသည်ကို တိုင်းရင်းသားပြည်သူအားလုံး ကြုံတွေ့နေရသည်။ ပဋိပက္ခ များ၏ဆိုးမွေများကို ပြည်သူအားလုံးခံစားနေကြရသည်။

ထို့ကြောင့် တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေး တာဝန်အဖြစ် ထာဝစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက် ရှိသည်။ နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက် ရာတွင် ပြည်သူများက အားမာန်အပြည့်အဝဖြင့် ပါဝင်ဆောင်ရွက်ကြခြင်း၏ အကျိုးရလဒ်များကို သမိုင်းကြောင်းတစ်လျှောက်တွင် ရရှိခဲ့ကြပြီးဖြစ်သည်။ နိုင်ငံ တော်နှင့်တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဆောင်ရွက်ရာ တွင် နယ်မြေဒေသအားလုံး အဖျက်ရန်စွယ်အန္တရာယ်မှန်သမျှ ကင်းရှင်းရန်လိုအပ်သည်။

နိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းသာယာဝပြောပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် တပ်မတော် သည် တိုင်းရင်းသားပြည်သူများနှင့်အတူလက်တွဲပြီး သောင်းကျန်းသူအဖျက် သမားများကို ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်သည်။ ပြည်သူများလိုလားသည့် တည်ငြိမ်အေးချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် အဖျက်အန္တရာယ်များကို ရှင်းလင်းဖယ်ရှားရာတွင် တပ်မတော်၏ ထက်မြက် သော တိုက်စွမ်းရည်နှင့် တိုင်းရင်းသားပြည်သူများ၏ နိုးကြားတက်ကြွသော ပူးပေါင်းပါဝင်မှုသည် အောင်မြင်မှုပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အဖျက်သမားသောင်းကျန်းသူများ ချုပ်ငြိမ်းရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများကလည်း တပ်မတော်နှင့်အတူ စဉ်ဆက်မပြတ်ပူးပေါင်း ပါဝင်လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော် သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက် မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ပြုလုပ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ၊ ပုဒ်မခွဲ (ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး (၁၃-၃-၂၀၂၄)ရက်နေ့တွင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းအား အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ်(၃၁/၂၀၂၄)ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာအရ မည်သူမဆို ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ်လျှောက်ထားပြီးမှ လုပ်ကိုင်ရမည်ဖြစ်ပါသည်။ မှတ်ပုံတင်လက်မှတ်ကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်ပြီး (၁)လပြည့်မြောက်သည့်နေ့မှစ၍ လျှောက်ထားရန်နှင့် မှတ်ပုံတင်လက်မှတ်အား (၁)နှစ်သက်တမ်း ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။ မှတ်ပုံတင်လက်မှတ်လျှောက်ထားရမည့် လုပ်ငန်းအမျိုးအစားများမှာ -

(က) ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ရုံတည်ထောင်ခြင်း၊

( ခ ) ရုပ်ရှင်ဆိုင်ရာ အက်ပလီကေးရှင်းများ လွှင့်တင်ခြင်း၊

( ဂ ) ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းတို့ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းတစ်မျိုးမျိုး လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံးမှတစ်ဆင့် ဤဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်အမှတ်(၃၂/၂၀၂၄) အခန်း(၂)အရ သတ်မှတ်ပုံစံနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်။

မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်လက်မှတ်ရရှိသူသည် ဆက်သွယ်ရေးကွန်ရက် ကို အသုံးပြု၍ ထုတ်လွှင့်ပြသမည့်ရုပ်ရှင်ကားကို ရုပ်ရှင်ကားစိစစ်ရေးအဖွဲ့ထံ တင်ပြစိစစ်မှုမပြုဘဲ ထုတ်လွှင့်ပြသခြင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းတို့ ဆောင်ရွက်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခြင်းခံရပါမည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း ၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ညောင်တုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ညောင်တုန်း မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း မြို့နယ်တွင် ပန်းခင်း(၃) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများပြုလုပ်ပေးခြင်း ကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာအုပ်စုများတွင် အသက် ၁၆ နှစ်နှင့်အထက် ကိုင်ဆောင် လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ် ရေးကတ်ပြားပြုလုပ်ပေးခြင်း၊ အိမ်ထောင် စုလူဦးရေစာရင်းမရှိသည့် စဉ်ဆက်မပြတ် အမြဲနေထိုင်သူများအား ငါးဦးကော်မတီ ဖြင့်စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်း နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင် သူများအား သက်ဆိုင်ရာမြို့နယ်များနှင့် ချိတ်ဆက်ညှိနှိုင်းပယ်ဖျက်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

■


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး (၇၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်-မလစ်-အဝိုင်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

နေပြည်တော် မတ် ၁၆

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မုဆိုးညောင်ပင်-မလစ်-အဝိုင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဖွင့်ပွဲနေရာ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ပြောကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီး က နိုင်ငံတော်အစိုးရ အနေဖြင့် မြို့ပြနှင့် ကျေးလက်အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး မွေးမြူရေး ထုတ်ကုန်ထွက်ကုန်များနှင့် အခြားကုန်စည်များကို ဈေးကွက်သို့ တစ်နှစ်ပတ်လုံး သယ်ပို့ရောင်းချနိုင်ရန်အတွက် ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် လမ်းများလိုအပ်ပါကြောင်း၊ ယခုဖွင့်လှစ်သည့် ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပေးနိုင်မှုကြောင့် လှည်းကူးမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာ ၁၇ ရွာမှ အိမ်ခြေ ၂၇၈၃ အိမ်၊ လူဦးရေ ၁၄၅၈၃ ဦး တို့ကို တိုက်ရိုက်အကျိုးခံစားမှု ရရှိသည့်အပြင် ကျေးရွာများ၏ စိုက်ပျိုးမြေ ဧက ၉၀၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ဒေသခံပြည်သူများအနေဖြင့် ဆောင်ရွက်ပြီးလမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရန် အတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်တို့က မုဆိုးညောင်ပင်-မလစ်-အဝိုင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအားကြည့်ရှုစစ်ဆေးသည်။

မုဆိုးညောင်ပင်-မလစ်-အဝိုင်း ကျေးရွာချင်းဆက်လမ်းသည် လမ်းအရှည် ပေ ၅၂၈၀ ၊ လမ်းအကျယ် ၁၆ ပေရှိကာ ယခင်က ကျောက်လမ်းအဆင့်ဖြစ်ပြီး ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၇၅၃ ဒသမ ၁၉ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းခံနိုင်ဝန်အနေဖြင့် ယာဉ်တစ်စီးချင်း အလေးချိန် တန် ၂၀ ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာသို့ ရောက်ရှိရာ ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျေးရွာကော်မတီဝင်များ၊ ဒေသခံတောင်သူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျေးရွာများတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကျေးရွာတောင်သူများကလည်း ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရဲမွန်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေမှ အစုအဖွဲ့စနစ်ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ကျေးရွာ ICT စင်တာ ဖွင့်လှစ်ထားရှိမှုနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ထားရှိမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ကြီးဌာနပိုင်အဆောက်အအုံများနှင့် သရက်စိုက်ခင်းများ၏ မီးတားလမ်းနှင့် ဝန်ထမ်းသက်သာပိုင် သရက်ပင်စိုက်ပျိုးထားရှိမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးထွန်းအုံသည် ယမန်နေ့ညနေပိုင်းက ဝန်ကြီးဌာန ရုံးအဆောက်အအုံများအတွက် မီးတားလမ်းဖောက်လုပ်ထားရှိမှုနှင့် သရက်ပင်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ယခုအချိန်ကာလသည် ပွင့်လင်းရာသီရောက်ရှိလာပြီး ဖြစ်သည့်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရေး အထူးအလေးထား ဆောင်ရွက်ကြရန်၊ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အဆင့်ဆင့် သတိပေးကြပ်မတ်ဆောင်ရွက်သွားရန်၊ သရက်စိုက်ခင်းများ စနစ်တကျ ပြုစုထိန်းသိမ်း၍ အထွက်နှုန်းတိုးအောင် စီမံဆောင်ရွက်ရန်နှင့် ထွက်ရှိလာမည့်သရက်သီးများ အလေအလွင့်မရှိစေရေး ကြပ်မတ် ဆောင်ရွက်သွားရန် တို့ကို မှာကြားသည်။



ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ဝန်ထမ်းသက်သာပိုင် သရက်ခြံများတွင် စိန်တစ်လုံးသရက်ပင် ၁၂၁၃၅ ပင်နှင့် ပတ္တမြားငမောက် သရက်ပင် ၇၀၀၊ စုစုပေါင်းသရက်ပင် ၁၂၈၃၅ ပင် စိုက်ပျိုးထားပြီး အဆိုပါသရက်ခြံများမှရရှိသည့် သရက်သီးရောင်းချငွေများဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❂ ရှေ့ဖုံးမှ

မြန်မာ့ကြယ်လိပ် (ခ) ပင့်ကူလိပ် Burmese Star Tortoise များကို ဒေသသုံးအမည်များအဖြစ် မြလိပ်၊ ဆီချိုလိပ်၊ တောင်ပုံလိပ်နှင့် နတ်လိပ်ဟူ၍လည်း ခေါ်ဆိုကြပြီး၊ ၂၀၀၄ ခုနှစ်မှစတင်ကာ မန္တလေး ရတနာပုံဥယျာဉ်၊ လောကနန္ဒာ ဘေးမဲ့တော၊ မင်းစုံတောင် ဘေးမဲ့တော၊ ရွှေစက်တော် ဘေးမဲ့တောတို့တွင် ခြံခတ်မွေးမြူခြင်းကို သစ်တောဦးစီးဌာန သားငှက်တိရစ္ဆာန်အဖွဲ့နှင့် လိပ်မျိုးရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကာ မွေးမြူခဲ့ကြကြောင်း သိရသည်။

ကြယ်လိပ်များကို ကျေးလက်တောရွာများတွင် နေထိုင်ကြသူများက အမဲလိုက်ခွေးများ အသုံးပြု၍ စားသုံးရန် ရှာဖွေဖမ်းဆီးသတ်ဖြတ်ခြင်း၊ တောခွေးများက ဖမ်းဆီးကိုက်ဖြတ် စားသောက်ခြင်း၊ ကြယ်လိပ်များကို အိမ်အလှမွေးတိရစ္ဆာန်အဖြစ် တွင်ကျယ်စွာမွေးမြူလာကြပြီး တရားမဝင် ရောင်းဝယ်မှုများရှိခြင်း၊ လိပ်များကျက်စားသည့်နယ်မြေရှိ သစ်တော၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေပြုလုပ်လာခြင်းနှင့် သားရဲတိရစ္ဆာန်များ၏ အန္တရာယ်မှကာကွယ်ရန် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်မှ ဝန်ထမ်းများက ကြယ်လိပ်အကောင်ရေ ၂၀၀၀ ကျော်ကို ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်၍ ရွှေစက်တော် ဘုရားပွဲတော်ရာသီတွင် ဘုရားဖူးရင်း ကြယ်လိပ်များပါ လေ့လာကြည့်ရှုနိုင်ကြကြောင်း ရွှေစက်တော်ဘေးမဲ့တောဥယျာဉ် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းက ပြောသည်။

ဧယျာထက်(မင်းဘူး)

❖ ကျောက်ဆည်မြို့နယ်မှ

နွေသီးနှံများစိုက်ပျိုးရာတွင် နွေစပါးများကို ဇော်ဂျီဆည်ရေသောက်စနစ်မှ မင်းရဲ၊ သင်းတွဲ၊ တမုတ် မြောင်းရေများဖြင့် ဧက ၁၀၀၀ ၊ မြေအောက်ရေ စက်ရေတွင်းဖြင့် ၅၃ ဧက၊ နွေနှမ်းများကို ဇော်ဂျီ ဆည်ရေသောက်စနစ်မှ မင်းရဲ၊ သင်းတွဲ၊ ငပြောင်၊ ဇီးတော၊ နွားတက်၊ တမုတ်၊ အထက်လင်းဇင်း မြောင်းရေများဖြင့် ၂၃၃၇၃ ဧက၊ ကင်းတားဆည်ရေသောက်စနစ်မှ သင်းဒီး၊ ထုံးကြီး၊ စမာမြောင်းရေများဖြင့် ၇၁၆၉ ဧက၊ မိုးကြိုးပဲတီစိမ်းများကို ဇော်ဂျီဆည်ရေသောက်စနစ်မှ မင်းရဲ၊ သင်းတွဲ၊ ငပြောင်၊ ဇီးတော၊ နွားတက်၊ တမုတ် မြောင်းရေများဖြင့် ၈၉၀၈ ဧက၊ ကင်းတားဆည်ရေသောက်စနစ်မှ ထုံးကြီး၊ စမာ မြောင်းရေများဖြင့် ၁၀၉၉ ဧက၊ မိုးကြိုဝါများကို ကင်းတားဆည်ရေသောက်စနစ်မှ သင်းဒီမြောင်းရေများဖြင့် ၈၃ ဧက၊ မြေအောက်ရေစက်ရေတွင်း နှစ်ဧက စုစုပေါင်း ၄၁၆၈၇ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေသီးနှံများပျိုးထောင်စိုက်ပျိုးရာမှစတင်၍ ရိတ်သိမ်းချိန်အထိ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေများကိုဖေဖော်ဝါရီလမှစ၍ မတ်လအထိ ရေပေးမြောင်းများအလိုက် အလှည့်ကျစနစ်ဖြင့် ပြည့်ဝစွာပေးဝေလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၆

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# မန္တလေးမြို့ရှိ ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၁၆

မန္တလေးမြို့ရှိ ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များ၊ ဝါလုပ်ငန်းရှင်များ၊ မန္တလေးစက်မှုဇုန်နှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက "ဆီထွက်သီးနှံ၊ စက်မှုသီးနှံနှင့် နို့ထွက်ပစ္စည်း တိုးချဲ့ထုတ်လုပ်ရေး" ညှိနှိုင်းဆွေးနွေးပွဲနှင့် "ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲ" တို့တွင် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှာကြားခဲ့သည့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး လက်ရှိအချိန်တွင် ပြည်တွင်း၌ ဝါစိုက်ပျိုးထွက်ရှိမှုသည် တစ်မျိုးသားလုံး လိုအပ်ချက်အပေါ် ပြည့်မီလုံလောက်စွာ စိုက်ပျိုးထွက်ရှိသော်လည်း ထွက်ရှိသည့် ဝါကုန်ကြမ်းများကို အကုန်အစင် ကြိတ်ခွဲထုတ်လုပ်နိုင်ရန် ဝါကြိတ်စက် (Double Roller Gin) အရေအတွက် လုံလောက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ဝါကြိတ်စက်(Double Roller Gin)များကို ပြည်ပမှ မှာယူတင်သွင်းမည့်အစား ပြည်တွင်းရှိ စက်မှုဇုန်များ၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျှင် ပြည်တွင်းစက်မှုဇုန်များတွင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည့်အပြင် ဝါကြိတ်စက် ထုတ်လုပ်ရောင်းချနိုင်သည့် နည်းပညာတစ်ရပ်ကိုလည်း ရရှိမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲရမှုကို လျှော့ချနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း။

ထို့အတူ ကြိတ်ခွဲရရှိလာသည့် ဝါဂွမ်းများကိုလည်း ချည်မျှင်ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်တွင်းချည်မျှင်ထုတ်လုပ်နိုင်မှုသည် တစ်မျိုးသားလုံး လိုအပ်ချက်၏ ၃၃ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်သေးသဖြင့် ချည်မျှင်ထုတ်လုပ်သည့်စက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထပ်မံတည်ဆောက်သည့် ချည်မျှင်စက်ရုံများမှ ထုတ်လုပ်သည့် ချည်အမျိုးမျိုးကို ပြည်တွင်း MSME လုပ်ငန်းရှင်များအား ဖြန့်ဖြူးရောင်းချပေးခြင်းဖြင့် ပြည်တွင်း၌ပင် လွယ်ကူလျင်မြန်ချောမွေ့စွာ မှာယူသုံးစွဲနိုင်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ ငွေကြေးကုန်ကျမှု ပိုမိုသက်သာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း။

ချည်ထုတ်လုပ်ရေး တိုးမြှင့်ဆောင်ရွက်ပြီးလျှင် ပိတ်ထုတ်လုပ်ရေးကိုလည်း ထပ်မံတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် စက်ကိရိယာများ တိုးချဲ့တပ်ဆင်ရေး စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ချည်ထုတ်လုပ်ရာတွင် လူသုံးများသည့် ၁/၄၀ ချည်များ အဓိကထား၍ ထုတ်လုပ်နိုင်ရေး ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ၁/၄၀ ချည်ထုတ်လုပ်နိုင်သည့် (က)အဆင့် ဝါကုန်ကြမ်းများ ထွက်ရှိအောင် ဝါမျိုးကောင်းမျိုးသန့်များဖြင့် ဦးစားပေးစိုက်ပျိုးနိုင်ရေး ဝါစိုက်တောင်သူများအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများကို တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝါစိုက်တောင်သူများအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်တွင်းစက်မှုဇုန်လုပ်ငန်းရှင်များကလည်း လိုအပ်သည့် စက်ပစ္စည်းများကို တီထွင်ကြံဆ၍ ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ ချည်မျှင်နှင့် အထည်စက်များကို ထပ်မံတိုးချဲ့ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေး တိုးတက်ကောင်းမွန်လာအောင် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဝါစိုက်ဧကနှစ်သိန်း စိုက်ပျိုးနိုင်အောင် ရည်မှန်းချက်ထားဆောင်ရွက်နေမှု၊ တောင်သူများအတွက် လိုအပ်သောဝါမျိုးကောင်းမျိုးသန့်များ အခမဲ့ဖြန့်ဖြူးပေးနေမှု၊ ပြည်တွင်း၌ ဝါကြိတ်စက်များ ထုတ်လုပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝါလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ချေးငွေရရှိရေး ကိစ္စရပ်များကို တင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဝါစိုက်တောင်သူများကို အသိပညာနှင့် နည်းပညာများ ဖြန့်ဝေပေးရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပြည်သူများ အလုပ်အကိုင်ရရှိရေး၊ စားဝတ်နေရေးကိစ္စရပ်များ ဖူလုံစေရေးအတွက် စိုက်ပျိုးမွေးမြူရေးထွက်ကုန်အခြေခံကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ မန္တလေးစက်မှုဇုန်တွင် အတွေ့အကြုံရှိ ကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ များစွာရှိ၍ တစ်နိုင်တစ်ပိုင် ဝါကြိတ်စက်များ ထုတ်လုပ်ရေး ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဥက္ကာလွင် ဝါစေ့ဆီထုတ်လုပ်သည့်စက်ရုံ၊ စိုးလွင်စက်မှုလုပ်ငန်း၊ သီဟအောင်ဝါစေ့ဆီ ထုတ်လုပ်သည့်စက်ရုံ၊ AKT ဝါစေ့ဆီ ထုတ်လုပ်သည့်စက်ရုံ၊ ရွှေခေတ် ဝါကြိတ်စက်ရုံနှင့် CYT ချည်မျှင်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သနပ်ပင်မြို့နယ်၌ ပထမသီးနှံ နွေစပါးရိတ်သိမ်းနေမှုနှင့် ဒုတိယသီးနှံ နွေစပါးစိုက်ပျိုးနေမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး မတ် ၁၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မတ် ၁၅ ရက် မွန်းလွဲပိုင်းက သနပ်ပင်မြို့နယ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်ထားမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နွေစပါးစိုက်တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ရာ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုက်ပဒိုင်ကြီးကျေးရွာ ရေကြီးရေနက်ကွင်း၌ လယ်သမားတာ Check Gate တည်ဆောက်ပေးခြင်းဖြင့် ဒေသခံတောင်သူများ တစ်နှစ်နွေစပါးနှစ်သီးမှ ပထမသီးနှံ နွေစပါးရိတ်သိမ်းနေမှုနှင့် ဒုတိယသီးနှံ နွေစပါးကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးနေမှုတို့ကို သွားရောက်ကြည့်ရှု အားပေးသည်။

အဆိုပါ သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာရှိ ရေကြီးရေနက်ကွင်း၌ ယခင်က ရေကျနောက်စိုက်အဖြစ် လယ်မြေအနည်းငယ်သာ စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုအခါ လယ်မြေဧရိယာ ဧက ၂၀၀၀ တွင် တစ်နှစ် နှစ်သီး နွေစပါးစိုက်ပျိုးနိုင်ခဲ့ပြီး သီးထပ်စွမ်းအား တိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် လာမည့်ဘဏ္ဍာနှစ်တွင် လှည်းလမ်းရိုး၊ တာကျဉ်းမြောင်းရိုးနှင့် ဆင်ဖြူးရိုး Check Gate များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်ကာ ကျိုက်ပဒိုင်ကြီးကျေးရွာ၌ လယ်မြေ ဧရိယာ ၁၃၂၂ ဧက ထပ်မံတိုးတက် စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ Cluster အဖွဲ့ချုပ်ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ Cluster အဖွဲ့ချုပ်ဖွဲ့စည်းခြင်း အခမ်းနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိသိမ်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပေးပို့သည့် သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ညွန့်က ဖတ်ကြားရာတွင် "ဖိနပ်လုပ်ငန်း တစ်ခုချင်းစီ၏ အင်အားများကို စုစည်း၍ ဖိနပ်လုပ်ငန်းအစုအဖွဲ့အလိုက် စုပေါင်းစွမ်းအားကို တည်ဆောက်နိုင်ခြင်းဖြင့် ဖိနပ်လုပ်ငန်းရှင် တစ်ဦးတစ်ယောက်တည်းဖြင့် မအောင်မြင်မရယူနိုင်သော ဈေးကွက်အခွင့်အလမ်းများကို အစုအဖွဲ့၏စုစည်းအားဖြင့် ရယူထိုးဖောက်နိုင်ခြင်း၊ ဖိနပ်လုပ်ငန်းရှင်များ တွေ့ကြုံနေရသည့် အခက်အခဲနှင့် အတားအဆီးများကို အစုအဖွဲ့လိုက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း" ပါရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးကံညွှန့်က မြန်မာနိုင်ငံလုံးဆိုင်ရာ Cluster ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ချုပ် ဖွဲ့စည်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ Cluster ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ ရွေးချယ်တင်မြှောက်ခြင်းကို သဘာပတိအဖွဲ့က အတည်ပြုချက်ရယူ၍ ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကံညွှန့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး MSME Cluster ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် ၂၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မိုး/ဇလ

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဂေါပကအဖွဲ့ အုပ်ချုပ်သူ နှစ်ဦး၊ အဖွဲ့ဝင် ၂၆ ဦး စုစုပေါင်း ၂၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ယင်းနောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

**လေ့လာကြည်ညို**

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဗ္ဗန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ စာအောင်ဆုနှင်းသဘင် အခမ်းအနား ကျင်းပမည်

**နေပြည်တော် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူး၍ (၉၂)ကြိမ်မြောက် ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲတွင် စာဖြေအောင်မြင်တော်မူကြသော စာအောင်သံဃာတော်အရှင်မြတ်များအား စာအောင်ဆုနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကို ပုဗ္ဗန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ မတ် ၁၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

**ကျင်းပသွားမည်**

အဆိုပါ အခမ်းအနားတွင် စာအောင်သံဃာတော် အရှင်မြတ် ၁၈၁ ပါးတို့အား စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး အလှူရှင်များ၏ လှူဒါန်းမှု အစုစုတို့ကို ရေစက်ချအမျှပေးဝေသည့် အောင်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုံအလှူပွဲကြီးတွင် အလှူရှင်သူတော်စင်များအနေဖြင့် စာချတန်း (ဝိနယပါရဂူ) တစ်ကျမ်းလျှင် အလှူငွေကျပ် ၄၀၀၀၀၊ အကြီးတန်း(ဝိနယဝိသာရဒ) တစ်ပါးလျှင် အလှူငွေကျပ် ၆၀၀၀၀၊ အလတ်တန်း(ဝိနယဆေက) တစ်ပါးလျှင် အလှူငွေကျပ် ၄၅၀၀၀၊ အငယ်တန်း (ဝိနယကောသလ္လ) တစ်ပါးလျှင် အလှူငွေကျပ် ၃၀၀၀၀၊ မူလတန်း (သာမဏေရဝိနယမူလ) တစ်ပါးလျှင် အလှူငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

## ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကွင်းဆင်းဆေးကုသပေး

**ကျိုင်းတုံ မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် အနီးတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ သက်ရှည်ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက် ကုသပေးခြင်းကို မတ် ၁၅ ရက်မှ ၁၆ ရက်အထိ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက ကျိုင်းတုံမြို့ ခုတင်(၂၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပါမောက္ခ/အထူးကုဆရာဝန်ကြီး ၁၂ ဦးနှင့် မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့ လေးဦး ပါဝင်သော ကျန်းမာရေးစောင့်ရှောက်ကုသရေးအဖွဲ့သည် ကျိုင်းတုံမြို့နှင့် အနီးတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား နှလုံး၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ အသည်း၊ ဦးနှောက်နှင့် အာရုံကြော၊ အရိုး၊ အကြော၊ အဆစ်၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဆီးချိုနှင့် ဟော်မုန်း၊ ကင်ဆာ၊ ကလေးဦးနှောက်နှင့် အာရုံကြော၊ မျက်စိ၊ အထွေထွေရောဂါများကို စမ်းသပ်ခွဲစိတ်စစ်ဆေးကုသပေးမှုများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထို့အပြင် ကျိုင်းတုံဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသရေးခရီးစဉ်တွင်ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းနှင့် အမီလိုက်ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများကို မတ် ၁၅ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်ပေးခဲ့ရာ လူဦးရေ ၉၁ ဦးအား ကိုဗစ်ကာကွယ်ဆေး Pfizer vaccine ထိုးနှံပေးနိုင်ခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်၊ ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## လက်ပံတန်းမြို့၌ မြစိမ်းရောင်(ငါးကဏ္ဍ)ဖွံ့ဖြိုးရေးလုပ်ငန်း လျှပ်စစ်မီးသွယ်တန်းမှု ရာနှုန်းပြည့်ပြီးစီး

**လက်ပံတန်း မတ် ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရွာသစ်ကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ကျေးရွာလျှပ်စစ်မီးသွယ်တန်းမှု ရာနှုန်းပြည့်ပြီးစီးမှုအား ခရိုင်ငါးလုပ်ငန်းဦးစီးမှူးနှင့်အဖွဲ့က မတ် ၁၃ ရက်နံနက်ပိုင်းက အဆိုပါ ကျေးရွာသို့ သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာလျှပ်စစ်မီးသွယ်တန်းမှု အခြေအနေအား ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးရန်ကင်းနှင့် ရွာသစ်ကျေးရွာ မြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးသည်။ ရွာသစ်ကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ အတိုးရငွေကျပ် ၃၈ ဒသမ ၃၄၈၀၅၀ သန်းနှင့် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သန်း ၃၀ စုစုပေါင်း ငွေကျပ် ၆၈ ဒသမ ၃၄၈၀၅၀ သန်း၏ အတိုးငွေ ၅၀ ရာခိုင်နှုန်းအနက် ငွေကျပ် ၁၆ သန်းဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ စိန်ရတုအလွန် ၇၇ နှစ်တာခရီး

**စိုးသက်နောင်**



၁၀-၁၂-၁၉၄၇ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော ဝါရှင်တန်မြို့ရှိ မြန်မာသံရုံး။

**စတင်တည်ထောင်ခဲ့သည့်သမိုင်း**

၂၀၂၄ ခုနှစ် မတ်လ ၁၇ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနတည်ထောင်သည့် (၇၇) နှစ်မြောက် အခါသမယဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးစ ကာလတွင် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးရာဌာန (Defence and External Affairs Department) ဟူ၍ အတိုင်ပင်ခံအရာရှိတစ်ဦးက တိုက်ရိုက်တာဝန်ယူဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် သီးခြားဌာနအနေဖြင့် နိုင်ငံခြားရေးရာကိစ္စများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလွတ်လပ်ရေးမရရှိမီ ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် နိုင်ငံခြားရေးရာဌာန (Department of Foreign Affairs) ဟူသောအမည်ဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြီးကြပ်မှုအောက်တွင် အတွင်းဝန် တစ်ဦး၊ ရုံးအုပ်ကြီး တစ်ဦး၊ အထက်တန်းစာရေး သုံးဦး၊ အောက်တန်းစာရေး တစ်ဦး၊ မင်းစေ နှစ်ဦး စုစုပေါင်း ၁+၇ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အတွင်းဝန်မှာ အိုင်စီအက်(စ်) ဦးရွှေဘော်ဖြစ်ပါသည်။

ထိုသို့ဖွဲ့စည်းတည်ထောင်ခဲ့ပြီး တစ်နှစ်ကျော် အကြာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် မေလ ၄ ရက်နေ့တွင် နိုင်ငံခြားရေးရုံးတော် (Foreign Office) ဟုပြောင်းလဲခေါ်ဆိုခဲ့ပြီး ယခင် အတွင်းဝန်ရာထူးအမည်ကိုလည်း အမြဲတမ်းအတွင်းဝန်ဟု စတင်ပြောင်းလဲခေါ်ဆိုခဲ့ပါသည်။ ထိုမှ ၁၉ နှစ်အကြာ ၁၉၆၇ ခုနှစ် မေလ ၂၅ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန (Ministry of Foreign Affairs) ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးမရရှိမီကပင် ပြည်ပနိုင်ငံများနှင့် သံအဆက်အသွယ်များ ထူထောင်ခဲ့ပြီး မြန်မာသံရုံးများ ဖွင့်လှစ်ခဲ့သည့်အပြင် လွတ်လပ်ရေးရရှိစ ၁၉၄၈ ခုနှစ်အစတွင် မြန်မာနိုင်ငံ၌ ပြည်ပနိုင်ငံ ၁၃ နိုင်ငံမှ သံအမတ်ကြီးများ၊ အာဏာကုန်လွှဲအပ်ခြင်းခံရသော သံကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်များ ရှိနှင့်ပြီးဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ဖွဲ့စည်းပုံ**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံများကို ၁၉၇၁ ခုနှစ်တွင် ဝန်ကြီးရုံးနှင့် ဦးစီးဌာန ငါးခု၊ ၁၉၇၄ ခုနှစ်တွင် ဝန်ကြီးရုံးနှင့် ဦးစီးဌာန ငါးခု အမည်များပြောင်းလဲခြင်း၊ ၁၉၈၇ ခုနှစ်တွင် လက်ရှိ ဖွဲ့စည်းပုံဖြစ်သော ဝန်ကြီးရုံးနှင့်ဦးစီးဌာန ခုနစ်ခုဖြင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ဖွဲ့စည်းပုံအရ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်တွင် ပြည်ပမြန်မာသံရုံး ၃၈ ရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး သုံးရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး ၁၁ ရုံး ဖွဲ့စည်းထားရှိပြီး ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ၂၀ ကိုလည်း ခန့်ထားဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၆ နိုင်ငံနှင့် သံတမန်အဆက်အသွယ် ထူထောင်ထားရှိပါသည်။ လွတ်လပ်ရေးအကြို ကာလတွင် ၁+၇ ဦးဖြင့်စတင်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ယခုဆိုလျှင် ဦးစီးဌာနကြီး ရှစ်ခုနှင့် ပြည်ပသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ၅၂ ရုံးဖြင့် နိုင်ငံတော်၏နိုင်ငံခြားရေးမူဝါဒကို အောင်မြင်အောင် ဖော်ဆောင်လျက်ရှိပါသည်။

ဖွဲ့စည်းပုံအရ ကမ္ဘာ့နယ်မြေများကိုပိုင်းခြား၍ သက်ဆိုင်ရာနယ်ပယ်အလိုက် နိုင်ငံကို ကိုယ်စားပြုပြီး ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်၊ မိမိတို့နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ပြီး လိုအပ်သောဦးစီးဌာနများကို ကျစ်လျစ်စွာဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို ဦးစားပေးရသည့် ဝန်ကြီးဌာနဖြစ်သည့်အတွက် နိုင်ငံအတွင်း နေပြည်တော်တွင် မိခင်နိုင်ငံခြားရေးဝန်ကြီးဌာနတည်ရှိပြီး ရန်ကုန်မြို့တွင် မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနရုံးခွဲတစ်ခုဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးကို ခေတ်အဆက်ဆက် အောင်မြင်စွာသယ်ပိုးဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနပင်ဖြစ်သည်။ ပြည်ပရှိ သံရုံး၊ ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး ၅၂ ရုံးမှနေ၍ နိုင်ငံတော်နှင့်နိုင်ငံသားတို့အကျိုးကို ရှေ့တန်းခံစစ်စည်းမှ ကာကွယ်ပေးနေသော ဝန်ကြီးဌာနဆိုလျှင် မှားမည်မဟုတ်ပေ။

သမိုင်းတစ်လျှောက်တွင် စစ်ပွဲများကို ရှောင်လွှဲနိုင်စေရေး၊ စစ်ပြေငြိမ်းရေးနှင့် ငြိမ်းချမ်းရေးရရှိစေရေးအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ သံတမန်ရေးနည်းလမ်းများကို အသုံးပြုခဲ့ကြပြီး ထိပ်တိုက်ရင်ဆိုင်သည့်နည်းလမ်းများကို သိမ်မွေ့ညင်သာစွာရှောင်ရှားဖြေရှင်းဆောင်ရွက်လျက်ရှိရာ သားကောင်းတမန်များဖြင့် သံတမန်များဆောင်ရွက်လျက်ရှိသော သံတမန်ရေးရာဟူသည် Diplomacy is the first line of defence ဟုဆိုသည့်အတိုင်း ပထမဆုံးခံစစ်စည်းမှနေ၍ ခေတ်အဆက်ဆက်နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး၊ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၍ အောင်မြင်စွာတာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်ခဲ့သည်မှာ ယခုနှစ်မတ်လ ၁၇ ရက်နေ့ဆိုလျှင် (၇၇) နှစ်မြောက်တိုင်ခဲ့ပြီဖြစ်ပါသည်။

> **“သမိုင်းတစ်လျှောက်တွင် စစ်ပွဲများကို ရှောင်လွှဲနိုင်စေရေး၊ စစ်ပြေငြိမ်းရေးနှင့် ငြိမ်းချမ်းရေးရရှိစေရေးအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာသံတမန်ရေးနည်းလမ်းများကို အသုံးပြုခဲ့ကြပြီး ထိပ်တိုက်ရင်ဆိုင်သည့်နည်းလမ်းများကို သိမ်မွေ့ညင်သာစွာရှောင်ရှားဖြေရှင်းဆောင်ရွက်လျက်ရှိရာ သားကောင်းတမန်များဖြင့် သံတမန်များဆောင်ရွက်လျက်ရှိသောသံတမန်ရေးရာဟူသည်** Diplomacy is the first line of defence **ဟုဆိုသည့်အတိုင်း ပထမဆုံးခံစစ်စည်းမှနေ၍ ခေတ်အဆက်ဆက် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး၊ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၍ အောင်မြင်စွာတာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်ခဲ့သည်မှာ ယခုနှစ်မတ်လ ၁၇ ရက်နေ့ဆိုလျှင် (၇၇) နှစ်မြောက်တိုင်ခဲ့ပြီဖြစ်”**

**နိုင်ငံခြားရေးမူဝါဒ**

နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းမူဝါဒများချမှတ်၍ ဆောင်ရွက်သည့်အပြင် ပြည်ပနိုင်ငံများနှင့်ဆက်ဆံရေးအတွက် မတူညီကွဲပြားခြားနားသော နိုင်ငံခြားရေးမူဝါဒများကို နိုင်ငံတော်အကျိုး အဓိကအားဖြင့် အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေမှုအပေါ် မူတည်ပြီး အချက် (၃) ချက်အပေါ်အခြေခံ၍ ချမှတ်လေ့ရှိသည်။ မြန်မာနိုင်ငံသည်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အတူ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများနှင့်ဆက်ဆံရမည့် နိုင်ငံခြားရေးမူဝါဒများကို ခေတ်အလိုက်ပြောင်းလဲကျင့်သုံးချမှတ် အကောင်အထည်ဖော်ခဲ့သည်မှာ ယခုဆိုလျှင် (၇၇) နှစ်မြောက်ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံများသည် နိုင်ငံခြားရေးမူဝါဒများကို မိမိနိုင်ငံ၏အကျိုးစီးပွားအပေါ် အဓိကအခြေခံ၍ အမျိုးသားရေးမဟာဗျူဟာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြပါသည်။ အမျိုးသားရေးမဟာဗျူဟာဆိုသည်မှာ မိမိနိုင်ငံ၏ရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးစွမ်းအားများကို ယုံကြည်စိတ်ချရသော နည်းလမ်းများ၊ လုပ်ဆောင်နိုင်စွမ်းများဖြင့် ချင့်ချိန်လုပ်ကိုင်သောလုပ်ငန်းစဉ်ဖြစ်သည်။ နိုင်ငံခြားရေးမူဝါဒအား အကောင်အထည်ဖော်ရာတွင် လက်တွေ့ဖော်ဆောင်နိုင်သောရည်မှန်းချက်များနှင့် နိုင်ငံ၏တည်ရှိပြီးဖြစ်သောစွမ်းအားစုများပေါ်တွင် အခြေပြု၍ အောက်ပါအချက် (၃) ချက်အနက် တစ်ရပ်ရပ်ကို ရွေးချယ်၍ ချမှတ်လေ့ရှိပါသည်-

(က) သီးသန့်တစ်ဦးတည်းရပ်တည်နေရေး

(ခ) ဘက်မလိုက်ရေး

(ဂ) နိုင်ငံအချင်းချင်းဘက်လိုက်ပူးပေါင်းရေး

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရချိန်တွင် “အပြုသဘောဆောင်သည့် ကြားနေရေးမူဝါဒ”(Positive Neutrality and Non-Aligned Policy)၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒ” (Independent Foreign Policy)၊ ၁၉၈၁ ခုနှစ်တွင် “လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒ” (Independent and Active Foreign Policy)၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ” (Independent, Active and Non-Aligned Foreign Policy)ကို ကျင့်သုံးမည်ဟူ၍ အတိအလင်း ဖော်ပြထားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှနေ၍ အဆိုပါမူဝါဒကို အောင်မြင်စွာအကောင်အထည် ဖော်ဆောင်လျက်ရှိပါသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရာတွင် နှစ်နိုင်ငံအကြား (bilateral)၊ ဒေသတွင်း (regional) နှင့် အပြည်ပြည်ဆိုင်ရာ (multilateral/international) တို့တွင် သံတမန်ဆက်ဆံရေးနည်းလမ်းများဖြစ်သော Public Diplomacy၊ Summit Diplomacy Visit Diplomacy တို့ကို အသုံးပြု၍ ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ စစ်ရေးနှင့် အခြားပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်နိုင်အောင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်များက အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ခေတ်အဆက်ဆက် နိုင်ငံ၏ နိုင်ငံရေးမူဝါဒများ မည်သို့ပင်ပြောင်းလဲစေကာမူ သံတမန်များအနေဖြင့် ရှေ့တန်းခံစစ်စည်းမှ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အောင်မြင်အောင် ထမ်းဆောင်လျက်ရှိသည်။ ထိုသို့ထမ်းဆောင်သူများတွင် ရှင်ဒိသာပါမောက်နှင့်

**စာမျက်နှာ ၇ သို့** ❂

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဒက္ခိဏခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးတို့သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံရာ ဇမ္ဗူသီရိမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ မီတာဘေငွေကောက်ခံနေမှု၊ မီးသုံးစွဲသူပြည်သူများအပေါ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ဆောင်ရွက်ထားမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြား၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏခရိုင်ရုံးနှင့် ဇမ္ဗူသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတို့ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့မြို့နယ်များအတွင်း ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေးနှင့် တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ မြို့နယ်မှူးများသည် မိမိတို့မြို့နယ်များအတွင်း အပတ်စဉ်ကွင်းဆင်းစစ်ဆေးသွားရန်လိုအပ်ကြောင်း၊ ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေးတို့အတွက် ဓာတ်အားလိုင်းများပေါ်ရှိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းစေရေးနှင့် လိုအပ်သည့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများကို စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိတို့လုပ်ငန်းသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများ ဖြစ်သည့်အတွက်ပြည်သူကိုအကောင်းဆုံး ဝန်ဆောင်မှုပေးရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍လည်း သိရှိထားသင့်သည့်အချက်အလက်များကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

အတွင်းရေးမှူးချုပ် ဦးသန့်ကဲ့သို့သော သံတမန်များအပါအဝင် များပြားလှစွာသောသားကောင်းတမန်များသည် နိုင်ငံနှင့်လူမျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တမ်းကောင်းများရှိသကဲ့သို့ သန္ဓေမမှန်သော နိုင်ငံတော်၊ ပြည်သူနှင့်အစိုးရတို့အပေါ် သစ္စာချိုးဖောက်ပြီး မိမိကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်၍ ထွက်ပြေးသွားခဲ့သောဝန်ထမ်းပြေးများကိုလည်း ခေတ်အဆက်ဆက်ရင်ဆိုင်ဖြတ်သန်းရင်း စိန်ရတုကျော်ကာလတိုင်အောင် နိုင်ငံခြားရေးဝန်ကြီးဌာနက အောင်မြင်စွာရပ်တည်လျက်ရှိပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမိမြန်မာနိုင်ငံတော်၏ နိုင်ငံ့ဝန်ထမ်းသားကောင်းတမန်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိရာတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံ၍ နိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ ပကတိအခြေအနေမှန်များကို သံတမန်ဆက်ဆံရေးနည်းလမ်းများမှတစ်ဆင့် နိုင်ငံတကာသို့အသိပေး၍ နိုင်ငံအပေါ်သက်ရောက်လာသော ဖိအားမျိုးစုံကို ရင်ဆိုင်အန်တုရင်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသောဝန်ထမ်းကောင်းများကိုလည်း အသိအမှတ်ပြုလေးစားရပါသည်။

အချုပ်အခြာအာဏာပိုင်ဆိုင်သော လွတ်လပ်သော မည်သည့်နိုင်ငံမဆို၊ လူဦးရေအနည်းအများ၊ စစ်ရေး/ စီးပွားရေး ကြွယ်ဝအားနည်းမှုတို့မှာ ပဓာနမဟုတ်ဘဲ တန်းတူရည်တူဆက်ဆံဆောင်ရွက်ခွင့်ကို မျက်ကွယ်ပြု၍ နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို မသိမသာတစ်မျိုး၊ ပြောင်ပြောင်တင်းတင်းတစ်ဖုံချိုးဖောက်၍ ဝင်ရောက်စွက်ဖက်လျက်ရှိသောနိုင်ငံများသည်လည်း ဝိပါကကို မလွန်ဆန်နိုင်ဘဲ တူညီသော တန်ပြန်သက်ရောက်မှုများ ပြန်လည်ခံစားရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာရေးရာများနှင့် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးတာဝန်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန သမိုင်းတစ်လျှောက် အုပ်စုအားပြိုင်မှု၊ မဟာဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများအားပြိုင်မှု၊ စီးပွားရေးအားပြိုင်မှုနှင့် နိုင်ငံတကာဖိအားများကြား ပွဲပြားပင်ကဲ့သို့ ကျင့်ကြံ၍ စိန်ခေါ်မှုမျိုးစုံကို သံတမန်ရေးလမ်းကြောင်းမှ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ နိုင်ငံတကာ၊ ဒေသတွင်းနှင့် နိုင်ငံများနှင့် ဆက်ဆံရေးတွင် မိမိနိုင်ငံ၏ နိုင်ငံရေးအခြေအနေများအရ သက်ရောက်လာသော ဖိအားပေးမှုများကို ကြံ့ကြံ့ခံကာကွယ်ဆောင်ရွက်လျက်ရှိသောဝန်ကြီးဌာနမှာ စိန်ရတုကျော်ကာလတိုင်ကျော်လွှားနိုင်ခဲ့သည်ကိုလည်း မှတ်ကျောက်တင်ရမည်ဖြစ်သည်။

ပြောင်းလဲလာသည့် ကမ္ဘာ့ပထဝီဝင်နိုင်ငံရေးအရ အရေးပါလာသော အရှေ့တောင်အာရှဒေသသို့ ကမ္ဘာ့နိုင်ငံများက နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လျက်ရှိရာ အဆိုပါဒေသအတွင်း ပထဝီနိုင်ငံရေးအရ အချက်အချာကျပြီး ဒေသတွင်း မဟာဗျူဟာအခင်းအကျင်းတွင် အဓိကနေရာ၌ရှိသော မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုနှင့် ပြည်တွင်းရေးဝင်ရောက်စွက်ဖက်လိုသော စိန်ခေါ်မှုများစွာကို စုပေါင်းစွမ်းအားဖြင့် ရင်ဆိုင်ကျော်ဖြတ်မှသာ နိုင်ငံအကျိုး၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရာရောက်မည်ဖြစ်ပါသည်။ အဆိုပါတာဝန်များကို ထမ်းဆောင်နေသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ သားကောင်းတမန်များ၏ စွမ်းရည်ပြည့်ဝမှု မရှိပါက ပထမဆုံးခံစစ်စည်းကျိုးပေါက်၍ အချုပ်အခြာအာဏာကို ထိခိုက်စေသောအဖြစ်မျိုးသို့ အချိန်မရွေး ရောက်ရှိသွားမည်ဖြစ်သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏အခန်းကဏ္ဍမှာ အထူးပင်အရေးကြီးသည်ကို တွေ့ရှိနိုင်မည်ဖြစ်သည်။



နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန။

အနုတ်သဘောဆောင်သော မိမိနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖိအားပေး၍ ထိပ်တိုက်ရင်ဆိုင်မှု၊ စိန်ခေါ်မှုများကို အပြုသဘောဆောင်သော စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းများဖြင့် ရှေ့တန်းခံစစ်စည်းမှကာကွယ်၍ တာဝန်ကိုကျေပွန်အောင်ဆောင်ရွက်ရမည်မှာ နိုင်ငံခြားရေးဝန်ကြီးဌာန၏ဝန်ထမ်းများဖြစ်သော သားကောင်းတမန်များ၏ အဓိကတာဝန်ပင်ဖြစ်ပါသည်။ ပထမဦးဆုံးသော ခံစစ်စည်းမကျိုးပေါက်စေရေး ခေတ်အဆက်ဆက် အောင်မြင်စွာဖြင့် ကာကွယ်စောင့်ရှောက်နေကြသည့် သားကောင်းတမန်များ၏ စွမ်းရည်ပြည့်ဝမှုသာ အခြားနည်းများဖြင့် ဖြေရှင်းရသည့်အဆင့်သို့ မရောက်ရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ရာ စွမ်းရည်ပြည့်ဝ၍ သံတမန်ရေးကြွယ်ဝစွာဖြင့် နိုင်ငံ၏ ပုံရိပ်ကောင်းဖြစ်စေရေးအတွက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ တာဝန်ပင်ဖြစ်ပါသည်။

ရှေးယခင်အစဉ်အဆက် သတ်မှတ်လက်ခံကျင့်သုံးခဲ့သည့် သံတမန်ကြွန်အင်လက္ခဏာနှင့် အရည်အချင်းပြည့်စုံရမည်သာမက ခေတ်နှင့်ညီသော သံတမန်အရည်အသွေးများ ရှိနေစေရန် ကြိုးပမ်းဆောင်ရွက်ရမည်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏တာဝန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းမှာ နိုင်ငံနှင့် ပြည်သူအကျိုးကို ဆောင်ရွက်သယ်ပိုးခြင်းပင်ဖြစ်ပါသည်။ နိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှု သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲ၍ ပေါ်ပေါက်လာသောဝင်ရောက်စွက်ဖက်မှုနှင့် ဖိအားပေးမှုများအပြင် ပြည်တွင်းရှိ မတူညီသောလူမျိုးစု၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာနှင့် ယုံကြည်ချက်ခံယူမှုများကြောင့် ဖြစ်ထွန်း ပေါ်ပေါက်လာသော ပဋိပက္ခများအပေါ် ပြည်ပမှဝင်ရောက်ခြယ်လှယ်မှု ဖိအားပေးမှုများကို ရှေ့တန်းခံစစ်စည်းမှနေ၍ ဖိအားနှင့်စိန်ခေါ်မှုများ လျော့ကျစေရေးအတွက် သံခင်းတမန်ခင်းကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစဉ်အလာကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဖြတ်သန်းလာသည့် ၇၇ နှစ်တာခရီးတွင် မျက်နှာစာပေါင်းများစွာမှ ဝင်ရောက်လာသည့် နိုင်ငံတကာဖိအားများစွာကို ရင်ဆိုင်ခဲ့ရသည့်အကြိမ်ပေါင်းမှာ မရေမတွက်နိုင်အောင် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ပြည်ပအင်အားကြီးနိုင်ငံများ၏ ပြည်ပအဓိကပို့ကုန်ဖြစ်သော လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးဟူသည်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ခေတ်အဆက်ဆက် အဓိကရင်ဆိုင်ဖြေရှင်းနေရသော မရိုးနိုင်သည့် ဓာတ်ပြားဟောင်းကြီးများပင်ဖြစ်သည်။ ခက်ခဲသောအခြေအနေမျိုးစုံကို ရင်ဆိုင်ကျော်လွှားခဲ့ပြီး ယနေ့အထိ နိုင်ငံအတွက် ရှေ့တန်းမျက်နှာစာမှနေ၍ Diplomacy is the first line of defence ဟူသောခံယူချက်ဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး၊ အမျိုးသားအကျိုးစီးပွားအတွက် Never give an inch စိတ်ဓာတ်အခြေခံကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရေးဝန်ကြီးဌာန၏ တည်ထောင်မှု(၇၇)နှစ်ပြည့်မြောက်မှသည် ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲစွာဖြင့် ပေးအပ်သောတာဝန်များကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

**ကျမ်းကိုး-**

**၂၀၁၁ ခုနှစ်ထုတ် နိုင်ငံခြားရေးဝန်ကြီးဌာနသမိုင်းနှင့်ဆောင်ရွက်ချက်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၅၁၂၅ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၃၃၁၀ ရှိ

နေပြည်တော် မတ် ၁၆

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာန အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၅၁၂၅ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း၈၃၃၁၀ ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဇီဝဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ခြောက်ခု နှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၆၂ ခု စာစစ်ဌာနစုစုပေါင်း ၇၆၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၈၄၈၂ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၅၁၂၅ ဦး၊ ပျက်ကွက် ၃၃၅၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၀၈ ရာခိုင်နှုန်း၊ ဘောဂဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ခြောက်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၂၈ ခု စာစစ်ဌာနစုစုပေါင်း ၈၃၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၉၈၀၄၁ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၃၃၁၀၊ ပျက်ကွက် ၁၄၅၃၁ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၁၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် – ဇီဝဗေဒ

ရက်စွဲ၊ ၁၆-၃-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၁ | ၂၂ | ၄၅၃ | ၉၃၂ | ၁၃၈၅ | ၄၄၅ | ၉၁၇ | ၁၃၆၂ | ၈ | ၁၅ | ၂၃ | ၉၈.၃၄% | ၁.၆၆% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၀ | ၂၀၄ | ၄၅၃ | ၆၅၇ | ၁၉၀ | ၄၁၉ | ၆၀၉ | ၁၄ | ၃၄ | ၄၈ | ၉၂.၆၉% | ၇.၃၁% | |
| ၄ | ချင်း | ၅ | ၆ | ၉ | ၁၀၂ | ၁၇၄ | ၂၇၆ | ၄၂ | ၉၁ | ၁၃၃ | ၆၀ | ၈၃ | ၁၄၃ | ၄၈.၁၉% | ၅၁.၈၁% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၅ | ၇၂၈ | ၁၃၂၃ | ၂၀၅၁ | ၆၈၃ | ၁၂၃၅ | ၁၉၁၈ | ၄၅ | ၈၈ | ၁၃၃ | ၉၃.၅၂% | ၆.၄၈% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၄ | ၁၂၉ | ၂၈၈ | ၄၁၇ | ၁၂၅ | ၂၇၉ | ၄၀၄ | ၄ | ၉ | ၁၃ | ၉၆.၈၈% | ၃.၁၂% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၁၀၅၄ | ၁၈၂၀ | ၂၈၇၄ | ၁၀၁၄ | ၁၇၆၉ | ၂၇၈၃ | ၄၀ | ၅၁ | ၉၁ | ၉၆.၈၃% | ၃.၁၇% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၂ | ၅၀၃ | ၉၆၂ | ၁၄၆၅ | ၄၉၀ | ၉၄၀ | ၁၄၃၀ | ၁၃ | ၂၂ | ၃၅ | ၉၇.၆၁% | ၂.၃၉% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၁၄၃၇ | ၂၃၉၉ | ၃၈၃၆ | ၁၃၉၇ | ၂၃၆၂ | ၃၇၅၉ | ၄၀ | ၃၇ | ၇၇ | ၉၇.၉၉% | ၂.၀၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၃၇၆၃ | ၆၀၄၇ | ၉၈၁၀ | ၃၆၁၉ | ၅၈၆၀ | ၉၄၇၉ | ၁၄၄ | ၁၈၇ | ၃၃၁ | ၉၆.၆၃% | ၃.၃၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၆၇၃ | ၁၃၃၈ | ၂၀၁၁ | ၆၅၆ | ၁၃၁၄ | ၁၉၇၀ | ၁၇ | ၂၄ | ၄၁ | ၉၇.၉၆% | ၂.၀၄% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၀ | ၁၉၈၂ | ၁၈၇၁ | ၃၈၅၃ | ၁၂၈၆ | ၁၁၀၀ | ၂၃၈၆ | ၆၉၆ | ၇၇၁ | ၁၄၆၇ | ၆၁.၉၃% | ၃၈.၀၇% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၂ | ၃၅၃၇ | ၄၉၀၃ | ၈၄၄၀ | ၃၄၀၆ | ၄၇၂၀ | ၈၁၂၆ | ၁၃၁ | ၁၈၃ | ၃၁၄ | ၉၆.၂၈% | ၃.၇၂% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၂ | ၁၀၀၈ | ၂၂၅၈ | ၃၂၆၆ | ၉၇၄ | ၂၁၆၀ | ၃၁၃၄ | ၃၄ | ၉၈ | ၁၃၂ | ၉၅.၉၆% | ၄.၀၄% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၄၈၅ | ၈၃၇ | ၁၃၂၂ | ၃၄၉ | ၆၁၄ | ၉၆၃ | ၁၃၆ | ၂၂၃ | ၃၅၉ | ၇၂.၈၄% | ၂၇.၁၆% | |
| ၁၆ | ရှမ်း(ရှေ့) | ၄ | ၇ | ၉ | ၁၂၈ | ၂၇၀ | ၃၉၈ | ၁၂၁ | ၂၆၃ | ၃၈၄ | ၇ | ၇ | ၁၄ | ၉၆.၄၈% | ၃.၅၂% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၁၉၂ | ၁၁၉၈ | ၂၃၈၃ | ၃၅၈၁ | ၁၁၆၆ | ၂၃၃၈ | ၃၅၀၄ | ၃၂ | ၄၅ | ၇၇ | ၉၇.၈၅% | ၂.၁၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၆ | ၁၁၂၉ | ၁၇၀၅ | ၂၈၃၄ | ၁၀၉၈ | ၁၆၇၇ | ၂၇၇၅ | ၃၁ | ၂၈ | ၅၉ | ၉၇.၉၂% | ၂.၀၈% | |
| ၁၉ | နိုင်ငံခြား | | | ၆ | ၄ | ၂ | ၆ | ၄ | ၂ | ၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၁၃ | ၂၈၆ | ၇၆၈ | ၁၈၅၁၇ | ၂၉၉၆၅ | ၄၈၄၈၂ | ၁၇၀၆၅ | ၂၈၀၆၀ | ၄၅၁၂၅ | ၁၄၅၂ | ၁၉၀၅ | ၃၃၅၇ | ၉၃.၀၈% | ၆.၉၂% | |

မှတ်ချက် – စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် – ဘောဂဗေဒ

ရက်စွဲ၊ ၁၆-၃-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၁၈၉၆ | ၂၇၂၆ | ၄၆၂၂ | ၁၇၇၁ | ၂၆၁၂ | ၄၃၈၃ | ၁၂၅ | ၁၁၄ | ၂၃၉ | ၉၄.၈၃% | ၅.၁၇% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၆၈၈ | ၁၀၅၁ | ၁၇၃၉ | ၅၉၇ | ၉၇၄ | ၁၅၇၁ | ၉၁ | ၇၇ | ၁၆၈ | ၉၀.၃၄% | ၉.၆၆% | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၆၂၈ | ၈၁၉ | ၁၄၄၇ | ၁၀၉ | ၁၅၉ | ၂၆၈ | ၅၁၉ | ၆၆၀ | ၁၁၇၉ | ၁၈.၅၂% | ၈၁.၄၈% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၄ | ၃၆ | ၁၆၆၁ | ၂၃၉၇ | ၄၀၅၈ | ၁၅၁၈ | ၂၂၁၃ | ၃၇၃၁ | ၁၄၃ | ၁၈၄ | ၃၂၇ | ၉၁.၉၄% | ၈.၀၆% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၈၆၅ | ၁၃၅၃ | ၂၂၁၈ | ၇၉၇ | ၁၂၉၂ | ၂၀၈၉ | ၆၈ | ၆၁ | ၁၂၉ | ၉၄.၁၈% | ၅.၈၂% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၂၀၂၉ | ၂၅၈၆ | ၄၆၁၅ | ၁၉၀၂ | ၂၄၄၀ | ၄၃၄၂ | ၁၂၇ | ၁၄၆ | ၂၇၃ | ၉၄.၀၈% | ၅.၉၂% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၀၄၄ | ၂၄၈၁ | ၄၅၂၅ | ၁၉၃၄ | ၂၄၀၃ | ၄၃၃၇ | ၁၁၀ | ၇၈ | ၁၈၈ | ၉၅.၈၅% | ၄.၁၅% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၃ | ၂၆၁၆ | ၃၃၆၉ | ၅၉၈၅ | ၂၄၅၅ | ၃၂၅၆ | ၅၇၁၁ | ၁၆၁ | ၁၁၃ | ၂၇၄ | ၉၅.၄၂% | ၄.၅၈% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၄၆၃၄ | ၅၇၇၂ | ၁၀၄၀၆ | ၄၃၈၅ | ၅၅၃၁ | ၉၉၁၆ | ၂၄၉ | ၂၄၁ | ၄၉၀ | ၉၅.၂၉% | ၄.၇၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၁၆၀၁ | ၂၄၀၃ | ၄၀၀၄ | ၁၄၉၂ | ၂၃၀၃ | ၃၇၉၅ | ၁၀၉ | ၁၀၀ | ၂၀၉ | ၉၄.၇၈% | ၅.၂၂% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၆၄၁၈ | ၈၃၃၁ | ၁၄၇၄၉ | ၂၆၄၀ | ၃၄၈၉ | ၆၁၂၉ | ၃၇၇၈ | ၄၈၄၂ | ၈၆၂၀ | ၄၁.၅၆% | ၅၈.၄၄% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၃ | ၅၀၇၂ | ၅၄၄၀ | ၁၀၅၁၂ | ၄၇၂၈ | ၅၁၇၁ | ၉၈၉၉ | ၃၄၄ | ၂၆၉ | ၆၁၃ | ၉၄.၁၇% | ၅.၈၃% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၂၀၉၈ | ၂၇၁၀ | ၄၈၀၈ | ၁၉၇၅ | ၂၅၈၉ | ၄၅၆၄ | ၁၂၃ | ၁၂၁ | ၂၄၄ | ၉၄.၉၃% | ၅.၀၇% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၆၃၉ | ၈၉၂ | ၁၅၃၁ | ၄၂၇ | ၅၈၉ | ၁၀၁၆ | ၂၁၂ | ၃၀၃ | ၅၁၅ | ၆၆.၃၆% | ၃၃.၆၄% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၃၂၂ | ၃၈၄ | ၇၀၆ | ၂၉၉ | ၃၆၉ | ၆၆၈ | ၂၃ | ၁၅ | ၃၈ | ၉၄.၆၂% | ၅.၃၈% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၃၀ | ၇၀၇၃ | ၉၁၉၃ | ၁၆၂၆၆ | ၆၅၉၆ | ၈၈၄၂ | ၁၅၄၃၈ | ၄၇၇ | ၃၅၁ | ၈၂၈ | ၉၄.၉၁% | ၅.၀၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၂၆၂၁ | ၃၂၂၁ | ၅၈၄၂ | ၂၅၁၃ | ၃၁၃၃ | ၅၆၄၆ | ၁၀၈ | ၈၈ | ၁၉၆ | ၉၆.၆၄% | ၃.၃၆% | |
| ၁၉ | နိုင်ငံခြား | | | ၆ | ၂ | ၆ | ၈ | ၂ | ၅ | ၇ | ၀ | ၁ | ၁ | ၈၇.၅၀% | ၁၂.၅၀% | |
| | စုစုပေါင်း | ၁၁၈ | ၂၉၂ | ၈၃၄ | ၄၂၉၀၇ | ၅၅၁၃၄ | ၉၈၀၄၁ | ၃၆၁၄၀ | ၄၇၁၇၀ | ၈၃၃၁၀ | ၆၇၆၇ | ၇၇၆၄ | ၁၄၅၃၁ | ၈၅.၁၈% | ၁၄.၈၂% | |

မှတ်ချက် – စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ (ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာ) ဖြေဆိုမှုမြင်ကွင်း



နောင်ချိုမြို့နယ်
နောင်ချို(ပြန်/ဆက်)


နမ့်စန်မြို့နယ်
သူရအောင်(နမ့်စန်)


ကျောက်ဆည်မြို့နယ်
ခရိုင်(ပြန်/ဆက်)


ရေနံချောင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဘီးလင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျိုက်လတ်မြို့နယ်
ကျိုက်လတ်(ပြန်/ဆက်)


တောင်ငူမြို့နယ်
ဇော်ကိုကို(တောင်ငူ)


ကျိုက်ထိုမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မာန်အောင်မြို့နယ်
သိန်းဖေ(ပြန်/ဆက်)


မိုးကောင်းမြို့နယ်
သန်းလွင်ဦး(ပြန်/ဆက်)


ကျောက်တလုံးကြီးမြို့
ဇော်နိုင်လင်း

# ရန်ကုန်တိုင်းဒေသကြီးရှိ စာစစ်ဌာန ၇၃ ခုတွင် ဘောဂဗေဒနှင့် ဇီဝဗေဒဘာသာရပ်များအား ကျောင်းသား ကျောင်းသူ ၁၈၀၂၅ ဦး စိတ်အေးချမ်းသာစွာ ဖြေဆို

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်တို့အား ယနေ့နံနက် ၉ နာရီတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် ဖြေဆိုခဲ့ကြသည်။

ယနေ့ ဘာသာရပ်နှစ်မျိုး ဖြေဆိုသောနေ့တွင် ဘောဂဗေဒဘာသာရပ်အား ကျောင်းသား ကျောင်းသူ ၉၈၉၉ ဦးဖြေဆိုခဲ့ပြီး ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျောင်းသူတစ်ဦးနှင့် အင်းစိန်အကျဉ်းဦးစီးရှိ အမှတ်(၁၃) အလယ်တန်းကျောင်း စာစစ်ဌာန၌ အကျဉ်းသားခုနစ်ဦးတို့က ဘောဂဗေဒဘာသာရပ်ကို ဖြေဆိုခဲ့ကြသည်။ ဇီဝဗေဒဘာသာရပ်တွင် ကျောင်းသား ကျောင်းသူ ၈၁၂၆ ဦးဖြေဆိုခဲ့ကြပြီး ကမာရွတ်မြို့နယ်နှင့် တာမွေမြို့နယ်တို့မှ ကျောင်းသူနှစ်ဦးတို့သည် ဆေးရုံများမှ ဖြေဆိုခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်တို့အား ဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၈၀၂၅ ဦးတို့သည် ဘာသာရပ်များကို စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် ဖြေဆိုခဲ့ကြသည်။ ၂၀၂၄ ခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲသည် Grade – 12 သင်ရိုးသစ်၊ စနစ်သစ်ဖြင့် ဖြေဆိုရခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာ ဘာသာရပ်များနှင့် မေးခွန်းပုံစံများကို သိရှိနားလည်စေရန် ဆရာ ဆရာမများအား သင်တန်းများပို့ချပေးခဲ့သည့်နည်းတူ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဌာနတို့မှ ထုတ်ဝေသည့် Grade – 12 သင်ရိုးသစ်နှင့်ပတ်သက်သည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံများကိုလည်း ကျောင်းများ၌ လေ့ကျင့်သင်ကြားပေးခဲ့ရာ နွေရာသီကျောင်းပိတ်ရက်တွင်လည်း သင်ရိုးသစ်ဘာသာရပ်များနှင့်စပ်လျဉ်း၍ ဆရာ ဆရာမများအား မွမ်းမံသင်တန်းများအဖြစ် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညီမ်းသူ( သတင်းစဉ်)၊
ဓာတ်ပုံ – ကနူး



## အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ (ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာ) ဖြေဆိုမှုမြင်ကွင်း



သထုံမြို့နယ်
မြို့နယ် (ပြန်/ဆက်)



လားရှိုးမြို့
စိုင်းထွန်း (လားရှိုး)



အင်္ဂပူမြို့နယ်
မန်းကျော် (ပြန်/ဆက်)



ရွှေကျင်မြို့နယ်
ထွန်းထွန်းဇော် (ပြန်/ဆက်)




ဓနုဖြူမြို့နယ်
အောင်ပြည့်ဖြိုးဇော် (ပြန်/ဆက်)



တွံတေးမြို့နယ်
တွံတေးသား



ကျောက်တံခါးမြို့နယ်
မြို့နယ် (ပြန်/ဆက်)

# နိုင်ငံတော်၏ မီးရှူးတန်ဆောင် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး

ဘကြီးကောင်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းကကျင်းပခဲ့သော အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့တွင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လက်ရှိအကျိုးတော်ဆောင်ဆရာတော် သက်တော် (၇၇) နှစ် သိက္ခာတော် (၅၇) ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာစန္ဒိမာဘိဝံသအား လစ်လပ်လျက်ရှိသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်တော်မူခဲ့သည်။

**ကမ္ဘာ့နိုင်ငံများကပါ အလေးဂရုပြု လေးစားကြည်ညို**

ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရတော်မူသော သန်လျင်မင်းကျောင်းဆရာတော်ကြီးသည် ပရိယတ္တိဝိသာရဒဂုဏ်၊ ပိဋ္ဋကတ္တယဆေကဂုဏ်၊ ပိယဂုဏ်၊ ဂရုဂုဏ်၊ ဘာဝနီယဂုဏ်၊ ဗျတ္တပဋိဗလဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့်အပြင် ဥက္ကဋ္ဌဗန်းမော်ဆရာတော်ကြီးနှင့်တွဲဖက်၍ အကျိုးတော်ဆောင်ဆရာတော်အဖြစ် ရှစ်နှစ်တိုင်တိုင် သံဃာ့အဖွဲ့အစည်းကြီးကို ဦးဆောင်ဦးရွက်ပြုတော်မူခဲ့သည်။ ထို့အတူ နိုင်ငံတော်အစိုးရနှင့် ဆရာဒကာ လက်တွဲညီစွာ သံဃာ့အဖွဲ့အစည်းကြီး ညီညွတ်ရေးနှင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို နှစ်ရှည်လများ ဆောင်ရွက်တော်မူခဲ့သည့်အပြင် မြန်မာနိုင်ငံရှိ သံဃာထုတစ်ရပ်လုံးသာမက ထေရဝါဒနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများကပါ အလေးဂရုပြု လေးစားကြည်ညိုမှုကို ခံယူရရှိတော်မူသည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်တော်မူခဲ့ပါသည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးကို ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင် စတင်ဖွဲ့စည်းခဲ့သည်။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသဏလိုဏ်ဂူတော်ကြီး၌ ၁၃၄၂ ခုနှစ် နယုန်လဆန်း ၁၁ ရက်နေ့မှ ၁၄ ရက်အထိ (၂၄-၅-၁၉၈၀ မှ ၂၇-၅-၁၉၈၀ အထိ) လေးရက်တိုင်တိုင် ကျင်းပပြုလုပ်ရာ သံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းမှ သံဃာသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော် ၁၂၁၈ ပါး ကြွရောက်တော်မူခဲ့ကြသည်။

မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် မြန်မာနိုင်ငံတော် သံဃာတော်များ၏ သာသနာဝင်မှတ်တမ်းတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော် ၂၉၉ ပါးကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ၃၃ ပါးကိုလည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ၈၁ ပါးကိုလည်းကောင်း သံဃာ့ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

သံဃာအဖွဲ့အစည်းများမပေါ်ပေါက်မီက မြန်မာနိုင်ငံတွင် အသျှင်ဥက္ကဋ္ဌ လူသေလူဖြစ်ဝါဒ၊ ယင်းတပည့်များ၏ သမာဒိဋ္ဌိသုတေသနဝါဒ၊ ရွှေအဘိဓမ္မာဝါဒ၊ စိတ် စိတ်အတိုင်းထားဆိုသည့် ကျောက်သဘော်ဝါဒ၊ မိုးညိုဆရာတော်ဝါဒ၊ ရေတာရှည်ရှင်မာလာဝရဝါဒ၊ ကျောက်ပုံတောရဆရာကြီး ဦးစံရင်၏ဝါဒ စသည်ဖြင့် ထေရဝါဒ ပိဋကတ်တော်ကိုဆန့်ကျင်ဘက်ပြုလုပ်ဟောပြောပွဲများသည် တစ်နိုင်ငံလုံးအနှံ့ဖြစ်ခဲ့ပေသည်။

စာတတ်ပေတတ်ဆရာတော်ကြီးများအမှူးပြုသည့် သံဃာထုကြီးသည် မခံမရပ်ဖြစ်၍ ယင်းအယူဝါဒများ ဟောပြောနေခြင်းကို ပိတ်ပင်တားမြစ်ပေးရန် နိုင်ငံတော်အစိုးရသို့ မေတ္တာရပ်ခံခဲ့ကြသည်။ သို့သော်လည်း ဥပဒေဖြင့်အုပ်ချုပ်ရသောအစိုးရဖြစ်၍ တားမြစ်ပိတ်ပင်ရန် ဥပဒေမရှိသောကြောင့် အစိုးရအနေဖြင့် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ခဲ့ချေ။

ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေးကြီး တည်ဆောက်နိုင်ပြီးသောအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဥပဒေနှင့်အညီ ဖွဲ့စည်းပေးသည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက ယင်းအယူဝါဒများကို စစ်ဆေး၍ အဓမ္မဝါဒအဖြစ် ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။ ယင်းဝိနိစ္ဆယဆုံးဖြတ်ချက်ကိုမလိုက်နာဘဲ အဆိုပါအဓမ္မဝါဒများကို ဟောပြောရေးသားပါက ထောင်ဒဏ် ငါးနှစ်အထိ အပြစ်ပေးနိုင်သော ဥပဒေတစ်ရပ်ကို နိုင်ငံတော်က ပြဋ္ဌာန်းပေးခဲ့သည်။

အလားတူပင် ထေရဝါဒပိဋကတ်တော်နှင့်မညီညွတ်သော ဗုဒ္ဓဘာသာအမည်ခံ တရားပွဲများနှင့် ဝိနည်းသိက္ခာပုဒ်တော်နှင့် မညီညွတ်သောဘုန်းကြီးတရားပွဲများကိုလည်း သက်ဆိုင်ရာသံဃနာယကအဖွဲ့အဆင့်ဆင့်တို့က တားမြစ်ပိတ်ပင်ခြင်းပြုနိုင်ခဲ့သည်။

ရဟန်းတုနှင့် ရဟန်းအစစ်၊ သာမဏေတုနှင့် သာမဏေစစ်ခွဲခြားသိရှိနိုင်ရန် သံဃာ့ဆန္ဒဖြင့် ပြဋ္ဌာန်းထားသည့် သာသနာတော်ဝင်မှတ်တမ်းကို ကိုင်ဆောင်တော်မူကြသည်။ ရဟန်းတု၊ ရဟန်းယောင်၊ ရှင်သာမဏေအတုအယောင်ပြုလုပ်ပါကလည်း ထောင်ဒဏ်သုံးနှစ်အထိ အပြစ်ပေးရန် ဥပဒေပြဋ္ဌာန်းပေးခဲ့သည်။ ဤဥပဒေအရ မိမိဘာသာသက်န်းဝတ်၍ ရဟန်းယောင်၊ သာမဏေယောင်ဆောင်ပြီး အလှူခံစားသောက်နေသူများကို ရှင်းလင်းနိုင်ခဲ့သည်။ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းများကိုလည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စည်းကမ်းတကျ သတ်မှတ်ပေးနိုင်ခဲ့သည်။

ထို့အတူ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကိုချမှတ်ကာ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်"မူအရ သာသနာတော်ကိစ္စတို့ကို ဆောင်ရွက်နိုင်ခဲ့ကြသည်။

**ဝိနည်းဓမ္မကံမှုခင်းများကို**
**အစိုးရတရားရုံးများတွင် အမှုဆိုင်ကြရ**

နယ်ချဲ့အင်္ဂလိပ်အစိုးရလက်ထက်တွင်မူ ရဟန်းသံဃာများသည် ပိုင်ဆိုင်မှုအငြင်းပွားသည့်ဝိနည်းဓမ္မကံမှုခင်းများကို အစိုးရတရားရုံးများတွင် အမှုဆိုင်ကြရသည်။ တရားလို၊ တရားပြိုင်ဘုန်းတော်ကြီးများသည် တရားသူကြီးက "မောင်မင်း"ဟု ခေါ်ဆိုခြင်းကိုခံကြရသည်။ အမှုစစ်ခံရာ၌ လူတရားသူကြီးများသည် အမြင့်မှာထိုင်ကြ၍ တရားလို၊ တရားပြိုင် ဘုန်းတော်ကြီးများသည်အနိမ့်မှနေ၍ အစစ်ခံကြရသည်။ အချို့သောဗုဒ္ဓဘာသာ မြန်မာတရားသူကြီးများမှာ အနေရအထိုင်ရခက်လျက်ရှိကြသည်။ ဘုန်းတော်ကြီးများသည် ရုံးခွန်တော်တံဆိပ်ခေါင်းဖိုး၊ ရှေ့နေခ၊ သမ္မန်ခများ ပေးဆောင်ကြရလေသည်။

ထို့အတူ အင်္ဂလိပ်အစိုးရခေတ်တွင် ဂျီစီဘီအေ(၂၁)ဦး၊ ငါးပွင့်ဆိုင်ဓားမပါတီ၊ တို့ဗမာအစည်းအရုံး စသည်ဖြင့် နိုင်ငံရေးပါတီများ ကွဲပြားရာသို့လိုက်၍ ရဟန်းသံဃာများလည်း ကွဲပြားခဲ့ကြရလေသည်။ ရှေးခေတ်က ဘာသာရေးအယူဝါဒကိုအကြောင်းပြု၍ သံဃာကွဲပြားရသော်လည်း နောက်ပိုင်းခေတ်တွင် နိုင်ငံရေးဝါဒများကိုအကြောင်းပြု၍ သံဃာကွဲပြားခဲ့ရသည်။ ဒကာကွဲသဖြင့် ဆရာကွဲခဲ့ရသည်။ နိုင်ငံရေးဟူသည် အောင်မြင်လာသည်နှင့်အမျှ လုပ်ပိုင်ခွင့်အာဏာ၊ နာမည်ကျော်ကြားမှု၊ အရှိအသေခံရမှုများနှင့် ဆက်စပ်နေရာ နိုင်ငံရေးခေါင်းဆောင်ဘုန်းကြီးများသည် ဝိနည်းသိက္ခာပုဒ်တော်များကို လုံခြုံအောင် ထိန်းသိမ်းရန်ခက်ခဲလာတော့သည်။

ဤနည်းအားဖြင့် အင်္ဂလိပ်အစိုးရလက်အောက်တွင် မြန်မာနိုင်ငံဗုဒ္ဓဘာသာ သာသနာတော်ကြီးသည် သံဃာ့ဂိုဏ်းအမျိုးမျိုးကွဲပြားခြင်း၊ အယူဝါဒအမျိုးမျိုး ကွဲပြားခြင်းများဖြစ်ပေါ်ခဲ့၍ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများအနေဖြင့် သာသနာ့အညစ်အကြေးများကို သုတ်သင်ခြင်း မပြုနိုင်ခဲ့ကြချေ။ ဘုန်းကြီးကျောင်းများကို ဆောက်ချင်သည့်နေရာ၌ ဆောက်ခဲ့ကြ၍ ဘုရားစေတီများကိုလည်း တည်ချင်သည့်နေရာ တည်ခဲ့ကြသည်။ ကျောင်းထိုင်ဘုန်းကြီးဂုဏ်အင်္ဂါအရည်အချင်းလုံးဝမရှိသော်လည်း အမွေရလျှင် ကျောင်းထိုင်ဖြစ်နိုင်သည်။ ကျောင်းဝယ်နိုင်လျှင် ကျောင်းထိုင်ဖြစ်နိုင်သည်။ "ငါ့ကျောင်း ငါထိုင် ဘယ်သူဆိုင်သလဲ"ဟူသော ဝါဒလွှမ်းမိုးလာသည်။

ကျောင်းဝင်းထဲ၌လည်းကောင်း၊ ကျောင်းများပေါ်၌ လည်းကောင်း၊ လင်စုံမယားဖက် အိမ်ထောင်သားမွေးမှုများကို လက်ခံလာကြသည်။ အင်္ဂလိပ်အစိုးရလက်ထက်က ရန်ကုန်မြို့ရှိ ကျောင်းတိုက်ကြီးအချို့မှာ ဒုစရိုက်သမားများ၏ စတည်းချခိုအောင်းရာဌာနများ ဖြစ်လာတော့သည်။ တောရွာကျောင်းများတွင်လည်း နွားမွေးခြင်း၊ လှည်းထောင်ခြင်း၊ ပြိုင်လှေထောင်ခြင်း၊ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း စသော မိစ္ဆာအာဇီဝမှုများ ပြန့်ပွားလာခဲ့သည်။ စာတတ်ပေတတ် ဓမ္မကထိကဆရာတော်ကြီးများ အထင်အရှားရှိသော်လည်း တရားနာပရိသတ်သည် စာမတတ်၊ ပေမတတ် အသံကောင်း၊ ရုပ်ချောသော ဓမ္မကထိကများကို အားပေးခဲ့ကြသည်။

**ဝိနိစ္ဆယအက်ဥပဒေကို ပြဋ္ဌာန်း**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရဟန်းသံဃာတော်များနှင့်စပ်လျဉ်းသည့် ဝိနည်းဓမ္မကံမှုခင်းများကို တရားရုံးများတွင် လူသာမန်တို့ကဲ့သို့ တရားဥပဒေများဖြင့် စီရင်ဆုံးဖြတ်လျက်ရှိနေခဲ့ခြင်းမှာ သာသနာတော်အတွက် ကြည်ညိုဖွယ်ရာမဖြစ်သည့်အပြင် ဝိနည်းတရားတော်နှင့်လည်း ညီညွတ်မှုမရှိသောကြောင့် ရဟန်းသံဃာတော်အချင်းချင်းဖြစ်ပွားသော ဝိနည်းဓမ္မကံမှုခင်းများကို ရဟန်းသံဃာတော်များကိုယ်တိုင် စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်ရရှိစေရန်အတွက် ၁၃၁၁ ခုနှစ် ဝိနိစ္ဆယအက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းဝိနိစ္ဆယဌာနများ၏ ဖြေရှင်းဆုံးဖြတ်ချက်များကို မကျေနပ်သူများပြားလာခဲ့သဖြင့် ၁၃၁၆ ခုနှစ်တွင် ဝိနိစ္ဆယပြင်ဆင်ချက်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ရပြန်သည်။

ယင်းပြဋ္ဌာန်းချက်အရ မူလဝိနိစ္ဆယအက်ဥပဒေသည် "၁၃၁၁ ခုနှစ် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ"ဟူ၍ အမည်ပြောင်းလဲလာခဲ့သည်။ ဤဥပဒေအရ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံတို့ အပြိုင်အဆိုင်ဖြစ်လာကြရာ တစ်ဖက်အမှုသည်က ဝိနိစ္ဆယခုံအဆုံးအဖြတ်ခံယူလို၍ အခြားအမှုသည်က ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ခံယူလိုသည်။ ဤနည်းအားဖြင့် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံတို့သည် အချင်းချင်း အပြန်အလှန် နှောင့်ယှက်ဟန့်တားနေသဖြင့် ထိုခေတ်က ဝိနည်းဓမ္မကံမှုခင်းများကို မည်မည်ရရ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိပေ။ ဆုံးဖြတ်ပြီးသောအမှုများကိုလည်း လူတရားရုံးများတွင် ဇာရီပြုလုပ်နေရသဖြင့် ဝိနိစ္ဆယဆုံးဖြတ်ချက်ကို လိုက်နာအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ချေ။ ထို့ပြင် နိုင်ငံတော်ဝိနိစ္ဆယဌာနက ဆုံးဖြတ်ပြီးအမှုများကို တရားလွှတ်တော်ချုပ်က စာချွန်တော်ဖြင့် ပယ်ဖျက်ပစ်ခဲ့သဖြင့် ဝိနည်းဓိုရ်ဆရာတော်ကြီးများသည် လွန်စွာစိတ်ပျက်ခဲ့ကြသည်။

လွတ်လပ်ရေးခေတ်ဦးပိုင်းတွင် ရဟန်းပျိုအဖွဲ့နှင့် ကျောင်းထိုင်ဆရာတော်များအဖွဲ့ ကွဲပြားလာခဲ့သည်။

**❛ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရဟန်းသံဃာတော်များနှင့်စပ်လျဉ်းသည့် ဝိနည်းဓမ္မကံမှုခင်းများကို တရားရုံးများတွင် လူသာမန်တို့ကဲ့သို့ တရားဥပဒေများဖြင့် စီရင်ဆုံးဖြတ်လျက်ရှိနေခဲ့ခြင်းမှာ သာသနာတော်အတွက် ကြည်ညိုဖွယ်ရာမဖြစ်သည့်အပြင် ဝိနည်းတရားတော်နှင့်လည်း ညီညွတ်မှုမရှိသောကြောင့် ရဟန်းသံဃာတော်အချင်းချင်းဖြစ်ပွားသော ဝိနည်းဓမ္မကံမှုခင်းများကို ရဟန်းသံဃာတော်များကိုယ်တိုင် စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်ရရှိစေရန်အတွက် ၁၃၁၁ ခုနှစ် ဝိနိစ္ဆယအက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းဝိနိစ္ဆယဌာနများ၏ ဖြေရှင်းဆုံးဖြတ်ချက်များကို မကျေနပ်သူများပြားလာခဲ့သဖြင့် ၁၃၁၆ ခုနှစ်တွင် ဝိနိစ္ဆယပြင်ဆင်ချက်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ရပြန် ❜**

စာမျက်နှာ ၁၂ သို့ ❐

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မုံရွာ မတ် ၁၆**

မုံရွာမြို့ရှိ နိုင်ငံ့တာဝန်များထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်သွားလာနိုင်စေရေး၊ ဝန်ထမ်းနေအိမ်များနှင့်လမ်းများ သန့်ရှင်းသပ်ရပ်စေရေး၊ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် မတ် ၁၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် နန္ဒဝန်စုပေါင်းအိမ်ရာအနီးရှိ လမ်းဘေး ဝဲ/ယာ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊ ရပ်ကွက်နေပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးခဲ့ပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများ အားစားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။



အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၁ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့ များ စုစုပေါင်းအင်အား ၁၂၀၀ ကျော်ဖြင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၃၃/၁၁ကေဗွီ ၁၀အမ်ဗွီအေ အတ္ထရံ ဓာတ်အားခွဲရုံသစ်ဖွင့်ပွဲကျင်းပ

**မော်လမြိုင် မတ် ၁၆**

နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၃၃/၁၁ကေဗွီ ၁၀အမ်ဗွီအေ အတ္ထရံ ဓာတ်အားခွဲရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ၃၃/၁၁ကေဗွီ ၁၀အမ်ဗွီအေ အတ္ထရံဓာတ်အားခွဲရုံ၌ ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဘီညီစိုးနှင့် သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်တို့က ၃၃/၁၁ ကေဗွီ ၁၀အမ်ဗွီအေ အတ္ထရံ ဓာတ်အားခွဲရုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ကအမှာစကားပြောကြားပြီး ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က ဓာတ်အားခွဲရုံနှင့် ပက်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်) သင်တန်းသား အိပ်ဆောင် ပေ ၉၀x ပေ ၃၀ RCC နှစ်ထပ် သမိန်ဗရမ်းဆောင် ဖွင့်ပွဲ အခမ်းအနားကို သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများက သင်တန်းသားအိပ်ဆောင်သစ် သမိန်ဗရမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ အားကစားပြိုင်ပွဲကို ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် သံဖြူဇရပ်မြို့နယ် ပိုက်ကျော်ခြင်းအသင်းနှင့် မုဒုံမြို့နယ် ပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်၊ ကြက်တောင်ရိုက် စသည့် အားကစားနည်းများကို မတ် ၁၅ ရက်မှ ၁၈ရက်အထိ မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တနင်္သာရီမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ နွေရာသီပန်းချီအခြေခံ (အခမဲ့)သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တနင်္သာရီ မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီပန်းချီအခြေခံ(အခမဲ့) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးစိုးက အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတစ်လျှောက်အကောင်းဆုံးထူးချွန်ဆုရရှိသူနှင့် ရေဆေးပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းပန်းချီအခြေခံသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၈ ရက်မှ ၁၅ ရက်အထိဖြစ်ကာ ပန်းချီဆရာ ဟိန်းသာသာနှင့် သက်ဈာန်ရဲ(မော်တုန်း)တို့က ခဲပန်းချီနှင့် ရေဆေးပန်းချီရေးဆွဲနည်းတို့ကို စာတွေ့/လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ(ထိန်ဝင်း)**



❒ စာမျက်နှာ ၁၁ မှ

ထို့နောက် ကျောင်းထိုင်ဆရာတော်များအဖွဲ့သည် ဒုတိယကျောင်းထိုင်ဆရာတော်များအဖွဲ့နှင့် တတိယကျောင်းထိုင်ဆရာတော်များအဖွဲ့ဟူ၍ ထပ်ဆင့်ကွဲပြားလာခဲ့ပြန်သည်။ ရဟန်းပျိုအဖွဲ့သည် အာဏာရပါတီနှင့် ပူးတွဲနေသဖြင့် အတိုက်အခံပါတီများကလည်း ရဟန်းပျိုအဖွဲ့နှင့် အပြိုင်အဆိုင် ရဟန်းငယ်အဖွဲ့ကို အားပေးအားမြှောက်ပြုခဲ့သည်။ ကျောင်းထိုင်ဆရာတော်များအဖွဲ့သည် ရဟန်းပျိုအဖွဲ့နှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် စာသင်သားတပ်ဦးနှင့် သောတုဇနအဖွဲ့များကို အားပေးအားမြှောက်ပြုခဲ့သည်။ စာသင်သားတပ်ဦးနှင့် ရဟန်းပျိုအဖွဲ့တို့သည် သွေးမြေကျသည်အထိ ပဋိပက္ခပြင်းထန်ခဲ့ရသည်။

၁၉၅၈ ခုနှစ် နိုင်ငံရေးပါတီအကွဲအပြဲ ပဋိပက္ခသည် ရဟန်းသံဃာများအပေါ် ဂယက်ရိုက်ခဲ့ပြန်သည်။ ရွှေဝါရောင်သံဃာအဖွဲ့၊ ပြည်ထောင်စုသံဃာအဖွဲ့၊ သောတုဇနအဖွဲ့၊ ရဟန်းငယ်အဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ကျောင်းထိုင်ဆရာတော်များအဖွဲ့အချို့တို့သည် သူ့ပါတီ၊ ကိုယ့်ပါတီအနိုင်ရရှိရေးအတွက် မဲဆွယ်တရား များကြိုးကြိုးစားစား ဟောပြောခဲ့ကြလေသည်။

**နေလိုလလို ထွန်းလင်းတောက်ပနေခဲ့**

ဤသို့ဖြင့် သာသနာတော်သည်နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်၌ နယ်ကျွံခဲ့ရလေသည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး၏ဆုံးဖြတ်ချက်အရ သံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းသည် တစ်ခုတည်းသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏လက်အောက်၌တည်ရှိကြ၍ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့များဖွဲ့စည်း၍ ဝိနည်းဓိုရ်ဆရာတော်များကို ရွေးချယ်တင်မြှောက်ပြီးလျှင် ဆင့်ကဲဆင့်ကဲ ကြပ်မတ်ကွပ်ကဲအုပ်ချုပ်နိုင်ခဲ့သဖြင့် ယနေ့အခါတွင် မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာတော်သည် ကမ္ဘာ့အလယ်တွင် နေလိုလလို ထွန်းလင်းတောက်ပနေခဲ့ခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရကား နှစ်ပေါင်း ၁၀၀ အတွင်း တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့ဖူးသေးသည့် သံဃာ့ညီညွတ်ရေးကြီးကို ခဲခဲယဉ်းယဉ်း ကြိုးပမ်းတည်ဆောက်ခဲ့ပြီးမှ ဖြစ်တည်လာခဲ့သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့် သံဃနာယကအဖွဲ့များ အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် ခေတ်အဆက်ဆက်နိုင်ငံတော်အစိုးရတို့နှင့်အတူ ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသားအား လုံးက အလေးအမြတ်ပြုထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တင်ပြလိုက်ရပါသည်။ ။

# အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ ဧပြီ ၁၉ ရက်တွင် စတင်မည်

**နယူးဒေလီ မတ် ၁၆**

အိန္ဒိယနိုင်ငံ၏ လာမည့်အထွေထွေ ရွေးကောက်ပွဲကို ဧပြီ ၁၉ ရက်မှစတင်ကာ အဆင့် ခုနစ်ဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း အိန္ဒိယ ရွေးကောက်ပွဲကော်မရှင်က မတ် ၁၆ ရက်တွင် ပြောကြားသည်။

အိန္ဒိယ ရွေးကောက်ပွဲကော်မရှင်နာ ရာဂျစ်ကူးမားက ဇွန် ၁ ရက်အထိ ကျင်းပမည့် ရွေးကောက်ပွဲ အစီအစဉ် အပြည့်အစုံကို သတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့ကြောင်း သိရသည်။

ဆန္ဒမဲရေတွက်ခြင်းကို ဇွန် ၄ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ မဲရုံပေါင်း တစ်သန်းကျော်တွင် ပြည်သူ သန်း ၉၇၀ နီးပါး ဆန္ဒမဲပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ငွေကြေးအများအပြား သုံးစွဲမှု၊ သတင်းမှားများဖြန့်ဝေမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်များ ချိုးဖောက်မှုသည် အဓိကစိန်ခေါ်မှုများဖြစ်ကြောင်း ကူးမားက ပြောကြားသည်။

လာမည့်ရွေးကောက်ပွဲတွင် ဟိန္ဒူအမျိုးသားရေးဝါဒီ ဘီဂျေပီပါတီ (Bharatiya Janata Party) မှ လက်ရှိဝန်ကြီးချုပ် မိုဒီသည် တတိယ ရာထူးသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဝန်ကြီးချုပ် မိုဒီသည် အဓိကအတိုက်အခံ ကွန်ဂရက်ပါတီ ဦးဆောင်သည့် အိန္ဒိယအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာမိတ်အဖွဲ့မှ အမတ်လောင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မိုဒီ၏ ဘီဂျေပီပါတီသည် ၎င်း၏ဦးဆောင်မှုဖြင့် အမတ်နေရာ ၃၇၀ နှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့အတွက် အမတ်နေရာ ၄၀၀ ကျော်ကို ရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဘီဂျေပီပါတီသည် အိန္ဒိယပါလီမန်၏ အမတ်နေရာ ၅၄၃ နေရာရှိသည့်အနက် ၃၀၃ နေရာကို အနိုင်ရခဲ့သည်။ အဆိုပါအောင်မြင်မှုသည် ပါတီစတင်ဖွဲ့စည်းသည့် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပါတီ၏ အကောင်းဆုံးစွမ်းဆောင်ရည်ဖြစ်သည်။




၁၉၄၇ ခုနှစ် ဗြိတိသျှအုပ်ချုပ်မှုမှ လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်အတော်ကြာ အာဏာရရှိခဲ့သည့် အိန္ဒိယကွန်ဂရက်ပါတီသည် ယခုအချိန်တွင် တစ်ကျော့ပြန် အာဏာပြန်လည်ရရှိရန် ရုန်းကန်နေရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# စားနပ်ရိက္ခာနှင့် အထောက်အပံ့များ သယ်ဆောင်လာသည့်သင်္ဘော ဂါဇာကမ်းရိုးတန်းသို့ ရောက်ရှိ

**ဂျေရုဆလင် မတ် ၁၆**

ဂါဇာကမ်းမြောင်၌ ဆိုးရွားသည့် စားနပ်ရိက္ခာပြတ်လပ်မှုကို ဖြေရှင်းရန်အတွက် စားနပ်ရိက္ခာနှင့် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ သယ်ဆောင်လာသည့် သင်္ဘောတစ်စင်းသည် ဂါဇာကမ်းရိုးတန်းသို့ မတ် ၁၅ ရက်တွင် ရောက်ရှိကြောင်း သိရသည်။




အဆိုပါ အထောက်အပံ့ပစ္စည်းများ ပေးပို့မှုကို ဥရောပသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများက ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသ၌ ထိုးစစ်များ ဆက်လက်ဆင်နွှဲလျက်ရှိသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပြည်သူ ၁၄၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပဋိပက္ခစတင်သည့် အချိန်မှစပြီး သေဆုံးသူ ၃၁၄၉၀ အထိ ရှိခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေး အရာရှိများက မတ် ၁၅ ရက်တွင် ပြောကြားသည်။ ဂါဇာကမ်းမြောင်ဒေသရှိ ကလေးအများအပြားသည် အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရကြောင်း မတ် ၁၅ ရက်တွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က သတိပေးပြောကြားသည်။

ဂါဇာမြောက်ပိုင်းရှိ အသက်နှစ်နှစ်အောက် ကလေး ၃၀ ရာခိုင်နှုန်းကျော်သည် ပြင်းထန်သော အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေကြရသည်ဟုအေဂျင်စီက ပြောသည်၊

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသည် ကလေးငယ်များ၏ အသက်ကို ကယ်တင်ရန်နှင့် ၎င်းတို့၏ ဒုက္ခများကို အဆုံးသတ်ရန် တစ်ခုတည်းသောအခွင့်အရေး ဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အမှုဆောင်ဒါရိုက်တာ ကက်သရင်းရူဆယ်လ်က ပြောသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အတိုင်းအတာတစ်ခုအထိ စိတ်ချယုံကြည်စွာ ပေးပို့နိုင်စေမည့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်မှု အများအပြားကို ဖွင့်လှစ်ပေးရန်လည်း ၎င်းကတောင်းဆိုခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများကို အစ္စရေးအစိုးရ ပယ်ချ

**ဂျေရုဆလင် မတ် ၁၆**

ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများနှင့် ဟားမတ်စ်၏ အဆိုပြုချက်ကို အစ္စရေးအစိုးရက ပယ်ချခဲ့ကြောင်း သိရသည်။

ဟားမတ်စ်က မတ် ၁၅ ရက်တွင် အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို အစ္စရေးအစိုးရထံ စေ့စပ်ညှိနှိုင်းရေးနိုင်ငံများဖြစ်သည့် အီဂျစ်နှင့် ကာတာနိုင်ငံတို့မှတစ်ဆင့် တင်သွင်းခဲ့ကြောင်း သိရသည်။

အစ္စရေး တပ်မတော်အနေဖြင့် ၎င်း၏ စစ်ဆင်ရေးကို ချက်ချင်းရပ်တန့်ပြီး ဂါဇာမှ ဆုတ်ခွာရန် ဟားမတ်စ်အဖွဲ့က တောင်းဆိုထားသည်။

ဟားမတ်စ်သည် လက်တွေ့မကျသော တောင်းဆိုချက်များကို ဆက်လက်ဆုပ်ကိုင်ထားဆဲ ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက တုံ့ပြန်ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များသည် စစ်ရေးလှုပ်ရှားမှုကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

ကလေးငယ် ၂၇ ဦးသည် အာဟာရချို့တဲ့မှုကြောင့် သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေး အာဏာပိုင်များက ဆိုသည်။

ထို့ပြင် ပြည်သူများသည် အစားအစာနှင့် အခြားထောက်ပံ့ရေးများကို စောင့်ဆိုင်းလျက်ရှိစဉ် အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

မတ် ၁၄ ရက်အထိ ပြည်သူ ၁၇၅ ဦးကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ၎င်းတို့က ဆိုသည်။ ၎င်းတို့အနက် အချို့သေဆုံးခဲ့ကြောင်း အာဏာပိုင်များက မှတ်ချက်ပြုပြောကြားသည်။

**တင်းမာမှုများ မြင့်တက်နေဆဲ**

မွတ်ဆလင် ရမ်ဇာန်ဥပုသ်လ၏ ပထမဆုံးသောကြာနေ့ဆုတောင်းပွဲမတိုင်မီ ဂါဇာ၌ တင်းမာမှုများ မြင့်တက်နေဆဲဖြစ်သည်။

အစ္စရေးကို အရေးယူ ကန့်ကွက်မှုများ လုပ်ဆောင်ရန် ဟားမတ်စ်က ဂျေရုဆလင်နဲ့ အာရပ်နိုင်ငံများရှိ ပြည်သူများကို တောင်းဆိုထားကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# မြောက်ကိုရီးယားနှင့်ရုရှားနိုင်ငံအကြား ဆက်ဆံရေး မျှော်မှန်းထားသည်ထက်ပိုမိုကောင်းမွန်သည့် အဆင့်သို့ရောက်ရှိနေဟု ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**မော်စကို မတ် ၁၆**

မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးသည် ချောမွေ့ကောင်းမွန်ပြီး မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်သည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ဒရီ ရူဒန်ကိုက ပြောကြားခဲ့သည်ဟု စပွတ်ညစ်သတင်းတစ်ရပ်အရ သိရသည်။

နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း စီးပွားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း (၇၅)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် ၎င်းက ယခုကဲ့သို့ မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။ ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ အစည်းအဝေးကို ပြုံယမ်း၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို နက်နက်ရှိုင်းရှိုင်း ဆွေးနွေးခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် ကိုဗစ်–၁၉ ၏ အကျိုးသက်ရောက်မှုများကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်တိုးမြှင့်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယင်းအပြင် ခရီးသွားလုပ်ငန်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ခဲ့ပြီး ယခုနှစ်အစပိုင်းတွင် ရုရှားခရီးသည်အုပ်စု သုံးစုသည် မြောက်ကိုရီးယားသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား–စပွတ်ညစ်**
**ဘာသာပြန်– အလင်းသစ်**

# တပ်မတော်က အစ္စလာမ်ဘာသာဝင်များကို ရှေ့တန်းပို့နေပြီး တပ်သားစုဆောင်းမှုလည်း ဆက်လုပ်နေကြောင်းနှင့် စစ်မှုထမ်းမည့်လူငယ်များအတွက် တစ်အိမ်ထောင်လျှင် တစ်လငွေကျပ် ၅၀၀၀ နှုန်း စတင်ကောက်ခံဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ







နေပြည်တော် မတ် ၁၆

တပ်မတော်က အတင်းအဓမ္မစုဆောင်းသင်တန်းပေးထားသည့် အစ္စလာမ်ဘာသာဝင်များကို ရှေ့တန်းပို့ စစ်တိုက်ခိုင်းခြင်းကြောင့် တိုက်ပွဲအတွင်းသေဆုံးသွားသည့် အစ္စလာမ်ဘာသာဝင်များရှိနေပြီး တပ်သားသစ်အဖြစ် အတင်းအကျပ် စုဆောင်းမှုများလည်း ဆက်လုပ်နေသည်ဟု ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ကောလာဟလသတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စစ်တွေမြို့နယ်ရှိ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ တပ်မတော်အနေဖြင့် အစ္စလာမ်ဘာသာဝင်များကို အတင်းအကျပ်စစ်သားစုဆောင်းမှုများ ပြုလုပ်သည်ဆိုသည့်သတင်းမှာ ကောလာဟလသတင်းအမှားသာဖြစ်ကြောင်း သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများသည် ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာဝင်များနှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများကို ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

အလားတူ ပွင့်ဖြူမြို့နယ် မင်းမြေကျေးရွာတွင် စစ်မှုထမ်းမည့် လူငယ်များအတွက် တစ်အိမ်ထောင်လျှင် တစ်လငွေကျပ် ၅၀၀၀ နှုန်း စတင်ကောက်ခံကြောင်း ကောလာဟလသတင်းမှားများကိုလည်း အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာ Khit Thit မှ ရေးသားဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရပြီး စစ်မှုထမ်းမည့်လူငယ်များအတွက် တစ်အိမ်ထောင်ငွေကျပ် ၅၀၀၀ နှုန်းကောက်ခံခြင်းလုံးဝမရှိဘဲ အများပြည်သူ အထင်အမြင်လွဲမှားစေရန်အတွက် ဝါဒဖြန့်နေသည့် သတင်းအမှားသာဖြစ်ကြောင်း သိရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် တိုင်းပြည်အေးချမ်းသာယာရေးကို မလိုလားသူများက အမျိုးမျိုးသော ကောလာဟလသတင်းအမှားများဖြင့် ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း အမှတ်(၄၅/၆၀၄)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် MILO ၃၂၁၆ ဘူး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Loop LED မီးသီး အလုံး ၁၁၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

**သိမ်းဆည်းရမိ**

ထို့အပြင် မတ် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၀ လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Ceramic Tiles ၁၁၁၄၅ ဒသမ ၆ စတုရန်းမီတာ၊ Dershan အမွှေးတိုင် ၄၄၃၄ ဒသမ ၁၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၆၅၉၃၂၂) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် ဆေးဝါးများဖြစ်သည့် ACE Syrup အကိုက်အခဲပျောက်ဆေးဘူး ၅၀၀၀၊ Annodis Tablet ပိုးသတ်ဆေး ၈၂၉၉ ဘူးအပါအဝင် ဆေးဝါး ၄၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၄၀၈၂၃၇၅) ကိုလည်းကောင်း၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် SCGC Polypropylene Resin ၁၆၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Htila Royal Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၅၀၆၆၉၇ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Gracia ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကိုလည်းကောင်း၊ စခတ(၈) ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Landcruiser ယာဉ်တစ်စီးနှင့် Toyota Crown ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၂၁၅၈၆၉၇)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၃-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပန်းဆယ်မျိုးထဲမှ မြန်မာ့လက်မှုပန်းပုပညာအလင်္ကာ
- ၀၉:၂၀ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၂၄)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၂၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် 'ပြည်ချစ်သားမွန် တေးသဝဏ်' တေးဂီတပျော်ဖြေပွဲ (ပွဲစဉ်-၂)
- ၁၁:၃၅ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၁၅ MRTV National News
- ၁၃:၄၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုရုပ်ရှင် (ဆုံးရောင်စုံရုပ်ရှင်) 'ဝလည်းငွေးကြွေလည်းငွေး' (ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း၊ မြင့်မြင့်ခိုင်)
- ၁၆:၃၅ Sports Diary
- ၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၇:၃၀ Economic Review
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'ရင်ဘတ်ထဲက အနုပညာ အကယ်ဒမီဒါရိုက်တာညီပုလင်းလွင်' (အပိုင်း-၂)
- ၂၁:၁၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'စစ်ကိုင်းမုန်း၍တိုက်ခဲ့သည်' (ဇင်ပိုင်း၊ နေမင်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ)

### mitv

- 07:02 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:10 A Traditional Snack in NgweSaung (ThaYat Taw Htoe Mont)
- 07:21 Artist Life: Designer Nay Chi Win Lai Yee
- 07:39 Skilled Performance of Traditional Myanmar Colored Glass Ball
- 07:49 Mote Sein Paung from Intaing Village
- 08:01 News
- 08:28 Sagaing: Gold Leaf
- 08:36 Nyaung Oo Phee Island
- 09:01 The Promising Aquarium Fish Farming in Myanmar
- 09:30 Today Myanmar: Scenic Spot, Ngwe Hsaung
- 09:44 A Glimpse of Taungoo & its Delicacies
- 10:01 News
- 10:28 Tha Khut Flowers Salad (Rakhine Style)

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
တို့ရွာအလှနဲ့ရာသီစာ(အပိုင်း-၂)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ရှမ်းတို့ရိုးရာပဲပုတ်အစားအစာ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ကြံစိုက်ပျိုးရေးနှင့်ပဲသီးတင်ပို့ရောင်းချမှု)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
တောင်ပေါ်ဒေသတို့လက်ရာကြက်သားဘူးချဉ်ဟင်း

**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၇)

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သခွားစိုက်ပျိုးနည်း)

**ချင်း (လိုင်ရိုး) (၁၉:၀၀ မှ ၂၀:၀၀)**
သိကောင်းစရာငှက်ဖျားရောဂါအကြောင်း

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ ချင်းပြည်နယ်က အော်ဂဲနစ်စိုက်ပျိုးရေး(အပိုင်း-၁)

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
နဂါးမောက်သီးရဲ့အကျိုးကျေးဇူး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Next Level
- ၁၂:၁၅ စူးစမ်းရှာဖွေ ရေးဟောင်းအမွေ
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ ငွေရာသီနှင့်တောမီးအန္တရာယ်
- ၂၁:၄၅ News Desk

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ယုန်ကမတိုးဗိုက်ကတိုး'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၁၈)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ တောင်သူများဝင်ငွေတိုးစေဖို့ Big M စိုက်ပျိုးရေးခြံနှင့်လက်တွဲစို့
- ၀၆:၄၀ မျိုးမှန်မြေမှန်စိုက်ပျိုးနည်းမှန် မြေဆီဖွံ့ဖြိုးဝင်ငွေတိုး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Thirteen-Lives-2022 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ပင်လယ်ရေချမ်းငွေမှာခန်း(ဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၅ Weekend News

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# တစ်ကေချင်း၏ထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာများ စနစ်တကျလိုက်နာအသုံးပြုဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က နေပြည်တော် ပျဉ်းမနားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁) အလတ်စား စက်ပြင်အလုပ်ရုံတွင် တောင်သူပိုင် ထွန်စက်ကြီးများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ လက်တွန်းထွန်စက်များ၏ ကြံ့ခိုင်မှုပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေမှုနှင့် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှု အထောက်အကူပြု အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၁) အလတ်စား စက်ပြင်အလုပ်ရုံနှင့် စက်မှုလယ်ယာစခန်းများမှ ဝန်ထမ်းများကိုတွေ့ဆုံ၍ လယ်ယာသုံးစက်ကိရိယာများ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် အကျိုးစီးပွားရရှိစေရန်ဆိုင်ရာ စက်ကိရိယာ၏ စွမ်းအားကို အပြည့်အဝ အသုံးချနိုင်ရေး၊ တစ်ဧကထုတ်လုပ်မှုနှင့် လယ်ယာလုပ်သား တစ်ဦးချင်း၏ စွမ်းဆောင်နိုင်မှု မြှင့်တင်ပေးနိုင်ရေး၊ စက်မှုလယ်ယာလုပ်ငန်းကိုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး၊ စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာတွင် ကွင်းအမှတ် (၂၀၇၈) တောင်သူဦးရေ ၇၁ ဦးတို့၏ လယ်မြေတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စနစ်ကျလယ်ယာမြေဧက ၁၅၀ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ကုန်ထုတ်လမ်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း စီမံကိန်းလုပ်ငန်းများ၊ ပေါင်းလောင်းဆည်ရေသောက်စနစ်မှ နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေစပါးဧက ၁၀၂၀၀၊ အခြားသီးနှံ ၁၄၇၅ ဧက၊ ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါး ဧက ၃၄၆၀ နှင့် အခြားသီးနှံဧက ၅၅၄၀ စုစုပေါင်း ၂၀၆၇၅ ဧက စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တောင်သူတစ်ဦးချင်း၏ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ပြီးစီးပါက ရေသွင်း၊ ရေထုတ်စနစ်များ ပိုမိုကောင်းမွန်ပြီး ပေါင်းလောင်းရေလှောင်တမံမှ စိုက်ပျိုးရေလုံလောက်စွာရရှိမည်ဖြစ်၍ သီးထပ်များ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် နည်းပညာများ စနစ်တကျလိုက်နာအသုံးပြုဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



○ ကျောဖုံးမှ

ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးစေပြီး စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ကာ တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်၊ ကျေးရွာများနှင့် လူစည်ကားရာနေရာများကို Drop Bomb များပစ်ချတိုက်ခိုက်ခြင်း၊ အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများကို မကြာခဏလုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် စစ်တွေတပ်နယ်အတွင်းရှိ ကျေးရွာများသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၈ နာရီခန့်တွင် စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ်အဝေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်းသို့ လည်းကောင်း၊ မတ် ၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့ လည်းကောင်း၊ မတ် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် စစ်တွေမြို့နယ် ပါဒလိပ်ကျေးရွာရှိ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းအနီးသို့ လည်းကောင်း၊ မတ် ၁၃ ရက် နံနက် ၉ နာရီခွဲခန့်တွင် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာအတွင်းရှိ စာသင်ကျောင်းကိုလည်းကောင်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင်လည်း စစ်တွေမြို့ စက်ရုံစု(၂) ကုန်းဘောင်ရပ်ကွက်အတွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအပါအဝင် လူနေရပ်ကွက်များအတွင်းသို့ စုစုပေါင်း ၁၃ ကြိမ် ရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထိုသို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ မြို့၊ ရွာများအတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ဒေသခံပြည်သူ ၁၈ ဦး သေဆုံးပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူနှစ်ဦးအပါအဝင် ၄၇ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကာ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်းပြီး အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများသည် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာများအတွင်း လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ပညာရေးအဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ယင်းသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းနှင့် လူနေရပ်ကွက်များအား ရည်ရွယ်ချက်ရှိစွာ ပစ်ခတ်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းပင်ဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှု မရှိကြောင်းနှင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




AA အကြမ်းဖက်များက စစ်တွေမြို့ စက်ရုံစုရပ်ကွက်အတွင်းသို့ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ။





AA အကြမ်းဖက်များက စစ်တွေမြို့ စက်ရုံစုရပ်ကွက်အတွင်းသို့ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ။

## ကျိုင်းတုံမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှု စစ်ဆေး

**ကျိုင်းတုံ မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တုံဆီကျေးရွာရှိ တောင်သူများ စိုက်ပျိုးရေလိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရန်အတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရေဖြန့်ဝေပေးနေမှုအခြေအနေများကို မတ် ၁၄ ရက် နံနက်ပိုင်းက ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများသည် တုံဆီကျေးရွာတွင် တောင်သူ ၈၀ ၏ လယ်ဧက ၁၁၀ ကို စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်ရန် 3HP submersible Pump နှင့် 5.5KW ဆိုလာ ၁၀ ချပ် တပ်ဆင်ခြင်းလုပ်ငန်းများ၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အနက်ပေ ၂၀၀ ရှိ အဝီစိစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ခင်ချောင်းဘေးရှိ အကျိုးပြုကျေးရွာ ရှစ်ရွာမှ လယ်/ယာမြေဧကများအား ဆိုလာစနစ်ဖြင့် ချောင်းရေတင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများရှိ တောင်သူများနှင့်တွေ့ဆုံကာ သီးနှံများစိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးရေရရှိမှုနှင့် ရေသုံးစွဲမှု၊ ကျေးရွာကော်မတီမှ စိုက်ပျိုးရေဖြန့်ဝေပေးနေမှုနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြောင်း သိရသည်။ ၂၂၂

## ကော့သောင်းမြို့၌ စုပေါင်းအမှိုက်ကောက်

**ကော့သောင်း မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ဒေသဆိုင်ရာညှေ့လမ်းညွှန်(အခြေခံ) သင်တန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလက်တွေ့လှုပ်ရှားဆောင်ရွက်သည့် အနေဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဝန်ထမ်းများနှင့် ဒေသဆိုင်ရာညှေ့လမ်းညွှန်(အခြေခံ)သင်တန်းသား သင်တန်းသူများက ယနေ့နံနက်တွင် ကော့သောင်းမြို့(၅၅၅)တောင်တွင် “ပလတ်စတစ်ကင်းစင်ဖို့ စုပေါင်းဆောင်ရွက်စို့”အမှိုက်ကောက်လှုပ်ရှားမှုပြုလုပ်သည်။

ပြည်သူများအား အသိပညာပေးဟောပြောခြင်းများနှင့် ပလတ်စတစ်အမှိုက်များ ပေါ်များရာနေရာများတွင်လည်း အမှိုက်များစနစ်တကျစွန့်ပစ်ခြင်းများ လက်တွေ့လုပ်ဆောင်တတ်စေရန်အတွက် အမှိုက်ကောက်လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# (၂၁)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၆

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူးကျင်းပသည့် (၂၁)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးကိုယ်စား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဌေးအောင် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီက အမှာစကားပြောကြားပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီခင်က (၂၁)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲကျင်းပရခြင်းအကြောင်းအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးသည့် ငွေကျပ် ၂၅ သိန်းအား လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ပေးအပ်ရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မီမီခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။

ယခုနှစ်စာတမ်းဖတ်ပွဲတွင် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံမှ သာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက စာတမ်းပေါင်း ၅၅ စောင်ကို ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**






# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မန္တလေးနည်းပညာတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မန္တလေး မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ် (MTU)၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပင်လုံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းအားလိုက်လံစစ်ဆေး

ပင်လုံ မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းကို ယနေ့ နံနက် ၁၀ နာရီတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက လိုက်လံစစ်ဆေး ဆောင်ရွက်ခဲ့သည်။

၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတစ်ရပ်ဖြစ်သည့်အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းကို ပင်လုံမြို့၌ ဇန်နဝါရီ ၂၁ ရက်မှ မတ် ၃၁ ရက်အထိ ကောက်ကွက်ပေါင်း ၃၂ ကွက်အား ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာအောင် ကြီးကြပ်သည့် မြို့နယ်ဦးစီးမှူး ဦးမိုးမောင်မောင်ခင်နှင့် ဝန်ထမ်းများ၊ ပင်လုံမြို့အုပ်ချုပ်ရေးမှူး၊ ပင်လုံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ရပ်ကွက်စာရေးနှင့် ရာအိမ်မှူး/ဆယ်အိမ်မှူးများပူးပေါင်း၍ အမှတ်(၁)ရပ်ကွက်မှစတင်ကာ လူနေ/လူမနေအဆောက်အအုံများအား Mobile Tablet အသုံးပြု၍ သတ်မှတ် Software အသုံးပြုကာ မှတ်တမ်းတင်ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❖ ဝုလ်ဗာဟမ်တန်မှ

အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပြီး ဝုလ်ဗာဟမ်တန်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ၈၃ မိနစ်မှာ နိုအူရီကတစ်ဂိုး၊ ၈၈ မိနစ်မှာ ဟူဂိုဘူနိုက တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဝုလ်ဗာဟမ်တန်အသင်းက ဘောလုံးပိုင်ဆိုင်မှု ၅၈ ရာခိုင်နှုန်းနဲ့ အသာစီးရယူနိုင်ခဲ့ပေမယ့် ပြိုင်ပွဲပြီးဆုံးချိန်မှာတော့ ဘောလုံးပိုင်ဆိုင်မှု ၄၂ ရာခိုင်နှုန်းသာ ရရှိခဲ့တဲ့ ကိုဗင်ထရီစီးတီးအသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဝုလ်ဗာဟမ်တန်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှုမှာ အသာစီးရယူနိုင်ခဲ့ပေမယ့် ဂိုးပေါက်ကန်သွင်းနိုင်မှု ငါးကြိမ်သာရှိခဲ့ပြီး ကိုဗင်ထရီစီးတီးအသင်းကတော့ ဂိုးပေါက်ကန်သွင်းနိုင်မှု ၁၂ ကြိမ်အထိ ရှိခဲ့တာလည်းဖြစ်ပါတယ်။

ကိုဗင်ထရီစီးတီးအသင်းအနေနဲ့ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်မှာ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပြီး ၁၉၈၇ ခုနှစ်နောက်ပိုင်း အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့ခြင်းလည်းဖြစ်ပါတယ်။ ကိုဗင်ထရီစီးတီးအသင်းဟာ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို အသင်းရဲ့ သမိုင်းတစ်လျှောက် ဒုတိယအကြိမ်မြောက် တက်လှမ်းခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။ **ငွေကြယ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၅ | ၂၇၈၅ | ၂၇၆၅ | ၂၈၆၅ | ၂၈၈၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၂၀ | ၂၈၂၀ | ၃၀၅၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၇၅ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၇ | ၂၆၉၂ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၀ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်မတော်မရှိလျှင် မငြိမ်းချမ်း
# ပြည်သူ့အားနှင့်အတူ ပြည်သူမရှိလျှင် တပ်မတော်လည်း ဖြစ်မလာပါ

**ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးဟာ နိုင်ငံရေး၊ စီးပွားရေး အရေးအရာအားလုံးမှာ ရုန်းကန်နေရတာ အားလုံးအသိပါ။ ကာကွယ်ရေး၊ လုံခြုံရေးအသိအမြင်တွေနဲ့တည်ငြိမ်မှုကို မနည်းထိန်းသိမ်းနေရတယ်။ တစ်ဖက်နဲ့တစ်ဖက် ရန်သူတွေကြား အတိုက်အခိုက်တွေကြားမှာ အမျိုးသားရင်ကြားစေ့ရေးကိုလည်း မနည်းကြိုးစားနေရတယ်။ နိုင်ငံရဲ့ အချုပ်အခြာပဲ့ပါမသွားအောင်လည်း ကာကွယ်စောင့်ရှောက်နေရတယ်။**

စစ်သည်ဟောင်းတစ်ဦး

> **ယနေ့တပ်မတော်သားတွေ ကိုင်တွယ်ပစ်ခတ်နေတဲ့ လက်နက်ငယ်စတဲ့လက်နက်ပေါင်းစုံ ပစ်တတ်ခတ်တတ်ခြင်းဟာ အလွန်ဂုဏ်ယူစရာကောင်းပါတယ်။ မိမိနဲ့သင့်လျော်တဲ့ စစ်ပညာတွေ သင်ကြားခွင့်ရခြင်း၊ လေ့လာခွင့်ရခြင်းဟာ မိမိဘဝမှာ တကယ့်အားဆေးတစ်ခုပါပဲ။ သေချာပါတယ်.. သင်ဟာ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းဆောင်ပြီးရင် လက်နက်ကိုင်ဆောင်ဖူး၊ ပစ်ခတ်ဖူး၊ စစ်ပညာလေ့လာသင်ကြားဖူးပြီး ကြောက်စိတ်ကင်းတဲ့ မိမိကိုယ်မိမိ ယုံကြည်ချက်ပြည့်ဝလာတဲ့သူတစ်ယောက်ဖြစ်လာမယ်ဆိုတာ ပြောရဲပါတယ်။ ဒီလောက်ရိုးရှင်းတဲ့အချက်ကလေးတစ်ခုကိုပဲ ရိုးသားစွာတင်ပြနေရခြင်းဟာ ကျွန်တော်တို့မိဘတွေ၊ သားသမီးတွေကြားမှာ စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး ယနေ့ဖြစ်ပေါ်နေတဲ့ကြောက်စိတ်တွေ လျော့ပါးသွားစေဖို့သာဖြစ်ပါတယ်**

ပြည်သူတွေ၊ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်တိုးတက်လာအောင် အခက်အခဲပေါင်းစုံ၊ စိန်ခေါ်မှုပေါင်းစုံကနေ ရုန်းကန်နေရတယ်၊ အရေးကြီးဆုံးက ဒီမြေ၊ ဒီရေ၊ ဒီပိုင်နက် မဆုံးရှုံးဖို့၊ နိုင်ငံတော်ကြီးမပြိုကွဲဖို့၊ ပြည်သူတွေ ငြိမ်းချမ်းအေးချမ်းဖို့နဲ့ တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် လူ့အဖွဲ့အစည်းအားလုံး ဖွံ့ဖြိုးတိုးတက်သာယာဝပြောဖို့က အဓိကဖြစ်နေတယ်။ ဒါကြောင့် သောင်းကျန်းသူကင်းမှ ဆင်းရဲခြင်းကင်းမယ်ဆိုတဲ့အတိုင်း ဦးတည်ချက်က ဘယ်တော့မှ ပျောက်ပျက်မသွားပါဘူး။

## သမိုင်းပေးတာဝန်အရပြင်ဆင်ရတော့မည်

ဒီတာဝန်အားလုံးကို သမိုင်းပေးအခြေအနေအရ တာဝန်အရ အဓိကထမ်းဆောင်ရတဲ့ အင်စတီကျူးရှင်းက တပ်မတော်ပါ။ အသက်တွေပေးပြီး ပေးဆပ်မှုများစွာနဲ့ ကျေကျေပွန်ပွန်နဲ့ ထမ်းဆောင်နေကြဆဲပါ။ တပ်မတော်သားတွေဟာ ခေတ်အဆက်ဆက် တာဝန်ကျေခဲ့ကြပါတယ်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မနားခဲ့ကြဘူး။ နယ်စွန်နယ်ဖျားမကျန် ဆေးကုသမှု၊ ရေဘေးလေဘေး သဘာဝဘေးပေါင်းစုံမှာ ကျရာအရပ်သွား ဒုက္ခရောက်နေတဲ့ တိုင်းရင်းသားတွေရဲ့ စားရေးသောက်ရေး၊ စားရေရိက္ခာအတွက် ကူညီပါဝင်ခဲ့ကြတယ်၊ ပြည်သူ့အတွက်ဘဝတွေပေး အချိန်တွေပေးခဲ့ကြတယ်။

ဒါတွေပြောနေရတာက ကျေးဇူးတင်ထိုက်သူတွေကို ကျေးဇူးတင်မိလို့ပါ။ နိုင်ငံက ဘက်စုံတိုးတက်ဖို့ဆိုရင် လုံခြုံမှုရှိမှ၊ တည်ငြိမ်မှုရှိမှ မိမိတို့စားဝတ်နေရေး သင့်တင့်မျှတဖို့၊ ကောင်းကောင်းအိပ်ရဖို့၊ ကောင်းကောင်းလုပ်ကိုင်စားသောက်နိုင်ဖို့၊ မိမိတို့ရင်သွေးလေးတွေ ပညာသင်နိုင်ဖို့က မိမိတို့ရပ်ရွာလုံခြုံရေးက အရေးကြီးလာပြီ။ ဒီအချက်ကို စဉ်းစားရတော့မယ်။ ယနေ့ခေတ်အခြေအနေနဲ့ တောင်းဆိုချက်အရ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တစ်ခုတည်းနဲ့ မလုံလောက်တော့တဲ့အခြေအနေဖြစ်လာပြီ။

တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က နေရာအနှံ့ စစ်တိုက်နေရတာ၊ ရေရှည်အတွက်စဉ်းစားရင် ပြည်သူပါ ပါဝင်ဖို့လိုလာပါပြီ။ ပြည်တွင်းတင်မက ပြည်ပနိုင်ငံတကာရေးရာမှာလည်း စစ်မီးက တောက်မယ့်မီးခဲတရဲရဲ၊ ဘယ်နေရာကြည့်ကြည့် ငြိမ်းချမ်းတဲ့နေရာက ခပ်ရှားရှား၊ အနည်းဆုံး တို့ပြည်သူတွေ ကိုယ့်ကိုယ်ကိုယ် ခုခံနိုင်ဖို့၊ ကာကွယ်တတ်ဖို့လိုလာပြီ၊ ခေတ်ကြီးကိုက ကမ္ဘာမီးလောင်သားကောင်ချနင်းတဲ့ခေတ်၊ မိတ်ဆွေစစ် ရှားတဲ့ကာလ၊ ကိုယ့်လူမျိုးအချင်းချင်းတောင် စော်ကားရန်ပြုရဲနေတာ၊ ကျေးဇူးတင်ရမှန်းမသိ ကျေးဇူးကန်းမိစ္ဆာတွေကြားမှာ ဘယ်လိုရပ်တည်မလဲ၊ အားလုံးပြင်ဆင်ထားဖို့လိုပါပြီ။

## ကြောက်စိတ်မရှိဖို့ပါ

ပြောချင်တာက စစ်မှုထမ်းရမှာမကြောက်ဖို့၊ ပြည်သူ့စစ်မှုထမ်းဥပဒေကြီးကို စိုးရိမ်မကဲဖို့ ပြောချင်တာ။ ကြောက်ရမှာက ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့ အကြမ်းဖက်တွေရဲ့ မီးရှို့ဖျက်ဆီးခံရမယ့်အခြေအနေ၊ မိမိနဲ့မိမိ မိသားစု သတ်ဖြတ်ခံရမယ့်အန္တရာယ်ကြီးကြုံခါမှ ဘာစစ်ပညာမှမတတ်၊ ဘယ်လက်နက်မှမကိုင်တတ်ခြင်းကသာ ရှက်စရာ၊ ကြောက်စရာဖြစ်ပါတယ်။ မတော်တဆ အန္တရာယ်ရန်စွယ်ကြုံရရင်တောင်၊ ကိုယ့်ဆီ လက်နက်ရှိနေရင်တောင် ဘာမှမလုပ်တတ်၊ မကိုင်တတ် သူများဓားအောက် လည်စင်းပေးရမယ့်အဖြစ်ကသာ ကြောက်စရာဖြစ်ပါတယ်။

ယနေ့တပ်မတော်သားတွေ ကိုင်တွယ်ပစ်ခတ်နေတဲ့ လက်နက်ငယ် စတဲ့လက်နက်ပေါင်းစုံ ပစ်တတ်ခတ်တတ်ခြင်းဟာ အလွန်ဂုဏ်ယူစရာကောင်းပါတယ်။ မိမိနဲ့သင့်လျော်တဲ့ စစ်ပညာတွေ သင်ကြားခွင့်ရခြင်း၊ လေ့လာခွင့်ရခြင်းဟာ မိမိဘဝမှာ တကယ့်အားဆေးတစ်ခုပါပဲ။ သေချာပါတယ်.. သင်ဟာ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းဆောင်ပြီးရင် လက်နက်ကိုင်ဆောင်ဖူး၊ ပစ်ခတ်ဖူး၊ စစ်ပညာလေ့လာသင်ကြားဖူးပြီး ကြောက်စိတ်ကင်းတဲ့ မိမိကိုယ်မိမိ ယုံကြည်ချက်ပြည့်ဝလာတဲ့ သူတစ်ယောက်ဖြစ်လာမယ်ဆိုတာ ပြောရဲပါတယ်။ ဒီလောက်ရိုးရှင်းတဲ့ အချက်ကလေးတစ်ခုကိုပဲ ရိုးသားစွာတင်ပြနေရခြင်းဟာ ကျွန်တော်တို့မိဘတွေ၊ သားသမီးတွေကြားမှာ စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး ယနေ့ဖြစ်ပေါ်နေတဲ့ ကြောက်စိတ်တွေ လျော့ပါးသွားစေဖို့သာဖြစ်ပါတယ်။

## နည်းမှန်လမ်းမှန်နဲ့ရင်ဆိုင်ဖြေရှင်းဖို့ပဲ ကြိုးစားပါ

ဘယ်အရာမဆို ဆန်းသစ်ဆောင်ရွက်မှုအသစ်တိုင်းမှာ အခက်အခဲပြဿနာတွေ စိန်ခေါ်မှုတွေရှိလာမယ်ဆိုတာ ကြိုတွက်ပြီးဖြစ်ကြမှာပါ။ ကောလာဟလပေါင်းစုံလည်း တစ်ခုအပါအဝင်ပေါ့။ အထူးသဖြင့် ယခုလိုအခြေအနေနဲ့ ယခုလိုကာလမှာ ဒီလိုထုတ်ပြန်ချက်မျိုး ထုတ်ပြန်ခြင်းဟာ စဉ်းစားစရာအများကြီးရှိပါတယ်။ အကြောင်းရှိလို့ အကြောင်းတရားတွေပေါင်းစုံညီညွတ်ပြီး ထွက်ပေါ်လာတဲ့ အကျိုးတရားတွေပဲဖြစ်မှာပါ။ ယခုလို ထုတ်ပြန်ပြီးမှ ခါတော်မီပေါ်လာတဲ့ ပေါ်တာဆွဲဇာတ်လမ်းတွေ၊ အကြောက်တရားနဲ့ ဖြန့်ဝေတဲ့ ကောလာဟလတွေဟာ ဉာဏ်ရည်နိမ့်ပါးသူတွေအတွက်တော့ သူ့ဇာတ်နဲ့သူ့အထာ အံဝင်ခွင်ကျဖြစ်နေတာ တွေ့ရပါလိမ့်မယ်။

နိုင်ငံတော်အတွက်တော့ ဖြစ်နိုင်စရာတွေအားလုံး အစီအစဉ်တကျစီမံပြီးဖြစ်နေပါလိမ့်မယ်။ တစ်လ ပြည်သူ့စစ်မှုထမ်းအသစ်လူဦးရေ ၆၀၀၀ နှုန်းနဲ့ လစဉ်သင်တန်းတွေအတွက် တွက်ချက်ထားခြင်းက အမှန်တကယ် မြေပြင်မှာ စစ်မှုထမ်းဆောင်မယ့် မျိုးချစ်ပြည်သူတွေ အရန်သင့်ရှိပြီးဖြစ်တယ်ဆိုတာ ယုံကြည်ချက်ရှိပြီးဖြစ်နိုင်လို့ပါပဲ။ ဒါကြောင့် ကျွန်တော်တို့မိဘပြည်သူတွေ သားသမီးတွေက မလိုအပ်ဘဲ စိုးရိမ်သောကမများဖို့၊ မကြောက်ကြဖို့ တင်ပြလိုပါတယ်။ ကြောက်စိတ်ဆိုတာ စိုးရိမ်ခြင်း၊ အတွေးလွန်ကဲခြင်းက လာပါတယ်။ ဒါကြောင့် မလိုအပ်တဲ့အတွေးတွေကို ဆင်ခြင်ပညာသိနဲ့ ဖယ်ရှားနိုင်စွမ်းရှိရပါမယ်။ မိမိအတွက် အခက်အခဲပြဿနာပေါင်းစုံဆိုတာ အချိန်မရွေးတွေ့ကြုံရစမြဲပါ။ ဘဝမှာ တစ်ခုမဟုတ်တစ်ခုပါပဲ။ ကျွန်တော့်အတွက်တော့ အခက်အခဲပြဿနာတစ်ရပ်ကြုံရင် ထိုပြဿနာအပေါ် ညည်းတွား ညည်းညူမနေဘဲ ရင်ဆိုင်ဖြေရှင်းလိုက်တာပါပဲ။ နည်းလမ်းတော့ ရှာရမှာပေါ့။ ဒီအလုပ်ကို ယခုမလုပ်လည်း နောင်လုပ်ရမှာပဲလို့တွေးပါ။ ပြဿနာကို ကြာရှည်ပိုက်ထားရင် ကြာလေဆိုးလေ၊ ပိုကြီးထွားလေဖြစ်တတ်တဲ့အတွက် နည်းမှန်လမ်းမှန်နဲ့ စနစ်တကျဖြေရှင်းလိုက်ရင် မဖြေရှင်းခင်က အကြီးကြီးလို့ထင်ထားတဲ့ပြဿနာဟာ တကယ်တော့ ဘာမှမဟုတ်ဘူးဆိုတာ ဖြစ်သွားပါတယ်။ ဒါကြောင့် တင်ပြလိုတာက ပြဿနာတွေ၊ အခက်အခဲတွေကို မကြောက်ပါနဲ့၊ ကိုယ်တိုင်ဖြေရှင်းရမယ့်တာဝန်အဖြစ် ခံယူပြီး သတ္တိရှိရှိနဲ့ဆောင်ရွက်သွားဖို့သာ အပြုသဘော အကြံပြုလိုပါတယ်။

## အကျိုးတရားတွေ အရှည်မြင်တတ်ရန်လိုပါသည်

**အမှန်တကယ် စစ်မှုထမ်းဖြစ်ခဲ့ရင် ရလာနိုင်တဲ့အကျိုးကျေးဇူးတစ်ခုကို ဖွင့်ဟလိုပါတယ်။ ပြောင်းလဲလာနိုင်တဲ့ စစ်ဘက် – အရပ်ဘက်ဆက်ဆံရေးကြောင့် မူလက တပ်မတော်နဲ့ တပ်မတော်သားတွေအပေါ် မြင်နေတဲ့အမြင်တွေ ခံယူချက်တွေဟာ ပြောင်းပြန်ဖြစ်သွားနိုင်ပါတယ်လို့ ယူဆပါတယ်။ ယခင်က အဖွဲ့အစည်းနဲ့လူတွေအပေါ် မလိုမုန်းထားမှုတွေ မှုန်ဝါးနေတဲ့အမြင်တွေဟာ အပြန်အလှန်ခံစားပေးမှု၊ နားလည်ပေးမှုတွေကတစ်ဆင့် လျော့ပါးကြည်လင်သွားနိုင်ပါတယ်။ ယခင်က တပ်မတော်သားကို ကောင်းကောင်းမမြင်ဖူးခဲ့၊ မကြုံဖူးခဲ့သူတွေ အများကြီးရှိပါတယ်။ တကယ်တမ်း ဆက်ဆံကြည့်တဲ့အခါ သူတို့အပေါ် ယခင်ကရှိခဲ့တဲ့ ကြောက်စိတ်ဟာ ရှိတော့မှာမဟုတ်တဲ့အပြင် စစ်ဘက် အရပ်ဘက်ဆက်ဆံရေးလည်း ပြန်လည်ကောင်းမွန်လာမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။**

အားသာချက်ချည်းလည်းမဟုတ် အားနည်းချက်တွေလည်း ရှိကြောင်း တွေ့လာရမှာပါပဲ။ ဒါကြောင့် သူများစကားမှာ လမ်းမဆုံးဘဲ ကိုယ်တိုင်လုပ်ကြည့်မှ သိရမယ့်အရာတွေဟာ မိမိတို့ဘဝမှာ အများကြီးရှိတယ်လို့သာ တင်ပြချင်တယ်။ ဘယ်တော့မှ သူများစကားမှာ မချင့်ချိန်၊ အယုံမလွယ်ဘဲ ကိုယ်တိုင်သိ၊ ကိုယ်တိုင်လုပ်ပြီးမှ ကိုယ်တိုင်ယုံကြည်လက်ခံလာအောင် ကြိုးစားသင့်ပါတယ်၊ အမြင်လည်း ကြည်လာမှ ယုံကြည်ချက်၊ **စာမျက်နှာ ၁၉ သို့** ❂

> **နောက်တစ်ချက် အကြောက်တရားတစ်ခုက စစ်သားဖြစ်ရင် သေဘေးနဲ့နီးမှာ၊ ဒဏ်ရာရ ကိုယ်အင်္ဂါချို့တဲ့နိုင်တာ၊ ပင်ပန်းဆင်းရဲမှာ၊ ဒါတွေလည်း ကြည့်မယ်ဆို လက်ရှိတာဝန်နဲ့အတူ ယှဉ်တွဲလာတဲ့ အရှိတရားတွေပါပဲ။ စစ်ပွဲတွေမှာ ပန်းနဲ့ပေါက်ပြီးတိုက်တဲ့ စစ်ပွဲဆိုတာမရှိပါဘူး။ သေချာဆန်းစစ်ရင် လက်ရှိအရာရှိစစ်သည်တွေက ယခုလို ဘေးအန္တရာယ်တွေကိုသိရှိပြီးမှ မျိုးချစ်စိတ်တစ်ခုတည်းနဲ့ တပ်မတော်ထဲ ဝင်ခဲ့ကြသူတွေပါ။ မသေလို့ကျန်ခဲ့တဲ့ စစ်မှုထမ်းဟောင်းတွေလည်း အများကြီးရှိပါတယ်။ တစ်သက်မှာတစ်ခါပဲ သေရမယ့်ဘဝမှာ မြတ်သောသေခြင်းနဲ့သာသေမယ်။ တို့နိုင်ငံ၊ တို့ပြည်သူ၊ တို့ဘာသာသာသနာကို ကာကွယ်ရင်း သူရဲကောင်းပီသစွာ အသက်စွန့်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ တပ်ထဲဝင်ခဲ့ကြသူတွေပါ။ ဒါကြောင့် စစ်မှုထမ်းတိုင်းလည်း မသေပါဘူးဆိုတာ တင်ပြရင်းနဲ့ ယောကျ်ားပီပီသသနဲ့ အရွယ်ကောင်းတုန်း၊ ကျန်းမာတုန်း နိုင်ငံ့တာဝန်ထမ်းကြဖို့သာ တိုက်တွန်းလို**

# ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့် ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများ၌ အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများနှင့်အညီ နေထိုင်မှု ရှိ/မရှိ၊ တရားမဝင်သူများ နေထိုင်မှု ရှိ/မရှိ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် နံနက် ၉ နာရီခွဲတွင် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ပြီး အိမ်ရာကြီးကြပ်သူ တိုက်တာဝန်ခံများ၊ နေထိုင်သူဝန်ထမ်းများနှင့်တွေ့ဆုံ၍ အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေး ပုံမှန်ပြုလုပ်သွားရန်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများအတိုင်း တိကျစွာလိုက်နာနေထိုင်ရန်၊ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရန်၊ အိမ်ရာများတွင် မသက်ဆိုင်သူများ လာရောက်နေထိုင်ခြင်း မရှိစေရန်၊ ဧည့်သည်လာရောက်တည်းခိုပါက ဧည့်စာရင်းအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ မပျက်မကွက်တိုင်ကြားရန်၊ ဝန်ထမ်းအိမ်ရာနေထိုင်မှုတွင် လိုအပ်ချက်နှင့် အခက်အခဲများရှိပါက အိမ်ရာကြီးကြပ်သူများမှတစ်ဆင့် တင်ပြဆောင်ရွက်သွားရန်၊ ဝန်ထမ်းအိမ်ရာများအနီး၌ ရာသီသီးနှံပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေး၍ ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ မီးဖိုချောင်စရိတ် သက်သာခြင်းနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည့် သီးနှံများဖြစ်၍ ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးကြရန်နှင့် ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ကြရန် မှာကြားသည်။

ထို့နောက် အိမ်ရာအလိုက် ဝန်ထမ်းမိသားစုများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ ရေ၊ မီး ရရှိမှု၊ အခန်းအလိုက် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုနှင့် မိသားစုများ၏ ကျန်းမာရေးအခြေအနေတို့ကို မေးမြန်းကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့တွင် အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၁၆**

မတ် ၁၄ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ကျောက်ကပ်နေ့တွင် ကျောက်ကပ်ရောဂါအကြောင်း သိရှိပြီး ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများကို လုပ်ဆောင်နိုင်ခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာလျက် နေ့စဉ် လုပ်ငန်းဆောင်တာများ ပုံမှန်လုပ်ဆောင်နိုင်ရန် ရန်ကုန်မြို့ ခြောက်မိုင်ခွဲရှိ ကန်သာယာ အထူးကုဆေးရုံကြီး၌ နံနက်ပိုင်းတွင် ကျောက်ကပ်ပါရဂူများနှင့် ဆရာဝန်များက အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် မကူးစက်နိုင်သော ရောဂါတစ်မျိုးဖြစ်သည့် ကျောက်ကပ်ရောဂါကို ဆင်းရဲ၊ ချမ်းသာမရွေး၊ ကလေး၊ လူကြီး မရွေးဖြစ်ပွားလျက်ရှိပြီး ကမ္ဘာ့လူဦးရေ၏ သန်း ၈၀၀ ကျော်တွင် ၁၀ ဦး၌ တစ်ယောက်နှုန်းမှာ နာတာရှည် ကျောက်ကပ်ရောဂါဝေဒနာကို ခံစားရလျက်ရှိရာ ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါနှင့် အဝလွန်ရောဂါများ ဖြစ်ပွားမှုများ လာသည်နှင့်အမျှ နာတာရှည် ကျောက်ကပ် အားနည်းရောဂါဖြစ်ပွားမှုမှာလည်း တိုးမြင့်လာလျက်ရှိကြောင်း အဆိုပါ အသိပေးဆွေးနွေးပွဲမှ သိရသည်။ **ဥသာ**




# မိုင်းတုံမြို့နယ် ကုန်းဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ (ဆဋ္ဌမ)အကြိမ်မြောက်ထုတ်ချေး

**မိုင်းတုံ မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ်မြောက်ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက



ကုန်းဆာကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က ကုန်းဆာကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၁၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းဆာကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မည့် စုစုပေါင်းအသင်းသူ အသင်းသား ၂၁ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၁၀ အား တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

**☆ အာရှဖလားမှ**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ပထမအကြိမ်လေ့ကျင့်ခဲ့ပြီး ဖေဖော်ဝါရီ ဒုတိယပတ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ကာ အင်ဒိုနီးရှားကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယခုဒုတိယအကြိမ် လေ့ကျင့်ရာတွင်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မတ် ၃၀၊ ၃၁ ရက်တွင် ရန်ကုန်မြို့၌ အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်သည်။ ထို့ပြင် အာရှဖလား ဖူဆယ်ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်ပြီး နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရထားသည့် လက်ရွေးစင်အသင်းအချို့နှင့် ခြေစမ်းပွဲကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာအသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အိမ်ရှင်ထိုင်း၊ ဗီယက်နမ်၊ တရုတ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

❂ စာမျက်နှာ ၁၈ မှ

ခံယူချက်များ ခိုင်မာလာမှာ ဖြစ်လို့ပါပဲ။

**နောက်တစ်ချက် အကြောက်တရားတစ်ခုက စစ်သားဖြစ်ရင် သေဘေးနဲ့နီးမှာ၊ ဒဏ်ရာရ ကိုယ်အင်္ဂါချို့တဲ့နိုင်တာ၊ ပင်ပန်းဆင်းရဲမှာ၊ ဒါတွေလည်း ကြည့်မယ်ဆို လက်ရှိတာဝန်နဲ့အတူ ယှဉ်တွဲလာတဲ့ အရှိတရားတွေပါပဲ။ စစ်ပွဲတွေမှာ ပန်းနဲ့ပေါက်ပြီးတိုက်တဲ့ စစ်ပွဲဆိုတာ မရှိပါဘူး။ သေချာဆန်းစစ်ရင် လက်ရှိ အရာရှိစစ်သည်တွေက ယခုလို ဘေးအန္တရာယ်တွေကို သိရှိပြီးမှ မျိုးချစ်စိတ်တစ်ခုတည်းနဲ့ တပ်မတော်ထဲ ဝင်ခဲ့ကြသူတွေပါ။ မသေလို့ ကျန်ခဲ့တဲ့ စစ်မှုထမ်းဟောင်းတွေလည်း အများကြီးရှိပါတယ်။ တစ်သက်မှာတစ်ခါပဲ သေရမယ့်ဘဝမှာ မြတ်သောသေခြင်းနဲ့သာသေမယ်။ တို့နိုင်ငံ၊ တို့ပြည်သူ၊ တို့ဘာသာသာသနာကို ကာကွယ်ရင်း သူရဲကောင်းပီသစွာ အသက်စွန့်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ တပ်ထဲဝင်ခဲ့ကြသူတွေပါ။ ဒါကြောင့် စစ်မှုထမ်းတိုင်းလည်း မသေပါဘူးဆိုတာ တင်ပြရင်းနဲ့ ယောကျ်ားပီပီသသနဲ့ အရွယ်ကောင်းတုန်း၊ ကျန်းမာတုန်း နိုင်ငံ့တာဝန်ထမ်းကြဖို့သာ တိုက်တွန်းလိုပါတယ်။**

### အမျိုးသမီးစစ်မှုထမ်းများအတွက် သင့်တော်သည့်ကဏ္ဍများရှိသည်

ယနေ့ခေတ်စစ်ပွဲတွေဟာ လူသားအရင်းအမြစ်၊ စီးပွားရေးအရင်းအမြစ် စတဲ့အရင်းအမြစ်တွေအပေါ်မှာ အများကြီးတည်မှီလာပါပြီ။ အထူးသဖြင့်လူသားအရင်းအမြစ်ပါ။ ယောကျ်ား၊ မိန်းမ မဟူ တန်းတူယှဉ်နေတဲ့ခေတ်ကြီးမှာ မိန်းမတွေကို အားနွဲ့တဲ့ ထိခိုက်လွယ်အုပ်စုထဲ ထည့်သွင်းထားခြင်းဟာ သူတို့အပေါ် ချိုးနှိမ်ရာကျတယ်လို့ မြင်ပါတယ်။ မြန်မာအပါအဝင် ယနေ့ခေတ်တပ်မတော်တွေမှာ အမျိုးသမီးစစ်သည်တွေအနေနဲ့ ကြည်း၊ ရေ၊ လေ တိုက်ပွဲဝင်တပ်ဖွဲ့အသီးသီးမှာ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်း ပါဝင်ထမ်းရွက်နေကြပါပြီ။ ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်နေ့သန်းခေါင်စာရင်းအရလည်း မြန်မာနိုင်ငံ ခန့်မှန်းလူဦးရေ ၅၅ သန်းမှာ အမျိုးသမီးက ၂၈ ဒသမ ၇ သန်း၊ အမျိုးသားက ၂၆ ဒသမ ၃ သန်းနဲ့ အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် ပိုများတာတွေ့ရတယ်။ နောက်ပိုင်းအခြေအနေတွေအရလည်း အမျိုးသားဦးရေက ယခုဂဏန်းထက် ပိုနည်းပါးနိုင်ခြေလည်းရှိမယ်။ ဘယ်လိုဖြစ်ဖြစ်ပါ။

**အမျိုးသမီးလူသားအရင်းအမြစ်ကို တပ်မတော်မှာ သူ့နေရာနဲ့သူ ကျွမ်းကျင်မှုကဏ္ဍအလိုက် ထိထိရောက်ရောက် အသုံးချနိုင်ရင် သင့်တော်မယ်ထင်ပါတယ်။ ဥပမာ– ဆေးတပ်ဖွဲ့၊ ဆက်သွယ်ရေး၊ တပ်ထိန်း၊ ပြန်ကြားရေးနဲ့ဖြေဖျော်ရေးလို ကဏ္ဍတွေကို ဆိုလိုပါတယ်။ လက်ရှိအခြေအနေမှာ အမျိုးသမီးတွေကို စစ်မှုထမ်းခွင့်ပေးမထားရင်တောင် ဖော်လံတီယာတောင်းဆိုချက်တွေရှိလာရင် သီးခြားစဉ်းစားပေးနိုင်ဖို့လည်း အကြံပြုလိုပါတယ်။**

တကယ်တမ်း နိုင်ငံနဲ့ ပြည်သူအတွက် အရေးကြုံလာရင် အားကိုးရန်က တပ်မတော်ပဲရှိပါတယ်။ ပြည်သူတွေရဲ့အသက်ကို ကာကွယ်စောင့်ရှောက်ရမယ့်တာဝန်ကလည်း တပ်မတော်မှာပဲ ရှိပါတယ်။ သို့သော် ပိုပြီးလုံခြုံသွားအောင်၊ ပိုပြီးကာကွယ်နိုင်အောင်အတွက် တပ်မတော်နဲ့ပြည်သူ အပြန်အလှန်စေတနာထားကြဖို့ လိုအပ်လာပါပြီ။ လက်ရှိအခြေအနေမှာ တပ်မတော်ရဲ့အင်အားချည့်နဲ့သွားလို့ မဖြစ်ပါဘူး။ ပြည်သူရဲ့အားဟာ တပ်မတော်အတွက် အားဆေးတစ်ခွက်ဖြစ်သလို တပ်မတော်သားတွေရဲ့ အသက်ခန္ဓာဟာလည်း ပြည်သူ့အတွက်ပဲ ဖြစ်ပါတယ်။ ဒီအချက်က တပ်မတော်ရဲ့ အလွန်ခိုင်မာတဲ့ခံယူချက်ဖြစ်ပါတယ်။

**ပြည်သူတွေရဲ့အားနဲ့ တည်ဆောက်ထားတဲ့ တပ်မတော်ရှိနေသရွေ့ တိုင်းပြည်လည်း အင်အားတောင့်တင်းနေပါမယ်။ နိုင်ငံမလုံခြုံရင် ငါတို့လည်းမလုံခြုံဟု လုံခြုံရေးအမြင်ရှိနေတဲ့ ပြည်သူတွေရှိနေတဲ့ တိုင်းပြည်ရဲ့ ကာကွယ်ရေးအင်အားဟာ ဘယ်တော့မှ ဆုတ်ယုတ်နိုင်ဖွယ်ရာ မရှိပါဘူး။ ယခုအတည်ဖြစ်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေက နိုင်ငံနဲ့ ပြည်သူကို ကာကွယ်ဖို့ရန် အဓိကဖြစ်ပြီး စစ်ကိုမုန်းလွန်းလို့ ထုတ်ပြန်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ နောက်ထပ်နောက်ထပ် စစ်ပွဲတွေ ထပ်မဖြစ်အောင်နဲ့ စစ်ဖြစ်ချင်သူတွေက ဖန်တီးလာမယ့်စစ်ကို ဟန့်တားနိုင်ဖို့သာ ရည်ရွယ်ထားပါတယ်။ အကယ်၍ ကျူးကျော်စစ်ဖြစ်ခဲ့ရင်လည်း ထိုပြည်သူ့ကာကွယ်ရေးအင်အားနဲ့ပဲ ကျူးကျော်သူတွေကို အနိုင်ယူဖို့ ဖြစ်ပါတယ်။ အရေးကြီးတာက ကြောက်စိတ်မရှိဖို့၊ မစိုးရိမ်ကြဖို့ပါ။ ကြောက်စိတ်ဆိုတာ အောင်မြင်မှုရဲ့ရန်သူပါပဲ။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အတူ ကြောက်စိတ်မှ ကင်းဝေးဖို့နဲ့ ထိတ်လန့်မှုတွေ၊ သောကတွေကနေ ဝေးကွာဖို့ ပြည်သူ့စစ်မှုထမ်းရေးမှာ နိုင်တဲ့ဘက်က ပါဝင်ကြဖို့သာ ရေးသားတင်ပြလိုက်ရပါတယ်။** ။

ဝတ္ထုတို

## ■ မေချိုးသွယ်
## (တွံတေးမြေ)

# ချစ်ရာမရောက် နှစ်ရာရောက်




(၁)

“အမေ သား ကျောင်းသွားတော့မယ်။ မုန့်ဖိုးပေးဦး”

ချမ်းမင်းသည် ဆယ်တန်းကျောင်းသား ဖြစ်သည်။ သူသည် မမြရီ၏ တစ်ဦးတည်းသော သားဖြစ်သည်။ သူသည် အပေါင်းအသင်းခုံမင်သည်။ အပျော်အပါးခုံမင်သည်။ ကျောင်းသားကောင်းထဲတွင် မပါဝင်သလို ကျောင်းရှိကျောင်းအပြေးဆုံး ကျောင်းသားစာရင်းထဲတွင် ပါဝင်နေခဲ့သည်။ ဤသည်ကို မိခင်ဖြစ်သူ မမြရီ မသိခဲ့ပေ။ မမြရီသည် သားကိုချစ်သည်။ ပိုက်ဆံရှိ လူတန်းစားထဲမှ မဟုတ်သော်လည်း သားဖြစ်သူကို မျက်နှာမငယ်စေရန် အစစအရာရာ အလိုလိုက်ခဲ့သည်။ ငွေကြေးပြည့်စုံအောင် ထားပေးခဲ့သည်။

မမြရီတစ်ယောက် ကျောင်းသွားရန် မုန့်ဖိုးတောင်းနေသည့် သားဖြစ်သူကို ကြည့်ကာပြုံးလိုက်ပြီး “သောက်ရေအိုးစင်ပေါ်မှာ ထမင်းချိုင့်ယူသွား။ မုန့်ဖိုး ၂၀၀၀ က အမေ့ဆီလာယူ”

“ဟင် ၂၀၀၀ ထဲလား အမေကလဲ”

အမေ လှမ်းပေးသော ငွေ ၂၀၀၀ ကို မယူသေးဘဲ ချမ်းမင်းပြောလိုက်ခြင်းဖြစ်သည်။ မမြရီသည် သားဖြစ်သူ၏ အကြောင်းကို သိနေသူပီပီ အပ်ချုပ်စက်ခုံ အံဆွဲထဲမှ ငွေ ၃၀၀၀ ကို ထပ်ယူလိုက်ပြီး

“အမေ့သားအကြောင်းကို အမေ သိပြီးသားပါ။ ဒီမှာ ၃၀၀၀ ထပ်ပေးလိုက်မယ်။ သားလိုချင်တာ ဝယ်နော်။ မုန့်လည်းစား။ မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်”

“ဟုတ်ကဲ့ပါ မေမေရဲ့။ သားကလေ ဒါကြောင့် မေမေ့ကို ချစ်တာ”

သူ့ပါးကို နမ်းလိုက်သော သားကြောင့် မမြရီ သွားတန်းလေးတွေ ပေါ်သည်အထိ ပြုံးလိုက်မိသည်။ ထို့နောက် သား၏ ပါးလေးကို ခပ်ဖွဖွ လိမ်ဆွဲရင်း

“သွားတော့ ကျောင်းနောက်ကျမယ်”

“ဟုတ်ကဲ့ မေမေ”

သူ့ကို နှုတ်ဆတ်ထွက်သွားသော သားကိုကြည့်ပြီး မမြရီ ပြုံးနေမိသည်။ အမေတစ်ခု သားတစ်ခုဘဝတွင် သားသည်သာ သူ့အတွက် အရာရာဖြစ်စေခဲ့သည်။

(၂)

“မြရီ ညည်းရဲ့သားကို ဒီလိုပဲ အလိုလိုက်ထားတော့မှာလား”

အပ်ချုပ်ခုံ၏ ဘေးတွင် ထိုင်ကာ အဝတ်ပိတ်စညှပ်နေသော မမြရီ အနားသို့ မိခင်ဖြစ်သူ ဒေါ်မြသန်း ရောက်လာကာ မေးလိုက်ခြင်းဖြစ်သည်။ မမြရီလည်း အမေ မေးလာသော စကားကြောင့် အဝတ်စညှပ်နေသည့် ကတ်ကြေးကို ကြမ်းပြင်ပေါ် ချလိုက်ပြီး

“ဘာကိုပြောချင်တာလဲ အမေ”

“ဩော် ဘာကိုပြောချင်တာလဲ ဟုတ်လား၊ ညည်းသား ချမ်းမင်းက ငွေကို ရေလိုသုံးနေတာကို ပြောနေတာ”

မိခင်၏ အလိုမကျ ပြောဆိုလာမှုကြောင့် မမြရီ သက်ပြင်းကိုချလိုက်ပြီး

“အမေရယ် ကလေးက ဆယ်တန်းကျောင်းသားပဲ ဖြစ်နေပြီ သူလည်း သူငယ်ချင်းတွေနဲ့ တန်းတူညီတူ ငွေကို သုံးချင်ရှာမှာပေါ့ အမေရယ်၊ သားက လိမ္မာပါတယ်”

မမြရီ စကားကြောင့် ဒေါ်မြသန်း မျက်နှာကို မဲ့လိုက်ပြီး

“အေးပါ၊ ညည်းရဲ့ အလိမ္မာဆုံးသားက သားဆိုးတော့ မဖြစ်စေနဲ့ပေါ့အေ”

ခပ်တိုးတိုးလေး ဆိုလာသည့် မိခင်စကားကြောင့် မမြရီ သက်ပြင်းကိုသာ ချလိုက်မိလေသည်။ ဖတဆိုးသားလေး ဖြစ်၍ မိမိအလိုလိုက်ချစ်ခဲ့သည်မှာ သား၏ အကျင့်စရိုက်များကို ပျက်စီးစေခဲ့ပြီးလားဟု ပြန်တွေးရင်း မမြရီ တစ်ယောက် သားငယ်ချမ်းမင်းအတွက် ရင်မောရပြန်ပါသည်။

(၃)

“ချမ်းမင်း မင်းပိုက်ဆံဘယ်လောက်ပါလဲ”

သူငယ်ချင်းဖြစ်သူ ဝေလင်း၏ မေးခွန်းကြောင့် ကျောပိုးအိတ်ထဲရှိ သောင်းတန်ငွေစက္ကူ သုံးရွက်ကို ထုတ်ပြပြီး

“ငါ့မှာ ဒါတော့ပါတယ်”

“သုံးသောင်းကြီးများတောင်၊ ပွတာပဲ၊ ငါတို့ဂျင်ဝိုင်းသွားရအောင်”

ဝေလင်း၏ ပျော်ရွှင်စွာပြောလာသည့် စကားကြောင့် ချမ်းမင်းမျက်ခုံးတွေ တွန့်ချိုးလိုက်ပြီး

“ကျောင်းချိန်ကရော ဘယ်လိုလုပ်မှာလဲ”

“အဟဲ ကျောင်းပြေးပြီး လောင်းကစားဝိုင်း သွားကြတာပေါ့။ ဘာဆန်းတာမှတ်လို့”

“အေးကွာ။ အရင်ကလည်း ကျောင်းပြေးနေကြပဲ။ ပြေးတာပေါ့ အဟက်”

သူငယ်ချင်းနှစ်ယောက် လက်ထဲကိုင်ထားသော ငွေစက္ကူ သုံးသောင်းကို ကြည့်၍ စာသင်ကျောင်း၏ တစ်လမ်းကျော်တွင်ရှိနေသည့် လောင်းကစားဝိုင်းရှိရာသို့ ထွက်ခဲ့ကြ သည်။ ကစားဝိုင်းကို ရောက်သည့်အခါ ချမ်းမင်းတွင် ပါလာသော ငွေသုံးသောင်းကို ကစားဝိုင်းတွင် အသုံးပြုလိုက်ကြသည်။ ကစားဝိုင်းမှ ပြန်လာသည့်အခါ ပုံမှန်သွားနေကျ လက်ဖက်ရည်ဆိုင်ကို ဝေလင်းနှင့် ချမ်းမင်း အတူထွက်ခဲ့ကြသည်။

“ရော့ ချမ်းမင်း။ ဒီဆေးလိပ်သောက်လိုက်ဦး။ မင်း စိတ်တွေ လန်းသွားလိမ့်မယ်”

ချမ်းမင်းတစ်ယောက် ဝေလင်း လှမ်းပေးသော ဆေးလိပ်ကို လက်ကြားထဲ ညှပ်ပြီး အားရပါးရ ဖွာရှိုက်လိုက်၏။

“ဒီအရသာ မခံစားရတာကြာပြီပဲ”

“မင်းကြိုက်တယ် မဟုတ်လား”

ဆေးလိပ်ကို လက်ကြားညှပ်ကာ ဟန်ပါပါ မေးလာသူက ဝေလင်းဖြစ်သည်။ ချမ်းမင်းသည် ဝေလင်း မေးလာသည့် စကားကြောင့် နှုတ်ခမ်းကို တွန့်ရုံ ပြုံးလိုက်ပြီး

“ကြိုက်တာပေါ့၊ လောကနိဗ္ဗာန်အစစ်ကို ခံစားနေရသလိုပဲ”

ချမ်းမင်းနှင့် ဝေလင်း နှစ်ဦးသား လက်ဖက်ရည်သောက်ရင်း ဆေးလိပ်ကို အားရပါးရဖွာနေမိသည်။ သူတို့မသိလိုက်သည်မှာ သူတို့၏ ကျောင်းပြေးတိုင်စာများသည် အိမ်ကိုရောက်နေပြီ ဖြစ်သည်။

(၄)

“ဒါက ဘယ်လိုဖြစ်ရတာလဲ ချမ်းမင်း”

မမြရီတစ်ယောက် ကျောင်းမှတိုင်စာကို လက်ခံရရှိပြီးသည့်အခါ ဒေါသတွေ ဖြစ်ပေါ်လာရသည်။ သူသည် သားကို ပညာတတ်ဖြစ်စေချင်၍ ကျောင်းထားပေးခဲ့သည်။ ဤသည်ကို ကျောင်းစာသွားမသင်ဘဲ အပြင်မှာ ဖြစ်ချင်သလိုဖြစ်နေသော သားကို စိတ်ပျက်ဒေါသဖြစ်နေရသည်။ တိုင်စာကို ချမ်းမင်းအရှေ့သို့ မမြရီ ပစ်ချပေးလိုက်ပြီး

“ပြောပါဦး။ လျှောက်လဲချက်တွေ။ ဘယ်လိုတွေကြောင့် ကျောင်းပြေးရတာလဲ။ ပြီးတော့ ဘာတွေလုပ်နေတာလဲ။ ကျောင်းပြေးတာလဲ ဆယ်ကြိမ်မကတော့ဘူးဆို။ အဲဒါ ဘယ်လိုဖြစ်ရတာလဲ။ ငါ့ကို ပြောစမ်း ချမ်းမင်း”

ချမ်းမင်းတစ်ယောက် မိခင်ဒေါသကို သိနေသဖြင့် မိခင်ကို မရဲတရဲကြည့်လိုက်ပြီး “သား သူငယ်ချင်းနဲ့ အပြင်သွားပြီး လျှောက်လည်နေတာပါ မေမေ”

“ဘာ”

မမြရီ၏ ဒေါသတို့သည် အတိုင်းအထက်လွန်ဖြစ်သွားခဲ့ရချေပြီ။ ထို့ကြောင့် အပ်ချုပ်ခုံပေါ်ရှိ သံပေတံကို ယူလိုက်ပြီး

“နင့်ကို ငါအလိုလိုက်လို့ နေချင်သလိုနေ၊ လုပ်ချင်သလိုလုပ်လိုက်တာလား ချမ်းမင်း။ ဘာလဲ နင် ကျောင်းမနေချင်တော့ဘူးလား”

“ဟုတ်တယ် အမေ။ သား ကျောင်းမတတ်ချင်တော့ဘူး”

မမြရီ မေးခွန်းနှင့်အတူ ထပ်တူညီစွာ ပြန်ဖြေလာသော သားဖြစ်သူ၏ အဖြေကြောင့် သူ့ဒေါသသည် အစွန်းရောက်သွားရသည်။

“ကဲဟယ် ကျောင်းမတတ်ချင်ဦး”

မမြရီသည် သားဖြစ်သူ၏ ခြေသလုံးများအား ဒေါသစိတ်ဖြင့် ရိုက်မိလေသည်။ ချမ်းမင်းသည် မျက်ရည်တစ်စက်မှ မကျခဲ့ပေ။ မမြရီမှာသာ မျက်ရည်တွေကျရင်း သားဖြစ်သူကို ရိုက်နေခြင်းဖြစ်သည်။ သူ့ရင်ထဲမှာ မွန်းကြပ်လာရပြီး သားဖြစ်သူကို ရိုက်နေသည် ပေတံကို ကြမ်းပြင်ပေါ် ပစ်ချကာ ငိုရှိုက်မိလေသည်။

(၅)

“အခုတော့ ဘယ်နှယ်ရှိစ မိမြရီ။ ညည်းသားကို အလိုမလိုက်ပါနဲ့ ငါမပြောခဲ့ဘူးလား။ သားသမီးကို ချစ်တာက ချစ်။ မနှစ်နဲ့လို့ ညည်းကို အမေ မပြောခဲ့ဘူးလား သမီး။ ညည်းတို့ မောင်နှမတွေကို အမေ ဘယ်လို ထိန်းသိမ်းခဲ့ရလဲ။ အမေ ညည်းတို့ကို ချစ်တယ်။ အမေ အလိုမလိုက်ခဲ့ဘူး သမီး။ ဒါဟာ အမေက အမေ့သားသမီးတွေကို ချစ်လို့လေ။ ညည်းတို့ အဖေမရှိတော့တဲ့ အချိန်ကတည်းက အမေဟာလည်း အမေ၊ အဖေဟာလည်း အမေ ဘဝနဲ့ရပ်တည်ပြီး သမီးတို့မောင်နှမတွေကို ပျိုးထောင်ခဲ့တာ သမီးသိပါတယ်။ ချမ်းမင်း ငွေသုံးကြမ်းနေကတည်းက တစ်ခုခု လွဲနေပြီဆိုတာ အမေ သိထားတယ်။ အချိန်မီ တားဆီးပါ။ လူတော်လူကောင်းလေးတစ်ယောက်ကို သမီးရဲ့ ချစ်ပုံချစ်နည်း မှားယွင်းခဲ့လို့ ဘဝမပျက်စေချင်ဘူးကွယ်”

ဒေါ်မြသန်းသည် မြေးဖြစ်သူနှင့် သမီးဖြစ်သူ၏ ဖြစ်ပျက်နေသည့် ကိစ္စအရပ်ရပ်ကို သိနေသူပီပီ သမီးဖြစ်သူကို ဆုံးမရန် ကြိုးစားပြန်သည်။ မမြရီသည် မိခင်ပြောလာသည့် စကားတို့ကို ပြန်လည်ချေပနိုင်ခဲ့ခြင်းမရှိပေ။ ဖတဆိုးသားလေး ဖြစ်နေ၍ သူအလိုလိုက်ခဲ့သည်။ အစစအရာရာ ဂရုတစိုက်ချစ်ပေးခဲ့သည်။ ထိုသို့ သူချစ်ပေးခဲ့သော ချစ်ခြင်းတွေကို သားသည် စော်ကားရက်ခဲ့သည်။ သူဝမ်းနည်း၍ မဆုံးပေ။ သားကိုချစ်လွန်း၍ နှီးတစ်ပင်ဖြင့်ပင် မရိုက်ခဲ့ဘူးသော သူသည် ယခုတော့ မာကြောသော ပေတံတစ်ချောင်းဖြင့်လည်း ရိုက်ပစ်နိုင်ခဲ့သည်။ ဤသည်ကလည်း သားအပေါ်ထားသည့် သူ့၏ ကရုဏာဒေါသတွေကြောင့်သာ ဖြစ်သည်။

(၆)

ချမ်းမင်း၏ ကျောင်းမနေချင်ဘူးဆိုသည့် စကားကြောင့် မမြရီသည် သားကို စိတ်ဆိုးကာ ကျောင်းဆက်မထားတော့ပေ။ ဆယ်တန်းကို နှစ်ဝက်ကျိုးမှ ကျောင်းနားစေခဲ့သည်။ ထို့အပြင် ပိုက်ဆံကိုလည်း ယခင်ကဲ့သို့ ပေးမကိုင်တော့ပေ။ ဤသည်က ချမ်းမင်းအတွက် အကျပ်အတည်း ဖြစ်စေခဲ့သည်။ ယခင်က ဝေလင်းထံမှရရှိခဲ့သော ဆေးခြောက်မှုန့်သည်လည်း သူမရတော့။ ထိုသို့ မရနိုင်သည့်အခါ သူ့၏ ခန္ဓာကိုယ်တို့သည် ယားယံကာ နေမထိထိုင်မထိ ဖြစ်လာရသည်။ ဤသည်က ဆေးခြောက်ကို လိုအပ်လာသည့်အခါ ပြသသည့် လက္ခဏာ ဖြစ်သည်။

“သား ဘာဖြစ်နေတာလဲ”

မမြရီတစ်ယောက် ညစာစားရန် သားဖြစ်သူအား လာရောက်ခေါ်စဉ် တွေ့လိုက်ရသော မြင်ကွင်းကြောင့် မျက်ဝန်းတွေ ပြူးကျယ်ကာ စိုးရိမ်ထိတ်လန့်သွားရသည်။ ခန္ဓာကိုယ်တစ်ခုလုံး တွန့်လိမ်ကာ ခန္ဓာကိုယ်ရှိအသားတွေကို အရူးတစ်ယောက်ကဲ့သို့ ကုတ်ဖဲ့နေသည်မှာ မြင်မကောင်းပေ။

“သား ဘာလုပ်နေတာလဲ အဲဒါ။ အဲလို မလုပ်ရဘူးလေ”

မမြရီတစ်ယောက် သားဖြစ်သူ၏ လက်ကို ဖမ်းချုပ်နေသည့်တိုင် ချမ်းမင်းသည် မိခင်လက်ထဲမှ အတင်းရုန်းကန်နေခဲ့သည်။

“ပေးပါ။ သနားရင် ပေးပါ”

“ဘာကိုပေးရမှာလဲ သားရဲ့။ အမေက သားကို ဘာပေးရမှာလဲ”

မမြရီတစ်ယောက် ဝေဒနာခံစားနေရသော သားဖြစ်သူ၏ အဖြစ်ကို မကြည့်ရက်သဖြင့် မျက်ရည်များ ဝေ့သီလာရသည်။ ချမ်းမင်းသည် မိခင်၏ လက်ကို အားကိုးတကြီးဆုပ်ကိုင်ပြီး

“ဆေး ။ ဆေးခြောက်။ ဆေးခြောက်ပေးပါ”

“ဘာ ဘာပြောလိုက်တယ်”

မမြရီတစ်ယောက် အံ့ဩထိတ်လန့်မှုနှင့်အတူ သားကို မမြင်ဘူးသူတစ်ဦးကဲ့သို့ ကြည့်ရင်း

“မင်း ဘာပြောလိုက်တယ် ချမ်းမင်း။ မင်း၊ မင်း မူးယစ်ဆေးတွေ သုံးနေတယ် ဟုတ်လား”

“ဆေးပေးပါ။ ဆေးပေးပါ။ ကျွန်တော်... ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကို ဆေးပေးကြပါ”

“သား၊ သား ချမ်းမင်း”

မမြရီတစ်ယောက် ဆေးခြောက်ကို အရူးအမူးတောင်းခံနေသည့် သားကို ကြည့်ပြီး ရင်တွေကွဲလာသကဲ့သို့ ခံစားလာရသည်။ သားကို သူစိတ်ရှိတိုင်း အလိုလိုက်ခဲ့မိသည်မှာ ထိုကဲ့သို့ ဖြစ်စေခဲ့တာလား။ သားကို ကြည့်ပြီး သူ့ရင်တွေနာလှသည်။ သူချစ်ရလွန်းသဖြင့် အလိုလိုက်ခဲ့သော သား၏ အဖြစ်ဆိုးသည် သူ့ရင်ကို မီးစဖြင့် ထိုးနေသကဲ့သို့ နာကျင်လွန်းလှသည်။

(၇)

ချမ်းမင်း၏ ဆိုးရွားလွန်းသည့် အခြေအနေကြောင့် ညတွင်းပင် ဆေးရုံတင်လိုက်ရသည်။ ဆေးရုံရောက်သည့်အခါ ဆေးရုံရှိ ဆရာဝန်တို့သည် ချမ်းမင်းအား ငြိမ်သက်သွားအောင် ပြုလုပ်ခဲ့သည်။ ထို့နောက် မူးယစ်ဆေးဖြတ်ရန် မိခင်ဖြစ်သော မမြရီနှင့် ဆွေးနွေးခဲ့သည်။ ထိုအခါ မမြရီသိလိုက်ရသည်မှာ ချမ်းမင်းသည် မူးယစ်ဆေး အသုံးပြုနေသည်မှာ ကြာပြီဖြစ်ကြောင်း သိခဲ့ရသည်။ ထိုအခါ ရင်နာစွာ သူငိုမိသည်။ မိခင်ကြီးပြောသည့် “သားသမီးကို ချစ်ရာမရောက် နှစ်ရာရောက်”ဆိုသည့် စကားပုံကို အထပ်ထပ်အခါခါ ပြန်ကြားယောင်မိသည့်အခါ သားကို သူအလိုလိုက်ခဲ့သမျှ အားလုံးအတွက် နောင်တရ၍မဆုံး ဖြစ်ခဲ့ရသည်။ သူသည် သားကိုချစ်လွန်း၍ အလိုလိုက်ခဲ့သည်။ ထိုကဲ့သို့ အလိုလိုက်ခြင်းသည် သားကို ဘေးဖြစ်စေခဲ့သည်။ ထို့ကြောင့် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့သည်။ ထိုဆုံးဖြတ်ချက်မှာ သူသည် သား၏ ကျန်ရှိနေသော သက်တမ်းတစ်လျှောက်တွင် သားကို အကောင်းဆုံး ပျိုးထောင်မည်ဟုတွေးပြီး အပြစ်ကင်းစင်စွာ အိပ်ပျော်နေသော သားအား ရင်နာစွာ ငေးကြည့်နေမိသည်။ ။

❖

## ကြိုးစားကြမယ် တို့လူငယ်

☆ ဘဝမှာ ရိုးသားလျက်
ကြိုးစားမပျက် တို့လူငယ်။
သတ္တိပြောင် တန်ခိုးထွား
နိုးကြားစေကွယ်။
ရည်မှန်းချက် ပန်းတိုင်ရယ်
လှမ်းနိုင်မယ် ဘယ်မဝေး။
အချိန်ကို တန်ဖိုးထားကွယ်
တိုးပွားစေလေး။
☆ စွမ်းဆောင်ရည် နှစ်ဆမွေးလို့
ဘဝအရေး လှစေအမှန်။
ပြောင်မြောက်ဖွယ် ဇွဲလုံ့လနဲ့
နိုးထရှင်သန်။
ကိုယ့်တန်ဖိုး မြင့်မားရန်
အားမာန်တွေ စိုက်ထုတ်ရင်း။
လောကဓံကို ရင်ဆိုင်သွားလို့
ကျော်လွှားပါမင်း။
☆ စိတ်သန္တာန် နှလုံးတွင်း၌
ပျင်းရိခြင်း ရှောင်ကြဉ်ကာ။
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်စဉ်သာ။
တန်ဖိုးရှိ လူသားမဟာ
ဖြစ်ဖို့ရာ ရည်မျှော်မှန်း။
ပျော်ရွှင်စွာ စိတ်မညစ်နဲ့ကွယ်
ထုဆစ်လျှောက်လှမ်း။ ။

ရဲသွေးနီ(တက်ဝန်)

## တပေါင်းနွေဦး အလှထူး

❖ ပူရှိန်ပြင်းပြ ဂိမှာန်နွေ
ရွက်ဝါလေးတွေကြွေ။
လေရူးပွေကာ ခါနွေဦး
ချိုးသံတကူကူး။
❖ တေးသီကျူးလို့ နွေကိုကြို
ဥသြငှက်ငယ်ပျို။
လက်ပံပင်အို နီရဲရဲ
မြိုင်ယံတောအုပ်ထဲ။
❖ ရိုးတံကျဲကျဲ ပင်ယံပေါ်
ဆက်ရက်မြူးလို့ပျော်။
ကံ့ကော်သရဖီ အင်ကြင်းပန်း
မွှေးပျံ့ကြိုင်လို့လန်း။
❖ နေ့ပူညချမ်း မိန်ရာသီ
သာစွတို့ဌာနီ။
သဲပုံစေတီ ဘုရားပွဲ
မြန်ပြည်တစ်ခွင်နွှဲ။ ။

မင်းဝေအောင် (ရဲကျွန်း)

ဆောင်းပါး

# နားရည်ဝသူဖြစ်ပါစေ

■ ပိုင်ဆု(ပညာရေး)

"မျက်စိအရှုံး၊ နားအဆုံး" ဆိုသည့် ဆိုရိုးစကားကိုကြားဖူးကြပေလိမ့်မည်။ လူသားတိုင်းအတွက် အရေးပါသော အာရုံခံအင်္ဂါအစိတ်အပိုင်းတွေဖြစ်သည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စသည့် အရာများသည် သူ့နေရာနှင့်သူ အသုံးဝင်သည်ချည်းဖြစ်သည်။ လူ့ဘဝအသက်ရှင်စဉ်ကာလအတွင်း အမြဲထိတွေ့အသုံးပြုနေရသော လူ့ခန္ဓာကိုယ်၏ အရေးကြီးသော အင်္ဂါအစိတ်အပိုင်းများပင်ဖြစ်သည်။ ထို့ကြောင့် ထိုအင်္ဂါအစိတ်အပိုင်းများ အမြဲတမ်းကျန်းမာပြီး ပြည့်ဝတဲ့အရည်အသွေးရှိရန် ကြိုးစားနေထိုင်ရမည်မှာလည်း လူသားတိုင်း၏ တာဝန်ဖြစ်သည်။

ပုထုစဉ်လူသားများအနေဖြင့် မွေးဖွားလိုက်ပြီဆိုသည်နှင့် သေဆုံးခြင်းဆိုသည့်အရာကို ရှောင်လွှဲ၍မရပေ။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုသည့်ကာလ စပ်ကြားသည် လူတစ်ယောက်၏ဘဝကူးပြောင်းခြင်းအတွက် အဆုံးအဖြတ်တစ်ခုပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် မသေဆုံးမီကာလအတွင်း ပြုခဲ့ဖူးသော ကုသိုလ်၊ အကုသိုလ်၏ အတိမ်အနက်ကို စစ်ဆေးအကဲဖြတ်သည့် ကာလအပိုင်းအခြားဆိုလျှင်လည်း မှားလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ကုသိုလ်၊ အကုသိုလ်၏ ဖြစ်စဉ်နှင့် စပ်လျဉ်းပြီး လေ့လာကြည့်မည်ဆိုပါက အာရုံခံအင်္ဂါများ၏အတွေ့အထိ၊ အတွေးအခေါ်များကြောင့်ဟုသာ သတ်မှတ်ချင်ပါသည်။

> "အကြားအာရုံ ကောင်းနေပါသော်လည်း ကောင်းသောစကား၊ အကျိုးရှိသောစကားများကို နာကြားနိုင်သော အစွမ်းသတ္တိမျိုးလည်း လိုအပ်ပါသည်။ ကုသိုလ်ဖြစ်စေနိုင်သော အကြောင်းတရားများကို နားရည်ဝနိုင်မှသာ စစ်မှန်သော အကျိုးတရားများကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အကြားအာရုံကောင်းဖို့ လိုအပ်သလို ကောင်းမွန်သင့်မြတ်သော စကားများကို နားထောင်နိုင်စွမ်းရှိရန်လည်း အထူးလိုအပ်"

အထက်တွင်ရေးသားခဲ့သည့် မျက်စိအရှုံး၊ နားအဆုံးဆိုသည့် ဆိုရိုးစကားကို လေ့လာကြည့်ကြပါစို့။ အမြင်အာရုံချို့တဲ့သူသည် ဘဝတွင် အရှုံးနှင့် ရင်ဆိုင်ရသကဲ့သို့ ခံစားရပေလိမ့်မည်။ မျက်စိကွယ်သော်လည်း ကောင်းသောစကား၊ ကောင်းသောသတင်း၊ ကုသိုလ်ဖြစ်စေနိုင်သောအကြောင်းအကျိုးတရားများကို နာကြားနိုင်သေးသည့်အတွက် အနည်းငယ်ဖြေသာနိုင်သေးသည်။ အကြားအာရုံချို့တဲ့သူသည် အမြင်အာရုံကောင်းနေပါသော်လည်း စာမဖတ်တတ်သူဆိုပါစို့။ ကုသိုလ်ဖြစ်စေနိုင်သော အကြောင်းတရားများကို ဖတ်ရှုနိုင်လိမ့်မည်မဟုတ်ပေ။ ထို့ပြင် ကုသိုလ်ဖြစ်စေနိုင်သော အကြောင်းအကျိုးတရားများကိုလည်း နာကြားနိုင်ခွင့်မရနိုင်တော့သည့်အတွက် အရှုံးထက်ပိုသည့်ဆုံးခန်းတိုင်မှုတွေ ကြုံလာရသောကြောင့် မျက်စိအရှုံး နားအဆုံးဆိုသည့် ဆိုရိုးစကားကိုသတ်မှတ်ခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။

လူတစ်ယောက်၏ အသက်ထွက်ခါနီးအချိန်ကို လေ့လာကြည့်ပါမည်။ လူတစ်ယောက်သည် နောက်ဆုံးအသက်ထွက်ခါနီးတွင် နှလုံးခုန်ခြင်းမရှိတော့သလို ခန္ဓာကိုယ်အတွင်းရှိ သွေးကြောမျှင်များသည်လည်း လှုပ်ရှားမှုမရှိတော့ပေ။ သို့သော်လည်း အသက်ထွက်သွားသည်ဟု ယူဆ၍မရပေ။ အသက်မရှူ၊ နှလုံးမခုန်တော့ပေမယ့် လူတစ်ယောက်၏ အကြားအာရုံသည် ငါးမိနစ်ခန့်ထိတော့ ရှင်သန်နေပါသေးသည်။ ထို့ကြောင့် အသက်ထွက်ခါနီး လူတစ်ယောက်အတွက် ဘေးမှမိသားစုဝင်များ၏ ပံ့ပိုးကူညီမှုသည် အလွန်အရေးကြီးပါသည်။ ဘေးမှမိသားစုဝင်များ၏ ငိုကြွေးမှု၊ ပူဆွေးမှုအသံများကို ကြားနေရသည့်အခါ အသက်ထွက်ခါနီးလူ၏ ဘဝကူးပြောင်းမှုအတွက် အခက်အခဲအနှောင့်အယှက်တွေဖြစ်သွားနိုင်ပါသည်။

ထို့ကြောင့် အသက်ထွက်ခါနီးလူတစ်ယောက်၏အနားတွင် ဆူပူခြင်း၊ ဝမ်းနည်းငိုကြွေးခြင်း၊ မလိုအပ်သောစကားအပိုများပြောခြင်းမပြုဘဲ သူ၏ အကြားအာရုံမှတစ်ဆင့် ဘဝကူးကောင်းစေရန်အတွက် တရားများဖွင့်ပေးခြင်း၊ ဘုရားစာများ ရွတ်ဖတ်ပေးခြင်း စသည့်အမှုများကိုသာ ဆောင်ရွက်သင့်ပါသည်။ သို့မှသာ အစွဲကင်းစွာဖြင့် သက်သောင့်သက်သာဖြင့် ဘဝကူးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အကြားအာရုံသည် လူတစ်ယောက်အတွက်အရေးကြီးပါသည်။ အကြားအာရုံကောင်းနေပါသော်လည်း ကောင်းသောစကား၊ အကျိုးရှိသောစကားများကို နာကြားနိုင်သော အစွမ်းသတ္တိမျိုးလည်း လိုအပ်ပါသည်။ ကုသိုလ်ဖြစ်စေနိုင်သော အကြောင်းတရားများကို နားရည်ဝနိုင်မှသာ စစ်မှန်သောအကျိုးတရားများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အကြားအာရုံကောင်းဖို့လိုအပ်သလို ကောင်းမွန်သင့်မြတ်သောစကားများကို နားထောင်နိုင်စွမ်းရှိရန်လည်း အထူးလိုအပ်ပါသည်။ အကြားအာရုံကောင်းမွန်မှုနှင့် ဦးနှောက်မှလှုံ့ဆော်ပေးသော အသိနှင့်သတိကို ပေါင်းစပ်နိုင်ပါက လူဖြစ်ရကျိုးနပ်ပေလိမ့်မည်။ ထို့ပြင် လူတစ်ယောက်စကားပြောဆိုတတ်ခြင်းသည်လည်း အာရုံမှတစ်ဆင့် ဖြစ်တည်ပေါက်ဖွားလာခြင်းဖြစ်သည်။

အာရုံအမျိုးမျိုးထဲမှ အကြားအာရုံသည် အရေးကြီးသော ကဏ္ဍတစ်ခုအဖြစ်ပါဝင်နေသည်ကို လက်ခံရပေလိမ့်မည်။ ထို့ကြောင့် အကြားအာရုံကောင်းမွန်စေရန်လည်း နားကိုဂရုစိုက်သင့်ပေသည်။ နားကျန်းမာရေးနှင့်ပတ်သက်၍ နားကိုအလွန်အကျွံသန့်ရှင်းရေးလုပ်ခြင်း၊ နားအတွင်းပိုင်းထဲကို တုတ်ချောင်း၊ ချွန်ထက်သည့်အရာများဖြင့် ကလော်ခြင်းမျိုးတွေကို ရှောင်ကြဉ်ရမည်။ နားကြပ်တပ်၍ သီချင်းအကျယ်ကြီးဖွင့်၍ အမြဲတမ်းနားထောင်ခြင်းတွေကိုလည်း ရှောင်ကြဉ်သင့်ပါသည်။ ရေချိုးပြီး နားထဲရေဝင်ခြင်း သို့မဟုတ် နားထဲသို့ မတော်တဆ တစ်ခုခုဝင်သွားခဲ့ရင်လည်း မိမိကိုယ်တိုင်မဖြေရှင်းဘဲ တတ်ကျွမ်းသည့်သူတစ်ဦးဦး သို့မဟုတ် ကျန်းမာရေး ဌာနသို့ သွားရောက်ပြသခြင်းမျိုးကိုသာ ဆောင်ရွက်သင့်ပါသည်။

နားထဲသို့ အရွက်များကြိတ်ပြီးထွက်လာသော အရည်များထည့်ခြင်းလည်း မပြုလုပ်သင့်ပါ။ အုန်းဆီစစ်စစ်ကိုတော့ နားထဲသို့ထည့်ပေးသင့်ပါသည်။ သို့ဖြစ်ပါ၍ အကြားအာရုံကောင်းမွန်စေရန်အတွက် နားကျန်းမာရေးကို အထူးသတိပြုဆောင်ရွက်သင့်ပါသည်။ နားကျန်းမာရေးကောင်းမွန်မှသာ အကြားအာရုံမှတစ်ဆင့် ကုသိုလ်ဖြစ်စေနိုင်သော အကြောင်းအကျိုးတရားများနှင့် လောကသဘာဝကြည်နူးဖွယ်သံစဉ်များကိုလည်း ခံစားနားဆင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အကြားအာရုံချို့တဲ့မှုမဖြစ်စေရန် ဂရုစိုက်ဖို့လိုအပ်သလို မှန်ကန်သော ကြောင်းကျိုးတရားများကိုလည်း နားထောင်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။ သို့မှသာ ကုသိုလ်တရားများဖြင့် နားရည်ဝသော လူတစ်ယောက်ဖြစ်နိုင်ပါလိမ့်မည်ဟု တင်ပြလိုက်ပါသည်။

## အညာလွမ်းချိန်


✪ ဖြေမလောက်နိုင်ဘု
နွေရောက်ပေါ့ လွမ်းစရာ။
ဥသြနှယ် ထပ်တူနှော
ရော အော်မိရှာ။
ပေါက်၊ လဲ၊ ငု တို့ ရောင်စုံဖြာ
မြေတလင်းမှာ ခင်းကာကြဲ။
လက်ပံနီ လေဟုန်လမ်း
ခေါင်းရမ်းလို့ ဝဲ။
✪ အပေါင်းသဟာ တွေကိုခွဲ
မရောက်တာလည်း ကြာခဲ့ပြီ။
အညာမြေ ဌာနေဟောင်းနဲ့
နှစ်ပေါင်း အလီလီ။
တစ်ခါတစ်ခေါက်တော့ ရောက်ချင်သည်
ပွဲစေတီ အခါတပေါင်း။
ဖုန်လုံးဖြူ လှည်းယာဉ်တန်း
လွမ်းမိပါကြောင်း။
✪ ရွက်ဝါတွေ ညှာကြွေညောင်း
မြေမှာလျှောင်း လေရူးပွေ။
ခုချိန်ဆို တမာနုဖူးတွေ
လု ခူးရော့မလေ။
ငယ်ကအကြောင်း ပျော်စရာတွေ
မျှော်ကာလေ ပြန်အောက်မေ့။
လရာသီ ဒီချိန်ရောက်ရင်ဖြင့်
လွမ်းလောက်ဖွယ်လေ့။ ။

မောင်စိုးငွေ (ကသစ်မြေ)

## လုံ့လစိုက်ထူ တို့တောင်သူ

❍ တို့ချစ်တဲ့ လယ်ယာမြေ
တောင်သူတွေ ပိုကြိုးစား။
ဆောင်းမိုးနွေ ချိန်ခါမပျက်
ထွန်ယက်ပြီးသား။
❍ ဘူး၊ ဖရုံ ငရုတ်၊ သခွား
စပါးလည်း ပြည့်လျှံစွာ
ထွက်ရှိဖို့ရာ။
လုံ့လနှင့် ဇွဲတင်းကာ
ပြည့်ရိက္ခာ အရေးကြီး။
နွေမရှောင် မိုးမကြောက်
ချွေးပေါက်ယိုစီး။
❍ ပင်ပန်းတယ် ဘယ်မညည်း
အလုပ်ပြီးလို့ မနားပေ။
ကိုယ့်ရပ်ရွာ အကျိုးပြု
လူစုကြစေ။
တံတားနှင့် လမ်းတွေ
ကောင်းဖို့လေ ပြုပြင်ပေး။
အရိုးခံ စိတ်ဓာတ်က
မွန်မြတ်လှသေး။ ။

ဖိုးပြည့် (ပတ္တမြား)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သာသနာ ဘယ်လိုပြုမလဲ




စာရေးသူ ဝေမိုး(ကျွန်းလှ) စီစဉ်ရေးသားသည့် သာသနာ ဘယ်လိုပြုမလဲ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ ဘုရားရှင်နှင့်သာသနာတည်တံ့ရေး ခေါင်းစဉ်ဖြင့် သာသနာဆိုသည်မှာ ကျင့်သုံးသူ၊ ယုံကြည်သူပုဂ္ဂိုလ် သန္တာန်တွင်သာ တည်ရှိနိုင်သည်။ မကျင့်သုံးသူ၊ မယုံကြည်သူတွင် သာသနာမတည်ချေ၊ သာသနာမရှိချေ။ ပစ္စုပ္ပန်ကာလတစ်ခုတွင် လူတို့ကျင့်သုံးယုံကြည်လျှင် ထိုပစ္စုပ္ပန်ကာလတစ်ခုလုံး သာသနာတည်ရှိနေမည်ဖြစ်သည်။ ဤသို့ဖြင့် ပစ္စုပ္ပန်ကာလပေါင်းများစွာ ဆက်စပ်မိဖို့လိုပေသည်။ ယင်းသို့ဆက်စပ်ရန်မှာလည်း ပစ္စုပ္ပန်လူသားတို့ ကျင့်သုံးဆဲ၊ ယုံကြည်ဆဲ ဖြစ်ဖို့လိုအပ်သည်။ ပစ္စုပ္ပန်လူသားတို့ ကျင့်သုံးဆဲ၊ ယုံကြည်ဆဲဖြစ်ရန်မှာ သာသနာပြုပုဂ္ဂိုလ်တို့၏တာဝန်သာ ဖြစ်ချေသည်။

ဗုဒ္ဓမြတ်စွာကိုယ်တိုင် တည်ထောင်ထားတော်မူခဲ့သည့် သာသနာတော်ကို ရေရှည်တည်တံ့ခိုင်မြဲရန် ကြိုးစားအားထုတ်တော်မူခဲ့သည်ကို တွေ့ရ၏။ ဗုဒ္ဓမြတ်စွာ ၄၅ ဝါတိုင် နေ့စဉ်ဆောင်ရွက်ခဲ့သော ကိစ္စတို့ကို ငါးမျိုးခွဲခြားနိုင်သည်။ ၁။ ဆွမ်းမစားမီ (ပုရေဘတ္တကိစ္စ) ဆောင်ရွက်တော်မူခြင်း၊ ၂။ ဆွမ်းစားပြီး (ပစ္ဆာဘတ္တကိစ္စ) ဆောင်ရွက်တော်မူခြင်း၊ ၃။ ညဉ့်ဦးယာမ် (ပုရိမယာမကိစ္စ)ဆောင်ရွက်တော်မူခြင်း၊ ၄။ ညဉ့်လယ်ယာမ် (မဇ္ဈိမယာမကိစ္စ)ဆောင်ရွက်တော်မူခြင်း၊ ၅။ နောက်ဆုံးယာမ်(ပစ္ဆိမယာမကိစ္စ) ဆောင်ရွက်တော်မူခြင်း စသည့် ထိုငါးမျိုးကို ဗုဒ္ဓကိစ္စငါးပါးဟုခေါ်သည်။

စာအုပ်ကို သီရိရတနာစာပေ၊ ဗဟန်း(၂)လမ်း၊ ဖုန်း-၀၉ ၇၇၇၉၃၈၈၀၈၊ ၀၉ ၅၁၂၅၂၈၅နှင့် ကိုလတ်စာပေ၊ အမှတ် (၂၀၀)၊ (၃၁)လမ်း (အထက်) ဖုန်း-၀၉ ၅၀၂၀၀၈၈တို့မှ ဖြန့်ချိသည်။

## အနိုင်းမဲ့ကယ်တင်ရှင်





စာရေးသူ ခင်မောင်နှင်း(ကျောက်ပန်းတောင်း) စီစဉ်ရေးသားသည့် အနိုင်းမဲ့ကယ်တင်ရှင်စာအုပ် ထွက်ရှိလာသည်။

ကမ္ဘာကြီးငြိမ်းချမ်းအောင်၊ လူတစ်ဦးချင်းငြိမ်းချမ်းအောင်၊ ခေါင်းဆောင်တွေ ကိုယ်စိတ်ငြိမ်းချမ်းအောင် ဗုဒ္ဓတရားတွေကို လိုက်နာကျင့်သုံးပါက ကမ္ဘာကြီးလည်း မုချအေးချမ်းသွားမှာမလွဲပါ။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် ကယ်တင်ရှင်မဟုတ်ပေမဲ့ လူ့အသက်တွေကို၊ သတ္တဝါတွေအသက်ကိုကယ်တင်မှုနဲ့ လူသားတွေအတွက် အရေးကြီးဆုံးဖြစ်တဲ့ ဦးနှောက်ပိတ်ခံထားရမှုတို့ကို ကယ်တင်မှု စတဲ့ ကယ်တင်မှုပေါင်းများစွာကို ယနေ့အထိ လုပ်ပေးနေသော အနိုင်းမဲ့ ပြိုင်ဘက်ကင်း ကယ်တင်ခဲ့တယ်ဆိုတာ ဘယ်လိုမှ ငြင်းမရနိုင်ပါ။ ဘာသာရေးအမှောင်ထဲမှာကျရောက်နေတဲ့ လူသားတွေကို ဗုဒ္ဓကလက်တွေ့ကယ်တင်ပေးသူဖြစ်ပြီး လောကလူသားတွေကို အမှောင်ကမ္ဘာမှ အလင်းကမ္ဘာသို့ရောက်အောင် လမ်းပြကယ်တင်ပေးသော ပြိုင်ဘက်ကင်း အနိုင်းမဲ့ကယ်တင်ရှင်ဘုရားဖြစ်တယ်ဆိုတာလည်း တွေ့ရပါ့မယ်။ လောကလူသားတွေနဲ့ သတ္တဝါတွေ ကိုယ်စိတ်ငြိမ်းချမ်းအောင် လက်တွေ့ကယ်တင်နိုင်တဲ့ ဗုဒ္ဓရှိပါလျက် ဗုဒ္ဓကိုအားမကိုးသရွေ့ ကမ္ဘာကြီးငြိမ်းချမ်းမှုကင်းမဲ့နေသလို လူတွေဟာလည်း ကိုယ်စိတ်ငြိမ်းချမ်းမှုကင်းမဲ့နေမှာမလွဲပင်ဖြစ်သည်။

ဒါကြောင့် အမှန်ကိုစိတ်ငြိမ်းချမ်းလိုပါသလား၊ ကမ္ဘာကြီးငြိမ်းချမ်းလိုပါသလား လာပါ ရှုပါ။ ကျင့်သူတိုင်း ကိုယ်စိတ်ငြိမ်းအေးမှုရအောင် မုချ ဗုဒ္ဓရဲ့ကယ်တင်ခြင်းကို သင်သာမဟုတ်၊ သင့်ပတ်ဝန်းကျင်ပါ ခံစားရမယ်ဆိုတာ ယုံကြည်လိုက်ပါလို့ ရဲရဲကြီးအာမခံပါတယ်။

စာအုပ်ကို ရန်ကုန် ဓမ္မရောင်ခြည်၊ သိမ်ကြီးဈေး(C)ရုံ၊ အဆောင်(၄) ဖုန်း-၀၁ ၃၈၂၉၃၅နှင့် မန္တလေး ထွန်းဦးစာပေ၊ နဂါးစာပေ၊ စိတ်ကူးချိုချို၊ မိုးကောင်းကင် စာအုပ်ဆိုင်များတွင် တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။

## ပွဲဝင်တင့်ဆန်း မြတ်ပဋ္ဌာန်း စာအုပ်ဖြန့်ချိ




ရွှေကန်သား (ပခုက္ကူ) ရေးသားပူဇော်သည့် ပွဲဝင်တင့်ဆန်း မြတ်ပဋ္ဌာန်း စာအုပ်ထွက်ရှိလာသည်။

စာရေးသူ ဆရာတော် ဘဒ္ဒန္တအာဒိစ္စ-ရွှေကန်သား (ပခုက္ကူ) ရေးသားပြုစုထားသည့် ယင်းစာအုပ်တွင် စိန်ရောင်ခြည်ဘုရားပင့်ဂါထာအပါအဝင် ပဋ္ဌာန်းတရားနာရန် တိုက်တွန်းသံဂါထာ(၁)၊ ပဋ္ဌာန်းအမွှမ်းဂါထာ၊ ရှစ်လုံးဘွဲ့သံဆန်းကဗျာ၊ ပဋ္ဌာန်းမင်္ဂလာသံဆန်းကဗျာ၊ ပဋ္ဌာန်းရှစ်လုံးဘွဲ့ အမေး+အဖြေကဗျာ(၁)၊ နတ်ဖြဟ္မာများ ဖိတ်ကြားသည့်ဂါထာ ၁၊၂၊၃၊ အောင်ဇေယျတု အောင်ဆုဆင့်နွဲ အောင်ပွဲမင်္ဂလာ ရှစ်လုံးဘွဲ့ကဗျာ၊ ဆင်နွှဲညီညာ အောင်မြေမှာ ပုလဲသွယ်လုံးကောက် ရှစ်လုံးဘွဲ့ကဗျာ၊ ပဋ္ဌာန်း(၂၄)ပစ္စည်းကဗျာ၊ အောင်ကြောင်းမင်္ဂလာ ရတုပိုဒ်စုံ(၁)၊ နတ်ပို့ဂါထာ(၁၊ ၂၊ ၃)၊ ပဋ္ဌာန်းမင်္ဂလာတောင်းဆုလွှာ ဒေသနာရွှေကျမ်း မြတ်ပဋ္ဌာန်း ပဋ္ဌာန်းစွမ်းအင် အာနိသင် ပဋ္ဌာန်းအကျိုး ဤ(၆)မျိုး စသည့် ဘုရားပင့်၊ နတ်ပင့်၊ အဖွင့်၊ အပိတ်၊ ဂါထာ၊ ကဗျာ၊ ရှစ်လုံးဘွဲ့၊ တေးထပ်၊ ပိုဒ်စုံများဖြင့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲများနှင့်ပတ်သက်၍ စုံလင်စွာပါရှိပါသည်။

အဆိုပါစာအုပ်ကို အရှင်အာဒိစ္စ-ရွှေကန်သား(ပခုက္ကူ) အောင်မြေရတနာကျောင်းတိုက် အမှတ်(၃) ရပ်ကွက် ရိပ်သာလမ်းမကြီး ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီး ဖုန်း ၀၉-၂၃၀၀၅၈၇၊ ၀၉-၇၉၂၃၀၀၅၈၇ မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## ပညာသည် တန်ခိုးကိုဖန်ဆင်း၏ စာအုပ်ဖြန့်ချိ




စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ ပညာသည် တန်ခိုးကို ဖန်ဆင်း၏ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်ကို စာရေးသူက အနာဂတ်လူ့ဘောင်လောကကို ပိုမိုလှပသာယာစေချင်သော၊ အခြားနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာဖြင့် ဒုတိယအကြိမ် ပြန်လည်စုစည်းထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ပေးစာပုံစံဆောင်းပါး ၂၆ စောင်ကို စုစည်းဖော်ပြခဲ့သည့် “ချစ်လို့ပြောတာမှတ်ပါ” စာအုပ်ကို ယနေ့ခေတ်ပညာတတ်လူငယ်လူရွယ်လေးများအတွက် စိတ်ဓာတ်ခွန်အား၊ စာနာမှု၊ ကြင်နာတတ်မှု၊ မေတ္တာတရားနှင့် ခွင့်လွှတ်နားလည်ခြင်းတို့ တိုးပွားလာစေရန် ရည်ရွယ်လျက် ပြန်လည်စုစည်းထုတ်ဝေခဲ့သည်။

စာအုပ်တွင် ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ကြ၊ အဓိပ္ပာယ်ရှိသော အပြုအမူ၊ ဖြစ်ချင်တာနှင့် ဖြစ်သင့်တာ၊ ဣန္ဒြေနဲ့ငွေ၊ အစွဲအစွန်းနှစ်ဖက်၊ ဆူညံသံများ၏ကြားထဲမှနှင့် လူချင်းပင်တူသော်လည်း စသည့်ပေးစာဆောင်းပါး ၂၆ ပုဒ်ပါရှိပါသည်။

အဆိုပါစာအုပ်ကို ဦးကောင်းထိုက်နိုင်စာပေ ရတနာလမ်း ရတနာအိမ်ရာ သာကေတမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

## နေတစ်စင်းနှင့် လမင်းတစ်ရာ ကဗျာများ





ကဗျာစာပေကို စိတ်ဝင်စားသူများအတွက် စာရေးသူ နေမင်းသန်း (မဲခေါင်စာပေဆုရ) စီစဉ်ရေးသားသည့် နေတစ်စင်းနှင့် လမင်းတစ်ရာ ကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အာဇာနည်နေ့ အဓိဋ္ဌာန်ခေါင်းစဉ်ဖြင့် ဆယ့်ကိုးဇူလိုင် မမေ့နိုင်၊ မှတ်တိုင်ခိုင်မြဲ စိုက်ထူဆဲ။ အာဇာနည်မြတ်သူ့စိတ်ဓာတ်၊ မပြတ်စီးဆင်း တို့ရင်တွင်း။ နိုင်ငံအတွက် နယ်ချဲ့လက်ကြောင့်၊ အသက်ပေးဆပ် ဂုဏ်ပြုအပ်သည့်၊ မြင့်မြတ်စွမ်းရည် အာဇာနည်တို့၊ နီရဲသည့်သွေး စတေးခဲ့ရ၊ မြန်မာ့သမိုင်း ခေတ်မရိုင်းအောင်၊ တိုင်းရင်းသားစု ပေါင်းစည်းမှုဖြင့်၊ ကျွန်ပြုသွေးစုပ် နယ်ချဲ့ယုတ်ကို၊ မောင်းထုတ်နိုင်ခဲ့သည်။ သည်ယနေ့မှ နယ်ချဲ့သူကား၊ သကာပျားဖုံး အဆိပ်တုံးနှင့်၊ စည်းရုံးသိမ်းသွင်း ဖျားယောင်းခြင်းဖြင့်၊ ချင်းချင်းသွေးခွဲ တိုင်းပြည်ကွဲအောင်၊ ကြံမြဲကြံစည် နေတော့သည်။ သည်ယနေ့မှ နယ်ချဲ့သူကား၊ ဆံဖြူကိုယ်ပါး အံသွားကျိုးကြေ၊ အိုမင်းနေဟု စည်းလုံးမှုကို၊ ဂရုမထား ပေါ့ဆပြောင်းက၊ ကျားစေဉ်းလဲ နွားအကွဲတွင်၊ ဆွဲစားခံရပေလိမ့်မည်။

နယ်ချဲ့သွေးခွဲ မပြိုကွဲနှင့်။ နယ်ချဲ့လက်အောက် ဒူမထောက်နှင့်။ နယ်ချဲ့ပေးကမ်း မမျှော်မှန်းနှင့်။ နယ်ချဲ့မှိုင်းတိုက် မရူးမိုက်နှင့်။ နယ်ချဲ့ဆိုမူ တို့ရန်သူကို၊ ဖြူဖြူမည်းမည်း အရောင်ကွဲလည်း၊ ရင်ထဲနှလုံး ကြိမ်မီးအုံးစွဲ၊ အသည်းထိုးဖောက် ဆူးတောင်ပေါက်ကာ၊ နောက်ဘဝထိ နာကျည်းမိ။ ကြောက်သွေးမရှိ တို့သတ္တိ။ စသည့် ကဗျာပုဒ်ရေ ၁၀၀ကျော်ကို ရေးသားထားသည်။

စာအုပ်ကို ချင်းတွင်းဂုဏ်ရည်စာပေ၊ အမှတ် (၁၂)၊ လမ်း (၂၀)၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ဖုန်း-၀၉ ၂၂၂၈၂၄၇မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

## ရွှေအစစ်ဝတ်ဆင်သူများ ဓမ္မစာစု




စာရေးသူ ဒေါ်ခင်ရီ (တရားလွှတ်တော်ရှေ့နေ) ရေးသားသည့် ရွှေအစစ်ဝတ်ဆင်သူများ ဓမ္မစာစုစာအုပ် ထွက်ရှိလာသည်။

ဆရာတော်ကြီးက မင်းဘယ်တော့အိန္ဒိယနိုင်ငံကိုသွားမည်လဲဟု မေးရာ စာရေးသူက တပည့်တော်ပြင်ဆင်တုန်းရှိပါသေးသည်ဟု ပြန်လည်လျှောက်ထား၏။ ဆရာတော်က စာရေးသူတို့လှူဒါန်းသော ပစ္စည်းများကိုလက်ခံပြီး လှူဒါန်းသောပစ္စည်းများအနက် စောင်ကို ကိုင်ကြည့်၍ နူးညံ့သည်ဟုပြော၏။ ဆရာတော်က ဘုန်းကြီးလက္ခဏာမှာ နိုင်ငံခြားသွားရန် ဇာတာမပါဘူးဟု မိန့်တော်မူသည်။ အမှန်စင်စစ် ဆရာတော်သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တွင် အကျိုးတော်ဆောင်ချုပ် (အထွေထွေအတွင်းရေးမှူး)ဖြစ်သောကြောင့် မည်သည့်နိုင်ငံကိုမဆိုသွားလိုလျှင် နိုင်ငံတော်က တာဝန်ယူပို့ဆောင်ပေးမည်ဖြစ်ပေမဲ့ ဆရာတော်ကြီးသည် မည်သည့်နိုင်ငံကိုမှ မသွားလိုကြောင်းမိန့်တော်မူသည်။

ဆရာတော်ဆက်လက်မိန့်ကြားသည်မှာ မြန်မာနိုင်ငံသည် သာသနာအထွန်းကားဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် သာသနာထွန်းကားရာ မိမိနိုင်ငံတွင်သာနေလိုကြောင်း၊ သာသနာပြုလုပ်၍ မတင်းတိမ်သေးကြောင်း မိန့်တော်မူသည်။ မိမိတို့နိုင်ငံတွင် မရောက်ဖူးသေးသည့် နေရာဒေသများရှိသေးကြောင်း၊ ဆရာတော်သည် ရွှေအတုနှင့် အစစ်ခွဲခြားနိုင်သူသည် ရွှေအစစ်ကိုဝတ်ပြီး ရွှေအတုကို မဝတ်ချင်ကြောင်းမိန့်ကြားတော်မူသည်။ ရွှေအစစ်နှင့်တူသော ဗုဒ္ဓဘာသာကို ရင်ထဲတွင်ထည့်၍ သာသနာလုပ်ငန်းများကို လုပ်ကိုင်ခဲ့သော ဆရာတော်ကြီး၏ သံဃာ့ဂုဏ်တော်များကို ရည်မှန်း၍ စာရေးသူကကန်တော့လိုက်ပါသည်။

စာအုပ်ကို သုဒန္တစာပေ၊ အမှတ် (၃၁)၊ (၆)လွှာ၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့မှ ဓမ္မဒါနအဖြစ် ထုတ်ဝေသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လေးအိမ်စုကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS-၇၈)၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ(၅.၅၁)ဧကရှိဥယျာဉ်ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားလုပ်ကိုင်ပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူဒေါ်မိုးမိုးစိုး(၁၂/ဥကမ(နိုင်)၁၂၀၂၇၆)ထံမှကျွန်ုပ်၏မိတ်ဆွေတို့ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကျော်ထွန်းLL.B.,LL.M.**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)**
**တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း၀၉-၄၀၈၁၈၅၅၉၉၉။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ပိတ်စွယ်ကျေးရွာအုပ်စု၊ ဒလ-တွံတေးကားလမ်းမ မေးတင်ရှိ ကွင်းအမည်- ပိတ်စွယ်ဂရက်ကွင်း၊ ကွင်းအမှတ်-(၁၀၇)၊ ဦးပိုင်အမှတ်- (၃၁/၁)၊ ဧရိယာ (၀. ၀၈)ဧက နှင့် ကွင်းအမည် - ပိတ်စွယ်ဂရက်ကွင်း၊ ကွင်းအမှတ်-(၁၀၇)၊ ဦးပိုင်အမှတ်- (၃၁/၄)၊ ဧရိယာ (၀. ၀၄) ဧကရှိ လယ်ယာမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် ဦးမောင်မောင်လေး (ဘ) ဦးစိန်ဖြူ [၁၂/တမန(နိုင်) ၀၇၉၇၈၀] ကိုင်ဆောင်သူအမည်ဖြင့် မြေခွန်ပြေစာ ထွက်ရှိထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲလင်းထွန်း [၁၃/လလန (နိုင်)၀၇၈၁၁၉] ကိုင်ဆောင်သူထံသို့ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် အတွက် စုစုပေါင်း လယ်မြေဧရိယာ (၀. ၁၂) ဧက ( အလျား ၆၀ ပေ x အနံ ၉၀ ပေ) အတွက် လယ်ယာမြေရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ လယ်ယာမြေ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ရွှေရည်တင့် (LL.B)** | **ဒေါ်သင်းသင်းထွေး (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၅၆၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၇၄)** |

**အမှတ်-၁၄၂၊ ပထမထပ် (ယာ)၊ ၃၉-လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၅၃၀၈၁၂၊ ၀၉-၇၅၉၀၄၀၆၆၅**

## အများသိရှိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူအောင်အောင် [၁၄/မမန (နိုင်) ၁၈၂၃၂၅]၏ (Facebook Name – Sithu Aung)တွင် ဦးစည်သူအောင်အောင်၏ဂုဏ်သိက္ခာကို စော်ကားသည့် အရေးအသားများကို ကျွန်ုပ်မိတ်ဆွေ၏ မိသားစုပုံနှင့်တကွ (ပို့စ်)(Post) များအောက်တွင် comment (ဖော်ပြမှတ်ချက်ပြု)ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ မဟုတ်မမှန် ရေးသားဖြန့်ဝေခြင်းတို့ဖြင့် ဝင်ရောက်နှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေတွင် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည်ဖြစ်သောကြောင့် အဆိုပါကိစ္စရပ်များကို ရပ်တန်းကရပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ ဆက်လက်ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ဆွေမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် – ၅၅၀၂၈)**
**အမှတ် (၄၆) ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၆-၃-၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၂)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင်းဝင်းခိုင်၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဦးသက်ခိုင် [၁၂/ဗတထ(နိုင်)၀၂၂၇၉၂] အစား ဦးသက်နိုင် [၁၂/ဗတထ(နိုင်) ၀၂၂၇၉၂]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသစ္စာရပ်ကွက်၊ ဘုရားကုန်း၊ ကွင်းအမှတ်(၆၆၃)၊ ရာမာနီအနောက်ကွင်း၊ ဦးပိုင်အမှတ်(N/၂၃)၊ ဧရိယာ(၀.၆၅)ဧကအနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော ၄၀ပေx ၆၀ပေကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဦးလှမြင့်(ဘ)ဦးလှအေး[၁၂/ဥကတ (နိုင်)၁၂၉၆၁၀]ပိုင်မြေကွက်ကို ကျွန်ုပ်၏အမှုသည်မှ (၂၉-၉-၂၀၂၃) ရက်တွင် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၈၂၁၆၁၅၉၃**
**၀၉-၅၄၁၇၀၆၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်းမကြီး၊ အမှတ်(၆၀)၊ (၄လွှာ) တိုက်မျက်နှာမူလျှင် (ဝဲ)ဟုခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်းရှိ ကိုယ်ပိုင်မီတာ(၁)လုံး၊ ကိုယ်ပိုင်မော်တာ (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီနီဦး[၉/မထလ(နိုင်)၁၄၄၃၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းအရောင်း တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသဖြစ်သော ငွေကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အိအိကေဇင်** | **ဒေါ်အိအိမွန်** | **ဒေါ်မေသူထွန်း** |
| **(LL.B,D.B.L,D.I.L,D.I.P.L)** | **(LL.B,D.B.L,D.I.P.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၇၇၂၃)** | **(စဉ်-၅၀၂၈၆)** | **(စဉ်-၅၀၂၄၇)** |

**အမှတ်(၇၀)၊ ၅-လွှာ (ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၈၅၉၆၁၅၄၊ ၀၉-၄၂၀၃၁၉၄၂၊ ၀၉-၄၅၄၈၄၈၇၂၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၉၄၊ မြေကွက် တည်နေရာအမှတ်-၉၄၊ ဗန္ဓုလလမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်(ဒေါ်သန်းညွန့် ISN-167059) အမည်ပေါက် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်) မြေအား မြေအမည်ပေါက် (မိခင်) ဒေါ်သန်းညွန့်နှင့်(ဖခင်) ဦးကြီးရွှေတို့ အသီးသီး ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်အေးအေးသန်း [၁၂/ဥကတ(နိုင်) ၀၁၇၉၆၃]၊ ဒေါ်စန်းစန်းဌေး[၁၂/ဗတထ(နိုင်)၀၁၈၁၉၈]၊ ဦးဝင်းနိုင်[၁၂/သဃက(နိုင်) ၀၂၄၈၃၆]တို့မှ သားသမီးများအဖြစ် ၎င်းတို့ (၃)ဦးသာ မွေးဖွားခဲ့ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော သားသမီးမွေးချင်း တစ်ယောက်မျှ မရှိပါကြောင်းနှင့် အမွေစားအမွေခံ သားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ (မိခင်)ဒေါ်သန်းညွန့်၏ သေဆုံးမှုလက်မှတ်၊ (ဖခင်)ဦးကြီးရွှေ၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ ဒေါ်အေးအေးသန်း၊ ဒေါ်စန်းစန်းဌေး၊ ဦးဝင်းနိုင်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၂၃၇၆၉/၂၀၂၂(၂၁-၁၂-၂၀၂၂) ဖြင့် ဒေါ်စန္ဒာအေး[၁၂/ဥကတ(နိုင်) ၁၅၁၄၁၉]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(ဆိပ်ကမ်းပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၈၄၃+၈၄၄)၊ မြေအကျယ်ပေ(၈၀x၆၀)ရှိ မြေကွက်(၂-ကွက်)တွဲ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးချစ်ခိုင်[၉/အမဇ(နိုင်)၀၁၆၃၈၂]ကိုင်ဆောင်သည့် အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၅၈၆/၂၃၅၈၅(၆ -၁၁ -၂၀၂၃)ရက်စွဲပါလွှဲစာကို လက်ခံရရှိလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဒေါ်အိအိသွယ်[၆/ထဝန(နိုင်) ၀၇၈၀၁၀]မှ ဝန်ခံပါသဖြင့် ဒေါ်အေးမြတ်မော်[၈/တတက(နိုင်)၁၂၅၃၄၁]သည် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်မော်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ပထမထပ်၊ခေမာသီလမ်း၊မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ ၄လမ်း၊ အမှတ်- ၂၅၊ ၂ခန်းတွဲ ၆ ထပ်အဆောက်အဦ၏ တတိယထပ်၊ A-3 တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်လှလှမြင့် [၁၂/သဃက(နိုင်)၀၈၄၁၄၃]ကိုင်ဆောင်သူက အဆိုပြု ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာစိုး [၁၂/တမန(နိုင်)၁၀၆၃၉၂] ကိုင်ဆောင်သူက လက်ရောက် အပိုင်ဝယ်ယူရန် သဘောတူ လက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာစိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို[B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ သမာဓိ(၄)လမ်း၊ အမှတ်(၂၈/ခ)၊ ပထမထပ် (A)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်မြင့်မြင့်မော် [၁၂/ဥကမ(နိုင်)၀၁၉၉၇၃]၊ ဒေါ်သက်ထားသူဇာ[၁၂/ဥကမ(နိုင်)၂၉၄၀၈၇]**က **ဒေါ်ယဉ်ယဉ်လှ[၁၂/သဃက(နိုင်) ၀၇၂၈၉၄]**ထံမှ အထက်ပါတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမင်း LL.B, D.B.L, D.I.L, D.M.L,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ (၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၀၁၃၁၂၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀ )**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁**

**၁။ ဒေါ်သန်းသန်းဝင်း** — **နှင့် ဦးမောင်ကောင်း**

**၂။ ဦးမျိုးစည်သူအောင်**

**(မိမိကိုယ်တိုင်နှင့် ဒေါ်သန်းသန်းဝင်း၏ အခွင့်ရကိုယ်စားလှယ်)**

**(တရားလိုများ)** — **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ အမှတ်-၆၈ နေ ဦးမောင်ကောင်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **"ကတိပဋိညာဉ်အတိုင်း အိမ်နှင့် မြေ အပြီးအပိုင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ်၊ ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ၊ ၁၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ်(၁၆၇၂/ခ)၊ အကျယ်ပေ(၂၀ပေx၆၀ပေ)ရှိ ဒေါ်ရီ အမည်ပေါက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ နှစ်(၆၀) မြေဂရန်ထုတ်ပေးထားသော မြေနှင့်အိမ်အပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းနွယ်[၁၂/သကတ(နိုင်) ၈၅၅၆၇၅]မှ ၎င်းအမှန်တကယ်ဝယ်ယူထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန္ဒာ[၁၂/အစန(နိုင်)၁၈၅၆၆၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းမြေအိမ်၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန္ဒာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၉၈)**
**ဖုန်း-၀၉-၄၄၂၉၁၂၂၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ ဦးဝိစာရလမ်း၊ တိုက်အမှတ်(၂၂)၊ အခန်းအမှတ်(၁၅)ဟု ခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်လွင်ခိုင်ဦး [၁၄/ဘကလ(နိုင်)၁၅၀၁၃၈]**က အမည်ပေါက်ပိုင်ရှင် **ဒေါ်နွမ်ဇာကျိန်**၏သားဖြစ်သူ **ဦးကျင်ခေါ်ကမ်း**ထံမှ ဝယ်ယူထားသူ **ဒေါ်ခင်အုန်းမြင့်[၇/ရကရ(နိုင်)၀၂၆၁၈၂]**ထံမှ အထက်ပါတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမင်း LL.B, D.B.L, D.I.L, D.M.L,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ (၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၀၁၃၁၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ Golden City Condo၊ Unit No. B5 – 18 – 06၊ ဧရိယာ (၉၈၆.၃၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ဆက်နွယ်နေသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသည့် ဒေါ်နှင်းလဲ့အောင် [၁၂/လသန(ဧည့်)၀၀၁၅၁၆] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမျိုးမင်းဦး [၁/မကန(နိုင်)၀၈၃၃၉၆]က အပြီးအပိုင် ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ မည်သူမဆို အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု မူရင်းအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းဦး[၁/မကန(နိုင်)၀၈၃၃၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းအိဇာ LL. B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ မြိတ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၉၉၁၃၉၃၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၂၅၂/က၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၅၂/က)၊ စိန်ချယ်ပန်းခြံ၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးမြသိန်း (L/RGN-026211) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးမြသိန်း (L/RGN-026211)ဖခင်ဖြစ်သူသည် (၈-၁၀-၂၀၀၀)ရက်နေ့တွင် လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်စန်းတင့် [၁၂/တမန(နိုင်)၀၆၃၇၁၉]သည် (၁၉-၉-၂၀၁၄)ရက်နေ့တွင် အသီးသီးကွယ်လွန်၍ သား/သမီးများဖြစ်ကြသော ဦးအောင်ကြီး [၁၂/တမန(နိုင်)၀၀၀၁၄၇]၊ ဦးမင်းဇော်သူ[၁၂/တမန (နိုင်)၀၀၀၇၀၂]၊ ဦးမင်းကျော်သူ [၁၂/တမန(နိုင်)၀၀၀၇၀၃]၊ ဦးရဲမင်း [၁၂/တမန(နိုင်)၁၀၁၃၆၄]၊ ဒေါ်ခင်သင်းစု [၁၂/တမန(နိုင်)၁၀၁၃၆၆]၊ ဦးရဲမင်း [၁၂/တမန(နိုင်)၁၀၁၃၆၄]၊ ဒေါ်စုနန္ဒာဝင်း [၁၂/ရပသ(နိုင်)၀၇၁၇၆၀]တို့မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်၊ နှစ်(၆၀)ဂရန်ပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်၍ ၎င်းတို့မှ တာဝန်ယူကြောင်း၊ အထက်ပါ မြေနှင့်အိမ်အား ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်းမရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ်-၁၀၃/၂၀၂၄ (၂-၂-၂၄)၊ မိခင် ဖခင် သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အထက်ပါမြေနှင့် အိမ်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး အခြားဆက်ခံခွင့်ရှိသူ ကိတ္တိမသားသမီး မရှိကြောင်း နှစ်(၆၀)ဂရန် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် ကူးယူထားသော မြေပုံမြေရာဇဝင်တို့ မီးလောင်ပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသမျှ ကိစ္စအဝဝကို ၎င်းတို့မောင်နှမ(၆)ဦးမှသာ တာဝန်ယူကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ်-၆၂၁/၂၀၂၄၊ (၉-၂-၂၄) အသိသက်သေ (၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏရပ်ကွက်၊ ပဒုမ္မာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ဘီ-၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၇၆၂)နှင့် (၇၆၃)ကြား၊ ခန့်မှန်းဧရိယာ(၀.၀၇၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းအေး[၇/ပခန(နိုင်)၀၀၃၉၀၃]က အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၈၅၉၅၅၀၅**

## တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန်

**"ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ သမိုင်းဘူတာလမ်း၊ အမှတ်-၉/၁၀ 4 အေ၊ ၅-လွှာ၊ (၁၅x၅၀)ပေအကျယ်ရှိတိုက်ခန်း"** ယင်းတိုက်ခန်းအား အရပ်အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူကာ လက်ဝယ်ထား အကျိုးခံစားလျက်ရှိပြီး အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချခွင့်ရှိကြောင်း လက်ရှိပိုင်ရှင်ဖြစ်သူ **ဦးဟန်ရှင်း [၁၂/လမန(နိုင်)၁၁၈၈၇၇]**က တာဝန်ယူကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေကလည်း ယင်းတိုက်ခန်း၏ ကာလတန်ဖိုးငွေအတိုင်းဝယ်ယူရန် သဘောတူညီသဖြင့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယင်းအရောင်းအဝယ်ကို ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံတိုက်ခန်း၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ကာလကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ယင်းတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်ရှန်ဟွေဆုန်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မင်းဦး - LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)**
**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၈၆၆၄၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ နွယ်သာကီအိမ်ရာ၏ တိုက်(၇)၊ အခန်းအမှတ်(၇၁၆)၊ (၆-လွှာ)၊ အလျား(၁၃)ပေ၊ အနံ(၄၅)ပေရှိ ရေမီးစုံ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကေသီထွေး[၇/ပမန(နိုင်)၀၆၃၆၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသန္တာ [၁၂/ဒဂမ(နိုင်)၀၂၀၁၃၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှသန်း (LL.B) ဥပဒေဘွဲ့**
**အထက်တန်းရှေ့နေ (စဉ်-၄၉၇၀၀၊ ၂၇-၄-၁၈)**
**ဒုတိယထပ်၊ တိုက်-၄၉၀(B)၊ လယ်ယာရွှေမြေလမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၀၃၃၈၉**

## "(၇-၃-၂၀၂၄)ရက်စွဲပါ ဦးမျိုးမြင့်အောင်၊ တရားလွှတ်တော်ရှေ့နေ၏ မြေကွက်အရောင်းအဝယ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာနှင့်ပတ်သက်၍ ကန့်ကွက်ပါကြောင်း ကြော်ငြာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ဝင်း[၁၂/ပဘတ(နိုင်)၀၂၇၅၆၆]၊ အမှတ်-၂၄၄၊ ၄ လွှာ၊ ရွှေဘုံသာလမ်း(အလယ်)၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ (၇-၃-၂၀၂၄)ရက်စွဲပါကြော်ငြာကို ကန့်ကွက်ပါသည်။ အဆိုပါ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-ပီ)၊ မြေကွက်အမှတ်-၆၁၆၊ အကျယ်(၁၅'x၃၈' ၆")၊ နှစ်(၉၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၅၃၊ (၁၂၆)လမ်း မြေနှင့်ဥပစာသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ဝင်းက (၁၅-၁၂-၀၆)ရက်တွင် ဝယ်ယူလက်ရောက်ရရှိထားပါသည်။ ထိုမြေကွက်အတွင်းသို့ဝင်ရောက်မှုအပေါ် ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၈၆/၂၀၂၂ ဖြင့် လက်ရောက်ရလိုမှုကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ်-၃၄၂/၂၀၂၂ တွင် ကျော်နင်းမှုဖြင့် တရားလိုပြုလုပ် တရားစွဲဆိုထားသည့်အတွက် ထိုမြေကွက်အရောင်းအဝယ်ဆောင်ရွက်မှုကို ကန့်ကွက်ပါကြောင်း ကြော်ငြာလိုက်သည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဦးတင်ဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးရွှေလှိုင်တင်** | **ဒေါ်ခင်အေးလှိုင်** |
| **BA, HGP, PGDL, DBL** | **LL.B, LL.M(Civil Law)** |
| **(စဉ်-၁၀၆၈၃)** | **(စဉ်-၁၂၂၀၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၁)၊ (ပ)ထပ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၆၅၀၅၈၉၀၇**
**၀၉-၂၅၄၃၃၄၄၃၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ (၈)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်-၁၀၀(မဟာဘောဂ Residence)၊ (၇)လွှာ+ Penthouse ကွန်ဒိုရှိ (၆)လွှာ၊ အခန်းအမှတ်(6B)၊ အကျယ်အဝန်း (အလျား ၁၇ပေx အနံ ၅၁ ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်(မြေရှင်) ဒေါက်တာယဉ်မင်းကျော် [၅/စကန(နိုင်)၀၀၄၇၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းဆေအောန်ခေး [၁၃/ကခန(နိုင်)၀၆၀၈၂၀]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်သောကြောင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟုယူဆပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းဖြစ်သော ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူ မရှိပါက ယင်းကွန်ဒိုတိုက်ခန်း၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိုင်းဆေအောန်ခေး**
**[၁၃/ကခန(နိုင်)၀၆၀၈၂၀]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နွဲ့ရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၂၅)**
**ဖုန်း-၀၉-၄၀၅၀၆၄၃၇၉**

**တိုက်(၉)အခန်း(၂၇)၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၉၃၅၆၆၃၇၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၂၄)၊ အခန်းအမှတ်(၅၀၄)၊ ၆-လွှာတိုက်ခန်းနှင့်တကွ ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ပြည့်ဖြိုးဝေ[၁/ဟပန(နိုင်)၀၀၆၇၅၈]က လက်ဝယ်ထားပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ထားဦး[၁၂/လမန(နိုင်)၀၀၀၈၄၀]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထိန်စွန်းရွာ၊ ဖွံ့ဖြိုးရေး(၉)လမ်း၊ အမှတ်(၅၂၁/င)၊ ဦးပိုင်အမှတ်(၈၈/က)၊ အကွက်အမှတ်(၅)၊ အလျား(၂၅ပေ) x အနံ(၁၀၆ပေ)ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၉)တန်းတွဲ တစ်ထပ်အုတ်ညှပ်အဆောက်အဦနှင့် ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းဆွေ[၁၂/လမန(နိုင်)၁၃၅၄၀၀]ထံမှ ဦးဖြိုးမြင့်ရွှေ[၁၂/လမန(နိုင်)၁၄၁၈၈၁]သည် (၁၈-၂-၂၀၂၄)ရက် နေ့တွင် ငွေအကျေပေးချေဝယ်ယူပြီး မြေနှင့်အဆောက်အဦကို လက်ရောက်ရရှိကာ ပိုင်ဆိုင်မှုအပြည့်အဝရရှိထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဦးဖြိုးမြင့်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်အေးကြူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၄/၁၉၈၀)**
**၂၉၄/က၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၃၄၅၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်အမည်-လှည်းကူးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအမည်-မအူကျေးရွာ၊ ကွင်း/အကွက်အမှတ်-၁၀၉၈၊ ကွင်း/အကွက်အမည်-အိသာရကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်(၂၇)၊ မြေမျိုး-လယ်၊ ဒေါ်တင်နွဲ့ အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)၊ ဧရိယာ(ဧက)(၂.၆၃)ဧကထဲမှ (၀.၉၈)ဧက၊ အကျယ်အဝန်းရှိ လယ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင် လုပ်ပိုင်ခွင့်ရရှိထားပြီး တရားဝင် အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်နွဲ့[၁၂/လကန(နိုင်)၀၇၈၁၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်စိုး [၁၂/ပဇတ(နိုင်)၀၁၉၈၆၇]မှ အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၂၉)**
**အမှတ်-၁၉၊ ဇာတ်ရုံလမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၁၅၈၀၄၀၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (က+ဂ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၉၉)၊ (၈)လွှာတိုက်၏ (၇)လွှာB၊ (အလယ်) ခြေရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးနိုင်ဝင်းထွန်း [၁၂/ဗတထ(နိုင်)၁၃၇၂၇၅]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို အတည်ပြုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဝင်း (စစ်တွေ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၆၀)**
**တိုက်(၂၇၄/၁၅)၊ ရန်ကင်းလမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း - ၀၉-၅၁၈၇၀၃၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၈-သမိုင်း)၊ မြေကွက်အမှတ်-( ၁၂/ည^၁ )၊ ဧရိယာ(၀. ၁၆၅)ဧက၊ မြေကွက်အမှတ်-( ၁၂/ည^၂ )၊ ဧရိယာ(၀. ၁၈၅)ဧကရှိမြေပိုင်မြေကွက်နှင့်ယင်းမြေကွက်များတည်ရှိရာအမှတ်- ၁၂/ည^၁ +၁၂/ည^၂၊ ပြည်သူ့လမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောအကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့်ယင်းမြေကွက်များအားဝင်ထွက်သွားလာသည့်မြေကွက်အမှတ်-(၁၂/ည^၅) အားအသုံးပြုခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မူမူ (၁၂/စခန(နိုင်) ၀၆၄၇၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) | ဒေါ်မိုးမိုးအေး (LL.B) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| (စဉ်-၁၂၆၃၉) | WIPO,DL-101 Switzerland (စဉ်-၈၅၅၈) |
| (တရားလွှတ်တော်ရှေ့နေများ) | (ဖုန်း-၀၉-၄၂၅၃၅၈၂၇၀) |

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၉/က)၊မြေကွက်အမှတ်-( ၃၃၄/က )၊ မြေဧရိယာ(၁၂၀၀)စတုရန်းပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်တည်ရှိရာအမှတ်-၃၃၄/က၊ စိတ္တသုခလမ်း၊ ၁၉/က-ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောအကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ခင်ပွန်း ဦးမောင်မောင် ကွယ်လွန်ပြီးနောက်တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ဇနီးဖြစ်သူ ဒေါ်မြမြအေး (YKN-၀၁၃၀၉၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့် အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) | ဒေါ်မိုးမိုးအေး (LL.B) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| (စဉ်-၁၂၆၃၉) | WIPO,DL-101 Switzerland (စဉ်-၈၅၅၈) |
| (တရားလွှတ်တော်ရှေ့နေများ) | (ဖုန်း-၀၉-၄၂၅၃၅၈၂၇၀) |

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## လုပ်ငန်းတံဆိပ်အမည်နှင့်အမှတ်အသားကို မိမိတစ်ဦးတည်းပိုင် မူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ နယ်မြေ(၃)တွင်နေထိုင်သော ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးစိုးသိင်္ဂီ (ဘ) ဦးသန်းမြင့် [၇/ကတခ(နိုင်)၀၀၃၀၆၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ နေပြည်တော်၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၃၂၇/၂၀၂၄)ဖြင့် (၁၆-၂-၂၀၂၄)ရက်နေ့တွင် မိမိတစ်ဦးတည်း ပြုလုပ်သုံးစွဲရန် မြွက်ဟကြေညာမှတ်ပုံတင်သွင်းခြင်းဖြင့် လုပ်ငန်းတံဆိပ်အမည်နှင့် အမှတ်အသားကို မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ MARVEL AUTOWORKS လုပ်ငန်းတံဆိပ်အမည်နှင့် အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြု၍ ကားအမျိုးမျိုးပြုပြင်ခြင်းလုပ်ငန်း၊ ယာဉ်အလှဆင်လုပ်ငန်း၊ ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် ယာဉ်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းများအား ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံးတွင် ဖွင့်လှစ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

ထို့အပြင် အဆိုပါလုပ်ငန်းတံဆိပ်အမည်နှင့်အမှတ်အသားကို မူရင်းအတိုင်းသော်လည်းကောင်း၊ အရောင်းဆိုင်ကြီးများ၊ အရောင်းပြခန်းများ၊ ဆိုင်ခွဲများ၊ SHOW ROOM နှင့် လုပ်ငန်းသုံးယာဉ်များ၊ အလုပ်ရုံများ၊ ဆိုင်းဘုတ်၊ မီဒီယာ ကြော်ငြာအမျိုးမျိုး၊ ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကြော်ငြာများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ အွန်လိုင်းနှင့် လူမှုကွန်ရက်စာမျက်နှာများ၊ Wall sheet, Vinyl, Internet, Website, Facebook အစရှိသည့် ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်းကောင်း၊ အခြားသော ထင်ရှားစေမည့်နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖော်ပြ၍လည်းကောင်း၊ အဝတ်အထည်များ၊ စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်များ၊ တံဆိပ်တုံးများ၊ ဘလောက်တုံးများ၊ ဒီဇိုင်းများ၊ ငွေရပြေစာ၊ ဖြတ်ပိုင်းများ၊ ဘူးအမျိုးမျိုးနှင့် စာရေးစက္ကူများပေါ်တွင် ရိုက်နှိပ်၊ ဖိနှိပ်ဖော်ပြ၍ အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင်လည်းကောင်း MARVEL AUTOWORKS လုပ်ငန်းတံဆိပ်အမည်နှင့် အမှတ်အသားကို အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ပါ MARVEL AUTOWORKS လုပ်ငန်းတံဆိပ်အမည်နှင့် အမှတ်အသားကို ကျွန်ုပ်တို့ မိတ်ဆွေ ဒေါ်အေးစိုးသိင်္ဂီ၏ ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူ၊ ပုံမှား၊ ပုံဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပြုလုပ်၍သော်လည်းကောင်း၊ ပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ တစ်စုံတစ်ရာ တုပပြုလုပ်သုံးစွဲပါက မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးစိုးသိင်္ဂီ [၇/ကတခ(နိုင်)၀၀၃၀၆၇]၏ လွှဲအပ်ညွှန်ကြားချက်များအရ**

| | |
|---|---|
| **ဒေါ်တင်တင်ဌေး (LL.B)** | **ဒေါ်သဇင်မင်းထွန်း(LL.B)** |
| **(စဉ်- ၁၈၄၇၀/၂၀၂၃)** | **(စဉ်-၁၈၈၆၅/၂၀၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၆/၄၆၂)၊ ပန်းခင်း(၈)လမ်း၊** | **ကန်သာအေးရွာ၊ ဇေယျာသီရိမြို့နယ်၊** |
| **ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့။** | **နေပြည်တော်။** |
| **ဖုန်း-၀၉-၄၀၃၇၃၉၁၄၆** | **ဖုန်း-၀၉-၂၅၁၀၀၀၀၂၁** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီအိမ်ရာစီမံကိန်းဝင်းအတွင်းရှိ တိုက်အမည် (SAPPHIRE) (၈) ခန်းတွဲ (5+1) B၊ အခန်းအမှတ် (30-C)၊ တတိယထပ်၊ အကျယ်အဝန်း (၇၅၀) စတုရန်းပေရှိ တိုက်ခန်းဥပစာကို မြေရှင်ဖြစ်သူ ဦးအောင်ကျော်ဇော (U/ RGN – 000147) ထံမှ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အရစ်ကျစနစ်ဖြင့် ဒေါ်ဝါဝါဝင်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် တာဝန်ယူဆောက်လုပ်ခဲ့ပြီးဖြစ်ပါသည်။ (၃၀-၁၀-၂၀၀၀) ရက်စွဲပါ တိုက်ခန်းရောင်းချခြင်းသဘောတူစာချုပ်ဖြင့် ဝါဝါဝင်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ထံမှ ဦးလှဝင်းမောင် [၉/အမရ(နိုင်)၀၀၆၁၇၈]၊ ဒေါ်ခင်ထွေးဝင်း [၉/အမရ(နိုင်)၀၀၆၁၇၉] တို့က ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရရှိခဲ့ပါသည်။ ဦးလှဝင်းမောင်၊ ဒေါ်ခင်ထွေးဝင်း တို့မှ အဆိုပါ တိုက်ခန်းဥပစာနှင့် တွဲကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၎င်းတို့သာ ပိုင်ဆိုင်၍ ၎င်းတို့သဘောဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောကြား၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဖော်ပြပါ တိုက်ခန်းဥပစာ၏ မျက်မြင်အခြေအနေကို ဟုတ်မှန်သည့်အတိုင်း သဘောရိုးဖြင့် ယုံကြည်၍ ဝယ်ယူရန် လက်ခံသဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းဥပစာနှင့် ပတ်သက်၍ ရောင်းချခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း) များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းဥပစာ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လှလှထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၂၇)**
**အမှတ်– ၈၃/၈၅၊ ဒုတိယထပ်၊ အခန်း – ၁၄၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၀၄၇၅၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၉–လမ်း၊ အမှတ် (၁၄၆)၊ ၃–လွှာ ( တိုက်ကိုမျက်နှာမူလျှင်–ဘယ်ဘက်)၊ အကျယ်အဝန်း (၁၂½ပေx၅၀ ပေ) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူအမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုမွန်ထွန်း [၁၂/တမန(နိုင်)၁၁၃၃၂၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

## ဖခင်အမည်မှန်

သန်လျင်၊ အ.ထ.က(၂) Grade II မှ မောင်ကောင်းဇံဇာ၏ ဖခင်အမည်မှန်မှာ ဦးသန်းထွဋ်အောင် [၁၂/မဘန(နိုင်)၀၅၅၉၄၅] ဖြစ်ပါကြောင်း။

**ဦးသန်းထွဋ်အောင်**

ရွှေပြည်သာမြို့နယ်
မြေကွက်များ
ဝယ်လိုသည်
09-5139064

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ က–ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းအိမ်ရာ၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၃၀၂)ကို အမည်ပေါက် ဒေါ်ခင်သန်း DNU-၀၈၁၂၁၄ အမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်း ပျောက်ဆုံးနေကြောင်းနှင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် သမီးဖြစ်သူ ဒေါ်လှမြင့် [၁၂/သဃက(နိုင်)၀၀၂၄၇၅]က လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမာကြည်လမ်း၊ တိုက်အမှတ် –(၅)၊ မြေကွက်အမှတ် – (၆၄၆)ရှိ နှစ်ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ (၄)လွှာ၊ ခေါင်းရင်းခန်း၊ အခန်းအကျယ် – (၁၈'၉"x၅၄') အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ပတ်သက်သမျှ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေရှင် ဒေါ်အေးမြတ်မွန်ထံမှ ဒေါ်တင်ဇာလင်း [၁၂/သဃက (နိုင်) ၁၆၉၃၈၁]မှ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်ကာ မိမိရောင်းချပိုင်ခွင့်ရှိပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်းဝင်းထွန်းက အပိုင်ဝယ်ယူရန် (၁၅–၃–၂၀၂၄) ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ၎င်းတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထွေးစုလှိုင် LL.B, D.B.L, D.I.L**
**အထက်တန်းရှေ့နေ (စဉ်–၃၄၅၁၇)**
**တိုက်(၃၆)၊ ဒုတိယထပ်(ဝဲ)၊ ကျားကွက်သစ်လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။**
**Ph:09–422662324, 09–691996320**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂/၇)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်–၁၇၁၊ အကျယ်အဝန်း (၁၅ x၆၀) ပေ (ခြေရင်းခြင်း) ရှိမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မိသားစု စီမံမှုသဘောတူကတိစာချုပ်အရ လက်ရှိထားဆက်ခံခွင့်ရှိသူ ဦးမောင်သောင်း [၁၂/ရကန(နိုင်)၀၃၈၀၈၁] ကိုင်ဆောင်သူနှင့် ဒေါ်ခင်ဌေးမြင့် [၁၂/လသယ(နိုင်)၀၀၃၂၁၈] ကိုင်ဆောင်သူတို့သည် မိမိတို့ ဆက်ခံရောင်းချခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးထွန်း [၁၄/ပတန (နိုင်) ၁၄၉၈၃၇] ကိုင်ဆောင်သူအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီခဲ့ပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးဇင်မောင်မောင် | ဒေါ်ငြိမ်းဆုလှိုင် | ဦးကျော်မင်းထိုက် |
|---|---|---|
| (စဉ်–၁၃၀၁၁) | (စဉ်–၁၂၉၉၈) | (စဉ်–၅၄၂၆၀) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

**အမှတ်–၂၈၊ မင်းရဲကျော်စွာ (၁၈) လမ်း၊ လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း) မြို့နယ်။**

## "မောင်အာကာကျော် (၁၂/ဗတန (နိုင်) ၀၉၇၀၅၃) (ဘ) ဦးမြင့်အောင် အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေမခံ ထိုက်သော သွာနုတ္တ (သမာနုတ္တာ) သားဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန့်ခြယ်လမ်း၊ အမှတ် (၃၄) နေ ဒေါ်ခင်ဝင်း (၁၄/မအပ (နိုင်) ၀၀၉၄၁၄) ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်တွင်ဖော်ပြပါအတိုင်း သက်ဆိုင်သူအများသိစေရန်ကြေညာမှုပြုအပ်သည်မှာ–

၁။ ဦးမြင့်အောင် (ကွယ်လွန်) နှင့် ဒေါ်ခင်ဝင်း တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသည့်အကြင်လင်မယားများဖြစ်ကြောင်း၊ အိမ်ထောင်သက်တမ်းတစ်လျှောက် သား မောင်အာကာကျော် နှင့်သမီး မဥမ္မာကျော် တို့ (၂) ဦးထွန်းကားခဲ့ကြောင်း၊ သားဖြစ်သူ မောင်အာကာကျော်သည် ၎င်း၏ဖခင် ဦးမြင့်အောင် အသက်ထင်ရှားရှိစဉ်ကာလကပင် မိဘများ၏ ပြောဆိုသွန်သင်ဆုံးမမှုကိုစွာအဝဝကို နာခံခြင်းအလျဉ်းမရှိဘဲ မိမိသဘောဆန္ဒအရ အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် (၃၁–၃–၂၀၁၆) ရက်နေ့ထုတ် မြန်မာ့အလင်းနေ့စဉ်ထုတ်သတင်းစာမှနေ၍ မောင်အာကာကျော် နှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း သက်ဆိုင်သူအများသိစေရန် ကြေညာခဲ့ကြောင်း ညွှန်ကြားပြောဆိုချက်အရနှင့် စာရွက်စာတမ်းအထောက်အထားတို့အရ သိရှိခဲ့ရပါသည်။

၂။ ကျွန်ုပ်တို့အား တရားဝင်ညွှန်ကြားချက်ပေးသူ ဒေါ်ခင်ဝင်း ၏ခင်ပွန်း ဦးမြင့်အောင် ကွယ်လွန်အနိစ္စရောက်ပြီးနောက်ပိုင်းကာလများ၌လည်း မောင်အာကာကျော် သည်မိခင်အရင်းဖြစ်သူ ဒေါ်ခင်ဝင်း အား မိခင်အရင်းပမာ ဆက်ဆံပြောဆိုမှုများမရှိဘဲ ရိုင်းစိုင်းစွာ ပြုမူပြောဆိုဆက်ဆံမှုများ အကြိမ်ကြိမ်ပြုမူဆောင်ရွက်လာသည့်အတွက် မောင်အာကာကျော် အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေမခံထိုက်သော "သွာနုတ္တ (သမာနုတ္တ) သားအဖြစ် သက်ဆိုင်သူအများသိစေရန် ကြေညာမှုပြုအပ်ပါသည်။

ညွှန်ကြားချက်အရ –

| ဦးချစ်ကိုကို | ဦးရာဇာဝင်း | ဦးတင်ထွန်းနိုင် |
|---|---|---|
| (စဉ်–၂၈၀၃/၁၉၈၄) | (စဉ်–၁၄၃၁၇/၂၀၁၈) | (စဉ်–၅၆၁၂၈/၂၀၂၃) |
| တရားလွှတ်တော်ရှေ့နေနှင့်နိုတာရီပဗ္ဗလစ် | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၁ ၂၅၂၅၂၄၊ ၀၉–၅၁၀၁၂၀၂၊ ၀၉–၅၆၀၂၁၀၁၀၊ ၀၉–၄၂၀၀၂၆၃၄၊ ၀၉–၇၉၆၀၁၁၁၂

## ဒေါ်မြမြရွှေ (ပခုက္ကူ)
## အသက် (၈၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၊ ခရေပင်ရိပ်မွန် အပိုင်း(၂)အိမ်ရာ၊ သဇင်နွယ်လမ်း၊ အမှတ်(၇၀) နေ ဦးကျော်ဝင်း၏ ဇနီး၊ ဒေါက်တာ ခင်အောင်ထွန်း–ဒေါက်တာ တင်အေးဝင်း၊ ဦးအောင်မိုးကျော်–ဒေါ်ကေခိုင်မျိုးမြင့်၊ ဒေါ်ခင်သန္တာဝင်း တို့၏ မိခင်၊ မောင်ခိုင်ခန့်ထွန်း၊ မောင်ချမ်းငြိမ်းကျော်၊ မောင်ဖွဲ့နောင်၊ မောင်ဘုန်းခန့် တို့၏ အဘွား ဒေါ်မြမြရွှေသည် ၁၆–၃–၂၀၂၄ ရက် နံနက် ၈: ၁၃ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈–၃–၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)၊ မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ –၂၀)
## ပြည်ခရိုင်တရားရုံးတော်
## ၂၀၂၄ –ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၇

| | | |
|---|---|---|
| ၁။ ဦးမိုးဦး | နှင့် | ၁။ ဦးမြသိန်း |
| ၂။ ဒေါ်စုလှိုင် | | ၂။ ဦးချစ်လွင် |
| | | ၃။ ဒေါ်ဒါနလကျ္ခမီး |
| | | ၄။ မဇာဇာလှိုင် |
| | | ၅။ မငုဝါလှိုင် |
| | | ၆။ မောင်ကျော်လင်းထွန်း |
| | | ၇။ မဝေဝေလှိုင် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ စည်တော်မင်္ဂလာ၊ ဒါရှူးစက်ဝန်းနေ (၁)တရားပြိုင် ဦးမြသိန်း နှင့် (၂)တရားပြိုင် ဦးချစ်လွင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများဖြစ်သော ဦးမိုးဦး နှင့် ဒေါ်စုလှိုင်တို့က **"(၂–၉–၂၀၂၃) ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း မြေနှင့်အဆောက်အဦ အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းတို့၏ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ(၂)ရက် (၁၃၈၅ ခု၊ တပေါင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀)နာရီ၌ အထက်အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ(၁၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အေးအေးမြင့်)**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၃၈

| | | |
|---|---|---|
| ဒေါ်ငြိမ်းငယ်ငယ် | နှင့် | ၁။ ဦးစန်းသူ |
| | | ၂။ ဦးမင်းပိုင်စိုး |
| | | ၃။ ဒေါ်ခက်ခက်နွယ် |
| | | ၄။ လူထိပ်မိုး |
| | | ၅။ ကောင်းမြတ်နိုး |
| | | ၆။ စေတိုးအောင် |
| **တရားလို** | | **တရားပြိုင်များ** |

**ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ မြိုင်သာယာရပ်ကွက်၊ အမှတ်–၁၀၀ ရပ်နေ (၄)လူထိပ်မိုး၊ (၅)ကောင်းမြတ်နိုး၊ (၆)စေတိုးအောင်** (ယခုနေရပ်**လိပ်စာမသိ)သူတို့** သိစေရမည်။ **(၄)လူထိပ်မိုး၊ (၅) ကောင်းမြတ်နိုး၊ (၆) စေတိုးအောင်တို့** အပေါ်၌ တရားလို(ဒေါ်ငြိမ်းငယ်ငယ်)က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပဲခူးခရိုင်တရားရုံး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ်ဒါယကာကြီး
## ဦးအုန်းလှိုင်
## အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၈၅၄)နေ (ဦးအောင်ဂုတ်–ဒေါ်ကွန်မေ)တို့၏ သား၊ (ဦးချစ်–ဒေါ်စောညွန့်)တို့၏ သားသမက်၊ ဒေါ်ရွှေအင်း၏ ခင်ပွန်း၊ ဦးစန်းဦး– ဒေါ်တင်မိုးသူ၊ ဦးအေးလွင်၊ ဒေါ်နွယ်နွယ်၊ ဦးကျော်ရဲနိုင်–ဒေါ်သီဂီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက် တို့၏ အဘိုးသည် ၁၆–၃–၂၀၂၄ (စနေနေ့) နံနက် ၄:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀–၃–၂၀၂၄( ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၃၀၇(၂)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၁၉

**ကွယ်လွန်သူ အဒေါ် ဒေါ်မြမေ နှင့် ဦးလေး ဦးလှရွှေ တို့၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အမှတ်(၁)၊ မာလာမြိုင်လမ်းသွယ် နှင့် အမှတ်(၃) ဓမ္မာရုံလမ်း ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်– ၃၃ (ကံဘဲ့)၊ ဧရိယာ (၀.၀၈၈) ဧက၊ လူနေရပ်ကွက်အမှတ်–၁၅၊ မြေကွက်အမှတ်–၇၃/ဃ နေ ဦးညွန့်နိုင်က ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့ပြီး ဒေါ်မြမေသည် (၁၄–၁၁–၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ ဦးလှရွှေသည် (၄–၄–၂၀၀၃) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ပြီး လျှောက်ထားသူသည် ၎င်းတို့၏ တူဖြစ်ကြောင်း၊ အမွေထိန်းလက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ ( ၂၀–၂–၂၀၂၄) ရက်နေ့တွင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်စာထုတ်ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးညွန့်နိုင်သည် (၁၅–၃–၂၀၂၄) ရက်နေ့တွင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်၌ ၎င်းလက်ရှိ ထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်ပါ ပစ္စည်းများအား အမွေဆက်ခံခွင့် အက်ဥပဒေ ပုဒ်မ – ၃၀၇(၂) အရ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာပါသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟု ထင်မြင်လျှင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း (၂၅–၃–၂၀၂၄) ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် ဤရုံးတော်သို့လာရောက်ရန် ဆင့်ဆိုလိုက်သည်။ အဆိုပါနေ့ရက်တွင် လျှောက်ထားသူ၏ လျှောက်လွှာကို ကြားနာဆိုင်ပြိုင်၍ ၎င်း၏အမွေထိန်းလက်မှတ်စာပါ ပစ္စည်းများအား အမွေဆက်ခံခွင့် အက်ဥပဒေ ပုဒ်မ ၃၀၇(၂) အရ ဆက်လက်ဆောင်ရွက်ခွင့်ရှိ၊ မရှိ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၇) လမ်းတောင်၊ အမှတ်–၅၉၂/ခ၊ အကျယ်အဝန်း(၁၈'x၄၈')ရှိ တိုက်ခန်းမြေညီထပ်(ခြေရင်းခြမ်း)နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၄–၃–၂၀၂၄) ရက်နေ့က ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေ[၁၂/အစန (နိုင်)၁၀၅၉၇၉]အား ၎င်း၏မိခင် ဒေါ်ခင်မြင့်[၁၂/အစန(နိုင်)၁၀၅၇၃၂]မှ "မိသားစုစီမံမှုအရ အမွေကြိုတင်ပေးအပ်ခြင်း သဘောတူစာချုပ်"ချုပ်ဆိုကာ အပိုင်လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်သွားပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာထွန်း (LL.B, D.B.L, D.I.R)**
**အထက်တန်းရှေ့နေ (စဉ်–၃၇၈၈၄)**
**Ph:09–953499790**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက်အမှတ် (၇)၊ အခန်းအမှတ်(၃၀၁) နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဒါလီသန်းဝင်း [၁၂/သဃက(နိုင်)၁၆၄၇၅၆] နှင့် ဒေါ်ဇာလီသန်းဝင်း [၁၂/ ဗဟန(နိုင်)၁၂၄၅၄၈] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေများနှင့် ညီမတော်စပ်သူဖြစ်သော မယမင်းအဥ္စလီ [၁၂/သဃက(နိုင်)၁၈၆၅၃၆] သည် အိမ်ထောင်ကျပြီးနောက်ပိုင်း ၎င်း၏စီးပွားရေးလုပ်ငန်းကို ၎င်းမိသားစုနှင့် သီးခြားရပ်တည်လုပ်ကိုင်နေသူ ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဒါလီသန်းဝင်း၊ ဒေါ်ဇာလီသန်းဝင်း တို့သည်လည်း စီးပွားရေးလုပ်ငန်းများကို ၎င်းတို့မိသားစုများနှင့် ကိုယ်စီကိုယ်စီ သီးခြားရပ်တည်လုပ်ကိုင်နေကြသူများ ဖြစ်ကြပါသည်။ မယမင်းအဥ္စလီ၏ စီးပွားရေးလုပ်ငန်းကိစ္စများတွင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဒါလီသန်းဝင်း၊ ဒေါ်ဇာလီသန်းဝင်းနှင့် မိခင်ဖြစ်သူ ဒေါ်နှင်းဆီနှင့်တကွ ကျန်မိသားစုဝင်များသည်လည်း ပါဝင်ပတ်သက်သိရှိခြင်းများမရှိပါ။ ထို့ကြောင့် မယမင်းအဥ္စလီနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဒါလီသန်းဝင်းနှင့်ဒေါ်ဇာလီသန်းဝင်းနှင့်တကွ ကျန်မိသားစုဝင်များသည် မယမင်းအဥ္စလီ၏ စီးပွားရေး၊ ငွေရေးကြေးရေးကိစ္စများတွင် ပါဝင်ပတ်သက်ခြင်း မရှိပါသောကြောင့် နှောင့်ယှက်ခြင်းများ၊ မိသားစုဓာတ်ပုံများအား ယူသုံး၍ Social Media များတွင် ဂုဏ်သိက္ခာကျဆင်းစေရန် မမှန်မကန် သတင်းလွှင့်ခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်သည်များကိုတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

**ဒေါ်ဒါလီသန်းဝင်း [၁၂/သဃက(နိုင်)၁၆၄၇၅၆] နှင့် ဒေါ်ဇာလီသန်းဝင်း [၁၂/ ဗဟန(နိုင်)၁၂၄၅၄၈] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဟေမာနှင်းဦး၊ တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၃၄၀)**
**အမှတ် (၁၆၄) ၊ တပင်ရွှေထီးလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၀၂၇၃၄၀၅၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင် ထုတ်လုပ်နိုင်ပါက တိုင်းပြည်ဝင်ငွေ ပိုမိုရရှိမည်ဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေ လိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့ပေါ်ရှိ လူနေရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ပစ်ခတ်လျက်ရှိပြီး စစ်ရာဇဝတ်မှု(War Crime)ကျူးလွန်နေ

နေပြည်တော် မတ် ၁၆

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်ရှိ လူနေရပ်ကွက်များအတွင်းသို့ ယနေ့နံနက် ၁ နာရီခန့်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက ပုဏ္ဏားကျွန်းဘက်မှ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်များသည် စက်ရုံစု(၂) ကုန်းဘောင်ရပ်ကွက်အတွင်းရှိ လူနေအိမ်တစ်ခုအနီး ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး တာဝန်ရှိသူများက စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး(ခုတင်-၅၀၀)သို့ အရေးပေါ်ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

AA အကြမ်းဖက်သောင်းကျန်းသူများသည် စစ်တွေမြို့ပေါ်ရှိဒေသခံ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○

## ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ကိုဗင်ထရီအသင်း အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

ဝုလ်ဗာဟမ်တန်အသင်းနဲ့ ကိုဗင်ထရီစီးတီးအသင်းတို့ မတ် ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကိုဗင်ထရီစီးတီးအသင်းက အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းနဲ့ ကိုဗင်ထရီစီးတီးအသင်းတို့ပွဲစဉ်မှာ ကိုဗင်ထရီစီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၅၃ မိနစ်နဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ခုနစ်မိနစ်တို့မှာ အဲလ်လစ်ဆင်းမ်က နှစ်ဂိုး၊ သာမန်ပွဲကစားချိန်မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ၁၀ မိနစ်မှာ ဟာဂျီရိုက်က တစ်ဂိုး

စာမျက်နှာ ၁၆ ကော်လံ ၃ သို့ ❖






မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် အင်ဒိုနီးရှားကလပ်အသင်းတို့ ခြေစမ်းစဉ်။

## အာရှဖလားဖူဆယ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း မတ် ၁၈ ရက်တွင် စတင်လေ့ကျင့်မည်

ရန်ကုန် မတ် ၁၆

မြန်မာ့လက်ရွေးစင်အသင်းသည် ဧပြီလတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် မတ် ၁၈ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် လိဂ်ပြိုင်ပွဲအပြီး ရက်ပိုင်းအကြာမှာပင် စတင်လေ့ကျင့်ခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၀ ဖြင့် ပြင်ဆင်သွားမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ဒုတိယအကြိမ် လေ့ကျင့်ပြင်ဆင်ခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ☆


ယနေ့ ဖတ်စရာ

**နိုင်ငံတော်၏ မီးရှူးတန်ဆောင် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး**
ဆောင်းပါး စာမျက်နှာ » ၁၁

**အိန္ဒိယနိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲ ဧပြီ ၁၉ ရက်တွင် စတင်မည်**
စာမျက်နှာ » ၁၃

**တပ်မတော်က အစ္စလာမ်ဘာသာဝင်များကို ရှေ့တန်းပို့နေပြီး တပ်သားစုဆောင်းမှုလည်း ဆက်လုပ်နေကြောင်းနှင့် စစ်မှုထမ်းမည့်လူငယ်များအတွက် တစ်အိမ်ထောင်လျှင် တစ်လငွေကျပ် ၅၀၀၀ နှုန်း စတင်ကောက်ခံဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ**
စာမျက်နှာ » ၁၄

**တပ်မတော်မရှိလျှင် မငြိမ်းချမ်း ပြည်သူ့အားနှင့်အတူ ပြည်သူမရှိလျှင် တပ်မတော်လည်း ဖြစ်မလာပါ**
ဆောင်းပါး စာမျက်နှာ » ၁၈